ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏ အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏ အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်၊ တနင်္လာနေ့။ Monday, 22 March 2021 ၁၀၃၂၄

# မတရားအသင်းအဖြစ် ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပြည်ထဲရေးဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ်၊ ၂/၂၀၂၁**
**၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်**
**(၂၀၂၁ ခုနှစ်၊ မတ်လ ၂၁ ရက်)**

**မတရားအသင်းအဖြစ် ကြေညာခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် တရားမဝင်ဖွဲ့စည်းထားသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw-CRPH)နှင့် အဖွဲ့ဝင်များ၊ ယင်းကော်မတီက ဖွဲ့စည်းထားသော အဖွဲ့အစည်းများ၊ ယင်းကော်မတီအဖွဲ့အစည်းများနှင့် ဆက်နွှယ်သည့်ပုဂ္ဂိုလ်များ၏ ရည်ရွယ်ချက်နှင့်လုပ်ရပ်များမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးကိုလည်းကောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုလည်းကောင်း၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုလည်းကောင်း အနှောင့်အယှက်အန္တရာယ်ဖြစ်စေသည်ဟု ယုံကြည်ယူဆသည်။

၂။ သို့ဖြစ်ပါ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မတရားအသင်းများအက်ဥပဒေပုဒ်မ ၁၆ အရ အထက်ဖော်ပြပါကော်မတီ၊ ယင်းကော်မတီက ဖွဲ့စည်းသော အဖွဲ့အစည်းများကို မတရားအသင်းများ အက်ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (၂) ပါ အဓိပ္ပာယ်ဖော်ပြချက်များနှင့်အညီ မတရားအသင်းအဖြစ် ကြေညာလိုက်သည်။

**အမိန့်အရ**

**ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်**
**ပြည်ထောင်စုဝန်ကြီး**
**ပြည်ထဲရေးဝန်ကြီးဌာန**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၂၈)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် မတ် ၂၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၂၈) ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲမင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် စေတီတော်ကြီးလိုဏ်တော် အတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ စန္ဒေဘာသထံမှ ဒေါ်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များထံ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ဝင်များက ပဋ္ဌာန်းကျမ်းစာအုပ်နှင့် ပဋ္ဌာန်းပရိတ်အိုးများကို ဆက်ကပ်ပြီး ဆရာတော်၊ သံဃာတော်များ ဦးဆောင်၍ ဒေါ်ပရိသတ်များက ပဋ္ဌာန်းပစ္စယုဒ္ဒေသ ပါဠိတော်ကို သုံးကြိမ်ရွတ်ဖတ်ပူဇော်သည်။

ထို့နောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၂၈)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို မတ် ၂၁ ရက်မှ ၂၅ ရက်အထိ ပူဇော် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပညာရေးဝန်ကြီးဌာန ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ပါရဂူဘွဲ့ကြိုသင်တန်း (Prelim) များ စတင်ဖွင့်လှစ်မည်

**နေပြည်တော် မတ် ၂၁**

ပညာရေးဝန်ကြီးဌာနရှိ ပါရဂူဘွဲ့ကြိုသင်တန်း (Prelim) ဖွင့်လှစ်သည့် ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ မုံရွာစီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး)၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ မန္တလေးကွန်ပျူတာတက္ကသိုလ်၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်များတွင် ၅-၅-၂၀၂၁ ရက်နေ့မှစတင်၍ ပါရဂူဘွဲ့ကြိုသင်တန်း (Prelim) ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ပါရဂူဘွဲ့ သင်တန်းဝင်ခွင့်လျှောက်လွှာများကို ၆-၄-၂၀၂၁ ရက်နေ့ နောက်ဆုံးထားပြီး သက်ဆိုင်ရာတက္ကသိုလ်များတွင် လျှောက်ထားရမည်ဖြစ်ကာ ပါရဂူဘွဲ့ဝင်ခွင့်ရေးဖြေစာမေးပွဲများကို ၂၁-၄-၂၀၂၁ ရက်နေ့တွင် သက်ဆိုင်ရာဘာသာရပ်နှင့် ၂၂-၄-၂၀၂၁ ရက်နေ့တွင် အင်္ဂလိပ်စာ ဘာသာရပ်ကို ဖြေဆိုရမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို ၂၈-၄-၂၀၂၁ ရက်နေ့တွင် သက်ဆိုင်ရာတက္ကသိုလ်များတွင် ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပညာရေးဝန်ကြီးဌာန ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ပါရဂူဘွဲ့(ကျမ်းပြု) သင်တန်းများ စတင်ဖွင့်လှစ်မည်

**နေပြည်တော် မတ် ၂၁**

ပညာရေးဝန်ကြီးဌာနရှိ ပါရဂူဘွဲ့သင်တန်းဖွင့်လှစ်သည့် တက္ကသိုလ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် ဘာသာရပ်အလိုက် ပါရဂူ(ဘွဲ့ကြို)နှင့် ပါရဂူဘွဲ့(ကျမ်းပြု)သင်တန်းအသီးသီးကို အောင်မြင်စွာ ပြီးစီးခဲ့ကြသူများအတွက် ပါရဂူဘွဲ့(ကျမ်းပြု) ပထမနှစ်မှ စတုတ္ထနှစ်အထိ သင်တန်းများကို ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် (၁-၄-၂၀၂၁)ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံ

## ဒီမိုကရေစီနှင့်ဖက်ဒရယ်အခြေခံသည့်နိုင်ငံတည်ဆောက်

နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရမည်ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ကျောင်းများပိတ်ထားရခြင်းသည် ကျောင်းသား ကျောင်းသူများနှင့် မိဘတစ်ဦးချင်းစီ၏ နစ်နာဆုံးရှုံးမှုအပြင် တိုင်းပြည်အတွက်လည်း နစ်နာဆုံးရှုံးမှုပင်ဖြစ်သောကြောင့် ကျောင်းများစနစ်တကျ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မတ် ၂၀ ရက်တွင် မြိတ်၊ ကျွန်းစုနှင့် ကိုကိုးကျွန်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုများအား တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

လူစုလူဝေးမဖြစ်စေရန်၊ မသမာသူများက လှုံ့ဆော်မှုမရှိစေရန်၊ ကျောင်းများကို ယခင်အတိုင်းပင်ထားရန် အကြံပြုမှုများရှိသော်လည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ခံယူချက်မှာ ကျောင်းတစ်နှစ်ပိတ်ထားလျှင် ကျောင်းသား၊ မိဘ၊ ပြည်သူများသာ တစ်နှစ် နစ်နာမည်ဖြစ်၍ ကျောင်းများဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်သည်။ နိုင်ငံအတွင်းရှိ သန်းနှင့်ချီသော ကျောင်းသား ကျောင်းသူ၊ မိဘ၊ ဆရာများအနေဖြင့် ယမန်နှစ်က ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ကျောင်းများဖွင့်လှစ်နိုင်ခြင်းမရှိဘဲ ပိတ်ထားရသဖြင့် တစ်နှစ်တာ နစ်နာဆုံးရှုံးမှုများ ဖြစ်ခဲ့ရပြီးဖြစ်သည်။ ယခုတစ်ဖန် ကျောင်းများဆက်လက်ပိတ်ထားလျှင် ထပ်မံနစ်နာဆုံးရှုံးမှုဖြစ်မည်ကို မဖြစ်စေလိုသဖြင့် အခက်အခဲများ၊ စိန်ခေါ်မှုများကြားမှ ဖွင့်လှစ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ခြင်းသည် နိုင်ငံတော်နှင့် အများပြည်သူ အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်ပေးခြင်း ဖြစ်ပါသည်။

ထို့အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်အောင် ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း၊ ဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံများဖြင့် နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို ခိုင်ခိုင်မာမာတည်ဆောက်ရန်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အသိပေးပြောကြားခဲ့သည်။ လက်ရှိအချိန်ကာလတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ရှေးရှု၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၉) ရပ်နှင့် ဆက်လက်ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကို ချမှတ်ဆောင်ရွက်နေသည်။

လက်ရှိတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားနေပြီး တစ်ချိန်တည်းတွင် နိုင်ငံ၏အနာဂတ်နှင့် လူငယ်လူရွယ်များ၏ အနာဂတ်အတွက် အရေးကြီးသည့်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်နေသည်။

အထူးသဖြင့် ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် စာသင်နှစ်တစ်နှစ် နစ်နာဆုံးရှုံးခဲ့ရပြီးဖြစ်သည့်အပြင် လူငယ်လူရွယ်များ အချည်းနှီးအကျိုးမဲ့ အချိန်ကုန်လေလွင့်ခဲ့ရသည်။ အသက်တစ်နှစ်ကြီးပြီး အတန်းတစ်တန်း နစ်နာဆုံးရှုံးခဲ့ရသည်မှာ ကျောင်းသားလူငယ်များအတွက် ကြီးစွာဆုံးရှုံးမှုဖြစ်သည်။ ထပ်မံ၍ နောက်တစ်နှစ် နစ်နာဆုံးရှုံးခြင်းမရှိစေရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ နိုင်ငံတော်နှင့် လူငယ်များအနာဂတ်အတွက် ထားရှိသောစေတနာကို နားလည်ပေးကြရမည် ဖြစ်သည်။ တစ်ဖက်တွင် ရပ်ရွာတည်ငြိမ်ရေးကို အလေးထားတည်ဆောက်နိုင်မှ ကျောင်းများ အေးချမ်းစွာ ပြန်လည် ဖွင့်လှစ်နိုင်မည်ကို နားလည်လက်ခံထားကြရမည် ဖြစ်သည်။

ထို့အပြင် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည် ဖြစ်သည်။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းတို့သည် တပ်မတော်၏ နိုင်ငံတော်အပေါ်ထားရှိသည့် သဘောထားအမှန်ဖြစ်သည်။ သို့ဖြစ်ရာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရန် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

## (၇၆)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

(၁) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှု မရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးရေး။

(၂) သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(၃) ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ဒို့တာဝန်အရေး(၃) ပါးကို မသွေဖည်ဘဲ NCA အပေါ် အခြေခံ၍ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီ တပ်မတော်တည်ဆောက်ရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


ကြေးမုံ

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် |
| စာတည်းမှူး | - | ဦးဝင်းနိုင် |
| သတင်းထောက်မှူး | - | ဦးမြင့်စိုး |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး |
| ဘာသာပြန် စာတည်းများ | - | ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် |
| အကြီးတန်း သတင်းထောက်များ | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း |
| အငယ်တန်း သတင်းထောက်များ | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| ဓာတ်ပုံသတင်းထောက် | - | ဦးခင်မောင်ဝင်း |
| သုတေသန | - | ဒေါ်ဇင်မာဝင့် |
| စာပြင် | - | ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| အီးမေးလ်နှင့် အွန်လိုင်း | - | ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်နှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်



**တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။**

*[ဗိုလ်ချုပ်အောင်ဆန်း၏ ၁၁-၂-၁၉၄၇ ရက်နေ့က ပင်လုံမြို့၌ စော်ဘွားများ တည်ခင်းကျွေးမွေးသော ထမင်းစားပွဲတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်]*

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရေဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တွေ့ဆုံ
# ချောင်းသာကမ်းခြေ၌ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွင့်လှစ်ခြင်းအခမ်းအနား တက်ရောက်




နေပြည်တော် မတ် ၂၁

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယမန်နေ့နံနက်ပိုင်းတွင် ရေဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ရောက်ရှိကာ တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်နှင့် တွေ့ဆုံသည်။

### ဆွေးနွေး

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအနေဖြင့် ပြည်သူများ စိတ်လက်ပေါ့ပါးချမ်းမြေ့စွာ ခရီးသွားလာအပန်းဖြေနိုင်ရေးအတွက် အထူးအလေးထားသဖြင့် ပြည်တွင်းခရီးသွားလုပ်ငန်းကို အမြန်ဆုံးဖွင့်လှစ်နိုင်ရေး ညွှန်ကြားထားရှိပြီး ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရေဝတီတိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီတို့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် လာရောက်တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ခြင်းဖြင့် နိုင်ငံတော်၊ လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးရှိမည်ဖြစ်ပါကြောင်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ ခရီးသွားဧည့်သည်များနှင့် အဓိကထိတွေ့သည့် ဟိုတယ်ဝန်ထမ်းများကို ကိုဗစ်-၁၉ ကာကွယ်ဆေး ဦးစားပေးထိုးနှံပေးနိုင်ရေးနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ချောင်းသာကမ်းခြေသို့ရောက်ရှိပြီး Azura Beach Resort အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် ဟိုတယ်များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ချောင်းသာကမ်းခြေတွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် လာရောက်ခြင်းဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏ပုံရိပ်ဖြစ်ပြီး ဟိုတယ်နှင့် ခရီးသွားကဏ္ဍသည် နိုင်ငံတော်၏ သံတမန်အငယ်စားဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းသည် နိုင်ငံခြားဝင်ငွေရရှိသည့် လုပ်ငန်းဖြစ်သည်နှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာအထောက်အကူဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ခရီးသွားလုပ်ငန်းများ ရပ်ဆိုင်းသွားသဖြင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသည့် လုပ်ငန်းနယ်ပယ်များသည်လည်း များစွာထိခိုက်နစ်နာခဲ့ရပါကြောင်း။

### ပူးပေါင်းဆောင်ရွက်ပေးစေလို

ဝန်ကြီးဌာနအနေဖြင့် ဟိုတယ်များအား ပိတ်သိမ်းရန် ညွှန်ကြားထားခြင်းမရှိဘဲ ကိုဗစ်-၁၉ သတ်မှတ်ချက်များနှင့်အညီဖွင့်လှစ်ရန် ညွှန်ကြားထားရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် နိုင်ငံတကာ ခရီးသွားအဖွဲ့အစည်းများ၏ လမ်းညွှန်ချက်များကို ပေါင်းစပ်ပြီး Enchanting Myanmar Health and Safety Protocols(HSP)ကို ရေးဆွဲထုတ်ပြန်၍ ယင်းအစီအစဉ်အရ ဟိုတယ်များရှိ ဝန်ထမ်းများကို သင်တန်းများပေးခြင်းနှင့် စစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးပြီး အသိမှတ်ပြုလက်မှတ်များ ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဟိုတယ်များ ပြန်လည်ဖွင့်လှစ်ရာတွင် ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်ပြီး လာရောက်တည်းခိုသည့် ခရီးသွားဧည့်သည်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာများကို အထူးအလေးထားလိုက်နာနိုင်ရေး အသိပေးဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ ချောင်းသာကမ်းခြေတွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာ၊ လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများအားလုံး ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ဆွေးနွေးရာတွင် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းခရီးသွားလုပ်ငန်းကို ဦးစားပေးဆောင်ရွက်ရာတွင် အများဆုံးလာရောက်လည်ပတ်နိုင်ရန် ဒေသဖြစ်သည့် ချောင်းသာကမ်းခြေခရီးစဉ်ကို ဦးစားပေးဆောင်ရွက်သွားမည့်အခြေအနေ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ လိုက်နာဆောင်ရွက်ရမည့်အချက် Version 2.0 နှင့်အညီ စစ်ဆေးပြီးဖြစ်သည့် ဟိုတယ်များဖွင့်လှစ်နိုင်ရေး အကြောင်းကြားထားရှိမှု၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပြီး ကမ်းခြေသာယာလှပရေးအတွက် ဆက်လက်ဆောင်ရွက်သွားရန်နှင့် လက်ရှိကာလအခြေအနေအရ ခရီးသွားဧည့်သည်နှင့် ဝန်ထမ်းများ၏ လုံခြုံရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးအေးမြင့်၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဟိုတယ်များဖွင့်လှစ်နိုင်ရေးအတွက် အဖွဲ့ဆုံဖြင့် စစ်ဆေးဆောင်ရွက်ခဲ့မှု၊ နိုင်ငံတော်မှ ချေးငွေဆိုင်းငံ့ထားရှိမှုနှင့် ထပ်မံရရှိနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားသည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ချောင်းသာကမ်းခြေ Azura Beach Resort ၌ ကျင်းပသည့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွင့်လှစ်ခြင်းအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ Azura Beach Resort ကို ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ငွေဆောင်ကမ်းခြေသို့ ရောက်ရှိပြီး Aureum Palace Hotel တွင် ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များနှင့် ဟိုတယ်ဇုန်မှ တာဝန်ရှိသူများအား ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည်များ တွေ့ဆုံမှာကြားခဲ့ပြီး Aureum Palace Hotel ကို ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပင်စင်စား မိဘပြည်သူများသို့ ပန်ကြားချက်

မြန်မာ့စီးပွားရေးဘဏ်တွင် Wave Pay ၊ MPT Pay တို့ဖြင့် ပင်စင်လစာထုတ်ယူနေသော မိဘပင်စင်စားများအနေဖြင့် လတ်တလောအခြေအနေအရ ၂၀၂၁ ခုနှစ် မတ်လအတွက် အငြိမ်းစားလစာငွေများကို Mobile Agents များတွင် ထုတ်ယူခြင်းအစား သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် E-Pension ကတ်အသုံးပြု၍ ထုတ်ယူနိုင်ပါရန်နှင့် COVID-19 ကူးစက်ရောဂါ ကာကွယ်နိုင်ရေးအတွက် ၂၂-၃-၂၀၂၁ ရက်နေ့ တစ်ရက်တည်း ထုတ်ယူခြင်းအစား ယင်းနေ့နောက်ပိုင်း ဘဏ်ဖွင့်ရက်များတွင် ဘဏ်လုပ်ငန်းချိန်အတွင်း လွယ်ကူစွာ ထုတ်ယူနိုင်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အလယ်အလတ်အဆင့် မွေးမြူရေးပညာရှင်များ မွေးထုတ်ပေးရန် လိုအပ်သောအကြိုလုပ်ငန်းများ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် မတ် ၂၁**

တစ်ပိုင်တစ်နိုင်မွေးမြူသူများနှင့် ပုဂ္ဂလိက မွေးမြူရေးလုပ်ငန်းရှင်များ၏ မွေးမြူထုတ်လုပ်မှုများအတွက် လိုအပ်လျက်ရှိသော မွေးမြူရေးပညာရှင်များ ဖြည့်ဆည်းပေးရန် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန် မွေးမြူရေး ဒီပလိုမာ သင်တန်းများကို ပျဉ်းမနား၊ သထုံ၊ ပုသိမ်ကြီး စိုက်ပျိုးရေးသိပ္ပံကျောင်းများတွင် စတင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော အကြိုလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးခြင်းကို ယမန်နေ့ နံနက်ပိုင်းတွင် ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ စိုက်ပျိုးရေးသိပ္ပံ ကျောင်းအုပ်ကြီးများ တက်ရောက်ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနား စိုက်ပျိုးရေးသိပ္ပံကျောင်း၏ စာသင်ခန်းများနှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ လက်တွေ့သင်ကြားရေးဌာနများကို ကွင်းဆင်းစစ်ဆေးကြသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲကို သိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူများ တက်ရောက်နိုင်မည့် အဆိုပါ မွေးမြူရေး ဒီပလိုမာသင်တန်း အောင်မြင်ပြီးမြောက်ပါက မွေးမြူရေး ဒီပလိုမာ (Diploma in Animal Husbandry , Dip. AH) ဘွဲ့ အပ်နှင်းပေးသွားမည်ဖြစ်ကာ အလုပ်အကိုင် အခွင့်အလမ်းအတွက်ကိုလည်း ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားရှိပေးမည်ဖြစ်ကြောင်း၊ သတ်မှတ်အရည်အချင်းပြည့်မီပါက မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်သို့ ပေါင်းကူးတက်ရောက်နိုင်မည်ဖြစ်ကြောင်း၊ အဆိုပါသင်တန်းမှ အလယ်အလတ်အဆင့် မွေးမြူရေးပညာရှင်များ လေ့ကျင့်သင်ကြားမွေးထုတ်ပေးနိုင်ခြင်းဖြင့် မွေးမြူရေးကဏ္ဍအတွက် လိုအပ်လျက်ရှိနေသည့် လူသားအရင်းအမြစ်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်းသိရသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မွေးမြူရေးခြံများ၊ မွေးမြူရေးဆိုင်ရာ ကုန်ချောထုတ်စက်ရုံများ၊ နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်ရေးစက်ရုံများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တန်ဖိုးမြင့် မွေးမြူရေးထွက်ကုန်ပစ္စည်းများထုတ်လုပ်မှု ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များ ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| | အမည်၊ လက်ရှိရာထူး၊ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာသိင်္ဂီရွှေ<br>ပါမောက္ခချုပ်<br>ထားဝယ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဟသ်ာတတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာနီနီဦး<br>ပါမောက္ခချုပ်<br>မြိတ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မအူပင်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

# မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် မတ် ၂၁**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ရန်ကုန်မြို့တော်ဝန် လမ်းပိတ်အတားအဆီးများရှင်းလင်းနေမှု ကြပ်မတ်ဆောင်ရွက်

**ရန်ကုန် မတ် ၂၁**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်)ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အင်းစိန်လမ်း၊ မရမ်းကုန်းမြို့နယ် အောင်သိဒ္ဓိလမ်း၊ သာကေတမြို့နယ် မြင်တော်သာလမ်းတို့တွင် တည်ငြိမ်အေးချမ်းမှုကို နှောင့်ယှက်လိုသူများက ပိတ်ဆို့ထားသော အတားအဆီးများ ဖယ်ရှားရှင်းလင်းနေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုသို့ ဖယ်ရှားရှင်းလင်းရာတွင် ပိတ်ဆို့ထားသောသဲအိတ်များ၊ အုတ်ခဲကျိုးများ၊ မြောင်းဖုံးကျောက်ပြားများ၊ ခေတ်တိုင်ဟောင်းများ၊ ကားတာယာများ၊ ခုတ်လှဲထားသည့် သစ်ပင်သစ်ကိုင်းများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာဝန်ထမ်းများနှင့် ပြည်သူများက အတူတကွ ပူးပေါင်းကာ စက်ယန္တရားများ၊ မြေသယ်ယာဉ်များအသုံးပြု၍ ဖယ်ရှားရှင်းလင်းခြင်း၊ လမ်းများကို ဆေးကြောခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ယနေ့တွင် တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက်တွင် မြေသယ်ယာဉ် သုံးစီး၊ သာကေတမြို့နယ် သုမနလမ်း၊ မြင်တော်သာလမ်းတို့တွင် Loader ယာဉ်တစ်စီး၊ မြေသယ်ယာဉ် ငါးစီး၊ စမ်းချောင်းမြို့နယ် ဗားဂရာလမ်းသွယ်များတွင် မြေသယ်ယာဉ်တစ်စီးဖြင့် လည်းကောင်း အတားအဆီးများကို ဖယ်ရှားရှင်းလင်းပြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဗညားဒလလမ်း၊ စက်ရုံလမ်း၊ ဦးအောင်မြတ်လမ်း၊ ကျောက်တံတားမြို့နယ် အနော်ရထာလမ်း၊ ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းတို့တွင် အတားအဆီးများမှ ကျန်ခဲ့သည့် သဲ၊ ခဲ၊ အမှိုက်များသိမ်းဆည်းရှင်းလင်းခြင်း၊ လမ်းရေဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် တိုင်းပြည်အရေးတွင် အေးအေးချမ်းချမ်းဖြင့် အေးအတူ ပူအမျှ ဆောင်ရွက်လိုသည့် စိတ်ဓာတ်ထားရှိပြီး အမြင်ရှင်းရှင်းဖြင့် ကြည့်ရန်လို

ယခုကာလတွင် လုံခြုံရေးနှင့်ပတ်သက်ပြီး ဒေသအလိုက် သတိထားဆောင်ရွက်သွားရန်လိုကြောင်း၊ ပွဲလန့်တုန်း ဖျာခင်းလိုသည့် သဘောများလည်း တွေ့ရကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် လက်နက်ကိုင်အဖွဲ့အစည်းများအားလုံးနှင့် NCA လက်မှတ်ရေးထိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ၎င်းမှတစ်ဆင့် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် တိုင်းပြည်အရေးတွင် အေးအေးချမ်းချမ်းဖြင့် အေးအတူ ပူအမျှ ဆောင်ရွက်လိုသည့် စိတ်ဓာတ်ထားရှိပြီး အမြင်ရှင်းရှင်းဖြင့် ကြည့်ရန်လိုကြောင်း၊ နိုင်ငံတော်အကျိုးကို ရည်ရွယ်၍ လက်တွဲလုပ်ဆောင်ကြရန် ကောင်စီဝင်များအနေဖြင့်လည်း တိုက်တွန်းပေးကြရန် လိုအပ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၁၅-၃-၂၀၂၂ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၆/၂၀၂၂) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

## လုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ဆန်၊ ဆီ၊ ဆား၊ ပဲ စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် မတ် ၂၁**

နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်ပေးလှူခဲ့ရသည့် အရာရှိ စစ်သည်များ၏ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စားရေးအခက်အခဲမရှိစေရန် ဆန်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို လည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ဆေးဝါးများ၊ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကိုလည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များ၊ စစ်မှုထမ်းဟောင်းရုံး၊ အိမ်ရာများ၊ တပ်နယ်ခန်းမများ၊ ရဲတပ်ဖွဲ့မှူးရုံးများနှင့် သက်ဆိုင်ရာ ရဲစခန်းများ၌ ပေးအပ်လျက်ရှိသည်။



ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့်အဖွဲ့ဝင်များက လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့၊ ကျောက်တံခါးမြို့၊ ဒိုက်ဦးမြို့၊ ကျောက်ကြီးမြို့၊ ရွှေကျင်မြို့၊ မင်းလှမြို့၊ လက်ပံတန်းမြို့၊ သာယာဝတီမြို့၊ ကြို့ပင်ကောက်မြို့၊ နတ်တလင်းမြို့၊ ဇီးကုန်းမြို့၊ အင်းမမြို့နှင့် ဝက်ထီးကန်မြို့တို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လည်းကောင်း သွားရောက်တွေ့ဆုံ၍ ဆန်၊ ဆီ၊ ဆား၊ ပဲ အမည် လေးမျိုးနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် အလှူရှင်များက စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဆေးကုသရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇာတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဥ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ်ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများ လာရောက်ကုသပေးနိုင်ပါရန် အကူအညီတောင်းခံမှုကြောင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်နယ်များအလိုက် တပ်မတော်ဆေးရုံမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးကုသရေးအဖွဲ့ကို စေလွှတ်၍ ရောဂါဝေဒနာ ခံစားနေရသည့် ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါဆေးရုံများ၌ တပ်မတော်ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန် လိုအပ်သော လူနာများကို ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။



ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများကို ဆေးကုသပေးထားမှုအခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်ပေးမှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင်ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မုန်ကန်သည့်ဘက်က ရပ်တည်သူ

## ချစ်နိုင်(စိတ်ပညာ)

**“ဆရာ့ထက် တပည့်လက်စောင်းထက်ရမည်”**
**ဆရာကြီးဦးဖေမောင်တင်(၁၈၈၈–၁၉၇၃)**

ပညာအမြော်အမြင်ကြီးသလောက် ကိုယ်ကျင့်သီလကို အပြစ်နည်းပါးအောင် စောင့်ရှောက်လေ့ရှိသူမှာ **ဆရာကြီး ဦးဖေမောင်တင် (၁၈၈၈–၁၉၇၃)** ဖြစ်ပါသည်။ မှန်ကန်သည့်ဘက်ကသာ ရပ်တည်သူမှာ သတ္တိရှိရုံသာမက ဗျတ္တိပါ ပြည့်စုံသည့် ဆရာကြီး ဦးဖေမောင်တင်ဖြစ်ပါ၏။

ဗြိတိသျှတို့စိုးမိုးအုပ်ချုပ်နေသော ကိုလိုနီခေတ်တွင် အင်္ဂလိပ်တွေချည်းသာ ကြီးစိုးနေသည့် တက္ကသိုလ်ကောလိပ်ပညာ အသိုက်အဝန်းမှာ ကောလိပ်ကျောင်းအုပ်ကြီး (ထိုခေတ်က ပါမောက္ခချုပ်ဟူသော အမည်သညာရာထူး အခေါ်အဝေါ် မရှိသေးသဖြင့် “ပါမောက္ခချုပ်” ဟု မခေါ်ခဲ့ခြင်းသာ) တက္ကသိုလ်ထိပ်သီးရာထူးကို မြန်မာလူမျိုးထဲမှ ပထမဆုံးယူခွင့်ရယူနိုင်ခဲ့သော **“ပထမမြန်မာစာရင်းဝင်”** ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မွန်ဖြစ်၏။ အရိပ်အမြွက်မျှ စာရင်းထိုး၍ ဖော်ပြခွင့်ပြုပါ–

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ နိုင်ငံသားအားလုံးအတွက် အကောင်းဆုံး အကျိုးပြုခဲ့သည့် **“ပညာရှိ” သုခမိန်ကြီး** ဖြစ်ပါသည်။

၂။ တက္ကသိုလ်ကောလိပ်ပညာရေးနယ်ပယ်တွင် အောက်စ်ဖို့ဒ် (အင်္ဂလန်) တက္ကသိုလ်မှ ဘီလစ်ဘွဲ့ရခဲ့ပြီး ပထမဆုံးသော ပါမောက္ခမြန်မာ၊ ပထမဦးဆုံးသော **ပါမောက္ခချုပ် (ကျောင်းအုပ်ကြီး)** မြန်မာ ရာထူးတာဝန် ခန့်အပ်ခြင်းခံခဲ့ရသည့် ပုဂ္ဂိုလ်ဖြစ်ပေသည်။

(က) ၁၉၀၉ ခုနှစ်တွင် ကာလကတ္တား တက္ကသိုလ်မှ **ဘီအေဘွဲ့**ရခဲ့။ (ထိုစဉ်က ဘီအေဘွဲ့ရသူ ကိုးဦးသာရှိ)

(ခ) ၁၉၁၁ ခုနှစ်တွင် ကာလကတ္တား တက္ကသိုလ်မှ ပါဠိဘာသာဖြင့် **အမ်အေဘွဲ့**ရရှိခဲ့။ ဖြေဆိုချိန်တစ်ရက် လေးနာရီ၊ ရှစ်ရက်ဆက်တိုက်ဖြေရပါ၏။

(ဂ) ပညာထူးချွန်သော ဆရာကြီး ဦးဖေမောင်တင်ကို ၁၉၂၀ ပြည့်နှစ်တွင် အင်္ဂလန်နိုင်ငံ အောက်စ်ဖို့ဒ်တက္ကသိုလ်သို့ ပညာသင်ရွေးချယ်စေလွှတ်ခံရသဖြင့် ဆက်တက်ခဲ့ရာ ၁၉၂၂ ခုနှစ်တွင် အောက်စ်ဖို့ဒ်တက္ကသိုလ် အက်ဇီတာကောလိပ်မှ ဘီလစ်ဘွဲ့ ရရှိခဲ့သည်။ ၁၉၂၄ ခုနှစ်တွင် အရှေ့တိုင်းပညာ ပါမောက္ခအဖြစ် ခန့်အပ်ခြင်းခံရသည်။ မြန်မာထဲက ဘီလစ်ဘွဲ့ရသူ သုံးဦးသာရှိ၏။ ဦးဝန်နှင့် သမိုင်းပညာရှင် ဒေါ်မြစိန်၊ ပထမဆုံးက ဦးဖေမောင်တင်။

၃။ ရန်ကုန်တက္ကသိုလ်ကျောင်းအုပ်ကြီးဘဝတွင် မြန်မာစာဌာန (ယခင်ကမရှိသေး) ကို သီးခြားဌာနတစ်ခုအဖြစ် ထူထောင်ဖွင့်လှစ်နိုင်ရန် အစစပျိုးထောင်ပြုစုပေးပြီး ၁၉၄၁ ခုနှစ်တွင် **“မြန်မာစာဌာန”** ပေါ်ပေါက်လာစေခဲ့သူ။ မလိုလားသူအတိုက်အခံများရန်ကို ဖြတ်ကျော်ခဲ့။

၄။ တက္ကသိုလ်ဟူသည် သုတေသနနှင့်ကင်း၍ မရသဖြင့် သုတေသနလုပ်ငန်းထွန်းကားပြန့်ပွားစေရန် **“မြန်မာနိုင်ငံသုတေသနအသင်း”** ကို တည်ထောင်ခဲ့သူများတွင် တစ်ဦးအပါ အဝင်ဖြစ်သည့်အပြင် ၁၉၃၈ ခုနှစ်မှ ၁၉၄၁ ခုနှစ်ထိ မြန်မာနိုင်ငံ သုတေသနအသင်း၏ ဥက္ကဋ္ဌတာဝန် ထမ်းဆောင်ခဲ့သူ။

၅။ သုတေသနအသင်းကြီးမှ တက္ကသိုလ်ပညာသင်ကြားရေးအတွက် အထောက်အကူများစွာပြုသည့် သုတေသနစာအုပ်၊ စာစောင်များစွာ ပုံနှိပ်ထုတ်ဝေရေးအတွက် ကြီးမားစွာဦးဆောင်စီမံကြိုးပမ်းခဲ့သူ။

၆။ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲကို အားပေးကာကွယ်ခဲ့သူ(အကျယ်သိရန် ဆရာမ မလေးလုံ ပြုစုခဲ့သော ဖေမောင်တင်၊ အသက်ရှည်အတ္ထုပ္ပတ္တိဝတ္ထုရှည်ကို ဆက်လက်ဖတ်ရှုစေလိုပါသည်)

၇။ ထိုခေတ်က မြန်မာ့ပညာရေးလောကတွင် နေရာမရ (အထင်အမြင်သေးခံရ) သိမ်ငယ်နေခဲ့ရသော မိခင် မြန်မာစာပေ၊ မြန်မာ့စာပေ သမိုင်းကို လူရာဝင်၍ လူလားမြောက်အောင် ရှေ့တန်းတင်စွမ်းဆောင် ပျိုးထောင်ပေးနိုင်ခဲ့သူ။

**ဆရာကြီးသည် မြန်မာစာပေ ကြီးပွားတိုးတက်ရေးကို ရှေ့တန်းကနေ၍ မဆုတ်မနစ် ကြိုးပမ်းသူတစ်ဦးဖြစ်ပါသည်။ လူအများပင် သစ်ပင်တစ်ပင်၏ ကြီးထွားရပ်တည်မှုကို သတိပြုမိကြသော်လည်း ထိုသစ်ပင်ကြီးထွားရပ်တည်နိုင်အောင် ပြုစုပျိုးထောင်ရသည်တို့ကိုမူ သတိမပြုမိ ဖြစ်တတ်ကြပါသည်။ တစ်နည်းအားဖြင့် အကျိုးတရားကို သတိပြုမိတတ်ကြသော်လည်း အကြောင်းတရားကိုမူ သတိမပြုမိဖြစ်တတ်ကြပါသည်။ အလားတူပင် ယနေ့မြန်မာစာပေ တည်တံ့ခိုင်မြဲနေသည်ကို သတိပြုမိတတ်ကြသော်လည်း ယနေ့အခြေသို့ရောက်အောင် ဆရာကြီးဦးဖေမောင်တင်တို့ ကြိုးပမ်းခဲ့သည်ကိုမူ သတိမပြုမိ ဖြစ်တတ်ကြပါသည်။ မြန်မာစာပေကြီးပွားတိုးတက်မှုအတွက် ဆရာကြီးဆောင်ရွက်ခဲ့သည့် ကျေးဇူးမှာ အလွန်ကြီးမားလှ။**

၈။ မြန်မာစာ၊ မြန်မာစကား၊ မြန်မာ့ဓလေ့ထုံးတမ်းနှင့် မြန်မာ့သမိုင်းအတွက် (သူငယ်တန်းမှ ပဉ္စမတန်းအထိ ခြသေ့်တံဆိပ်ဖတ်စာ ပြဋ္ဌာန်းချက်များ၊ ပြုစုရေးသားခြင်းမှသည် မောင်စိန်တင်အား ဂုဏ်ထူးတန်းတက်စေရန် ရွေးချယ်ပြီး သိပ္ပံမောင်ဝဖြစ်စေခဲ့သည့် ပျိုးထောင်ခဲ့ခြင်းများစသည်) ကြီးမားစွာ ပြုစုခဲ့သူ။

၉။ ခေတ်ဟောင်းစာပေနှင့် ခေတ်ပြောင်းလာသည်နှင့်အညီ **ခေတ်စမ်းစာပေ**ကို တည်ထောင်ဦးဆောင် ပျိုးထောင်ခဲ့သူ (သူ၏တပည့်သိပ္ပံမောင်ဝ၊ ဇော်ဂျီ မင်းသုဝဏ်၊ တက္ကသိုလ်မောင်သန့်စင်၊ ကုသ စသည်များမှ ထပ်ဆင့်ပေါက်ပွားကာ ပြန့်ပွားစည်ပင်စေနိုင်သည့် လက်ဦးဆရာ)

၁၀။ ဘာသာစာပေသုတေသနလုပ်ငန်းကို စတင်၍ မျိုးစေ့ချပျိုးထောင်ပေးခဲ့သူ။ (ပညာရေးလောကအတွက် ကြီးမားသောကျေးဇူးတရားလည်းဖြစ်၏။)

၁၁။ မြန်မာဒေသိယစကားများနှင့် တိုင်းရင်းသားဘာသာစကား လေ့လာမှုနယ်ပယ်ကို ရှေ့ဆောင်လမ်းပြပေးခဲ့သူ (တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် အခြေခံအုတ်မြစ်များကို ခင်းပေးသွားခဲ့ခြင်း)။

၁၂။ နှောင်းလူတို့အားကိုးရသော ကျမ်းအမျိုးမျိုး၊ စာအုပ်အမျိုးမျိုး၊ သင်ရိုးစာအုပ်အမျိုးမျိုးတို့ကို (လူတစ်ယောက်တည်း ခံနိုင်ခဲ့ပြီး အလွန်တရာ ကြီးမားခမ်းနားအကျိုးသက်ရောက်မှုစွမ်းအားပြင်းထန်ထိရောက်လှသော အံ့ဩဖွယ်စွမ်းဆောင်ချက်များကို ပျော်ပျော်ရွှင်ရွှင် စိတ်ချမ်းသာကြည်လင်စွာဖြင့်ပင်) အကောင်အထည်ဖော် ပြုစုရေးသားခဲ့သူ ပါမောက္ခချုပ်ပညာရှိကြီး။

၁၃။ **ဘာသာပြန်စာပေထွန်းကားရေးနှင့်** မရှိသေးသော မြန်မာ့စွယ်စုံကျမ်း ရည်ညွှန်းစာအုပ်ကောင်းကြီးများ ပေါ်ပေါက်ရေးအတွက် ဦးဆောင်သည့်ကဏ္ဍမှ ပါဝင်လုပ်ဆောင်ခဲ့သူ။ မှန်နန်းရာဇဝင်ကို အင်္ဂလိပ်လို ပြန်ခဲ့သူ။

၁၄။ ဆရာကြီးကိုယ်တိုင်လည်း ဝိသုဒ္ဓိမဂ်ကျမ်းကို အင်္ဂလိပ်လို The Path of Purity အမည်ဖြင့် ပါဠိမှ အင်္ဂလိပ်ဘာသာသို့ (စာမျက်နှာပေါင်း ၉၀၀ ကျော်) လည်းကောင်း၊ အဘိဓမ္မာမှာသင်တဲ့ အဋ္ဌသာလိနီကျမ်းကို စာမျက်နှာ ၅၆၆ မျက်နှာရှိ The Expositor ဆိုပြီး ပါဠိမှ အင်္ဂလိပ်ဘာသာသို့လည်းကောင်း အသက် ၂၀ ကျော်မှာ ကမ္ဘာက အံ့ဩလောက်အောင် ထူးခြားထူးချွန်စွာ ဘာသာပြန်ခြင်းအလုပ်ကို လက်တွေ့စွမ်းဆောင်ခဲ့သူ။ ပါဠိဘာသာ၊ အင်္ဂလိပ်ဘာသာနှင့် ဗုဒ္ဓဘာသာကို ကျွမ်းကျင်နှံ့စပ်ပိုင်နိုင်သူ။

၁၅။ မြန်မာလူမျိုးတို့၏ ဂုဏ်သိက္ခာမြင့်မားတိုးတက်လာစေရန် မြန်မာစာပေ၊ မြန်မာဘာသာစကား ဖွံ့ဖြိုးတိုးတက်မှုအတွက် အခက်အခဲပေါင်း မြောက်မြားစွာဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ဆရာကြီး၏ ကျေးဇူးတရားများကား မြန်မာလူမျိုးတစ်ယောက်အနေဖြင့် ကြည့်မည်ဆိုလျှင် အမှန်ပင် ကြီးမားလှပေသည်။

၁၆။ နိုင်ငံသိသတင်းစာဆရာ၊ ဘာသာပြန်ဆရာ၊ စာရေးဆရာ လူထုဒေါ်အမာက ဤသို့ ဖော်ပြဖူးပါသည်–

**“ဆရာကြီးသည် မြန်မာစာပေအကျိုးကို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သူ ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်ရာ၌ ရှေးဟောင်းမြန်မာစာပေကို ဖော်ထုတ်သည့်နည်းတူ တစ်ဖက်ကလည်း ခေတ်သစ်မြန်မာစာပေကို အခြေပြု၍ ယနေ့လယ်သမား၊ အလုပ်သမား အကျိုးပြုစာပေများ ရေးသားနိုင်ခြင်းဖြစ်ပါသည်။”**

၁၇။ အမျိုးသားစာဆို ကဗျာဆရာကြီး ဆရာဇော်ဂျီက ဤသို့ ရေးသား ဂုဏ်ပြုဖူးပါ၏–

**“ဆရာကြီးသည် မြန်မာစာပေ ကြီးပွား**တိုးတက်ရေးကို ရှေ့တန်းကနေ၍ မဆုတ်မနစ် ကြိုးပမ်းသူတစ်ဦးဖြစ်ပါသည်။ လူအများပင် သစ်ပင်တစ်ပင်၏ ကြီးထွားရပ်တည်မှုကို သတိပြုမိကြသော်လည်း ထိုသစ်ပင် ကြီးထွားရပ်တည်နိုင်အောင်ပြုစုပျိုးထောင်ရသည်တို့ကိုမူ သတိမပြုမိဖြစ်တတ်ကြပါသည်။ တစ်နည်းအားဖြင့် အကျိုးတရားကို သတိပြုမိတတ်ကြသော်လည်း အကြောင်းတရားကိုမူ သတိမပြုမိဖြစ်တတ်ကြပါသည်။ အလားတူပင် ယနေ့မြန်မာစာပေ တည်တံ့ခိုင်မြဲနေသည်ကို သတိပြုမိတတ်ကြသော်လည်း ယနေ့အခြေသို့ရောက်အောင် ဆရာကြီးဦးဖေမောင်တင်တို့ ကြိုးပမ်းခဲ့သည်ကိုမူ သတိမပြုမိဖြစ်တတ်ကြပါသည်။ မြန်မာစာပေ ကြီးပွားတိုးတက်မှုအတွက် ဆရာကြီးဆောင်ရွက်ခဲ့သည့် ကျေးဇူးမှာ အလွန်ကြီးမားလှပါသည်”။


ပါမောက္ခဦးဖေမောင်တင်(၁၈၈၈–၁၉၇၃)

လူတစ်ယောက်၏တန်ဖိုးအစစ်မှာ ပညာဂုဏ်နှင့် သီလဂုဏ်ဖြစ်ပါသည်။ သူတော်စင်သူတော်ကောင်းများအတွက် ဆိုပါက သမာဓိဂုဏ်ပြည့်စုံအပ်ပါသေးသည်။ လူတစ်ဦးအဖြစ်နှင့်မူ သီလလည်းရှိရပါမည်။ ဆရာကြီး ပညာကြီးမြင့်စွာ နိုင်ငံနှင့်လူမျိုး၊ ဘာသာ၊ စာပေအကျိုးတို့ကို သယ်ပိုးစွမ်းဆောင်ခဲ့ပုံကို အကျဉ်းရုံးတင်ပြခဲ့ပေပြီ။ သီလသိက္ခာ ဂုဏ်ဆိုသည်မှာ အောက်ပါအချက်များ စုံထားအပ်သည်ဆိုရမည်–

၁။ **ရိုးသားမှု၊**
၂။ **အနစ်နာခံမှု၊**
၃။ **သည်းခံခွင့်လွှတ်တတ်မှု၊**
၄။ **ကိုယ်ကျိုးမကြည့်တတ်မှု၊**
၅။ **ရဲဘော်ရဲဘက်စိတ်ရှိမှု၊**
၆။ **သူတစ်ပါးကို ကူညီရိုင်းပင်းမှု၊**
၇။ **သူတစ်ဖက်သားကို လေးစားတတ်မှု၊**
၈။ **အငြိုးအတေး၊ အပြစ်အမုန်းမထားမှု၊**
၉။ **အမှန်တရားကို မြတ်နိုးတတ်ခြင်းနှင့်**
၁၀။ **မတရားမှုကို လက်မခံခြင်း၊ မနှစ်သက်ခြင်း၊**

ခေါင်းဆောင်ဟူသမျှသည် အထက်ပါ သီလ၊ သိက္ခာဂုဏ်ရည်များ ရှိထိုက်ကြသည်သာဖြစ်ပါ၏။

ဆရာကြီးဦးဖေမောင်တင်၏ အမှန်တရားကို မြတ်နိုးတတ်ခြင်းနှင့်ပတ်သက်၍ (မြန်မာသက္ကရာဇ် ၁၂၅၀ ပြည့်နှစ်၊ ကဆုန်လပြည့် အင်္ဂါနေ့ ညနေ ၅:၃၀ နာရီတွင် အင်းစိန်မြို့ ပေါက်တောရပ်၌ မွေးဖွားသန့်စင်) ဗုဒ္ဓနေ့ ကဆုန်လပြည့်ဖွားဖြစ်သည့်အလျောက် ထူးခြားခဲ့ပေသည်။

စာမျက်နှာ ၇ သို့❖

❖ စာမျက်နှာ ၆ မှ

ငယ်စဉ်ကပင် မဟုတ်မခံစိတ်ရှိ၏။

ရှစ်တန်းကျောင်းသားဘဝတုန်းက အင်္ဂလိပ်လူမျိုးဆရာတစ်ယောက်က "ဗမာလူမျိုးတွေဟာ ကိုယ့်ထက်အသက်ကြီးတဲ့သူတွေကို ရှိခိုးပြီးတော့ နှုတ်ဆက်လေ့ရှိတယ်။ မင်းတို့လည်း တို့ကိုရှိခိုးပြီးတော့ နှုတ်ဆက်ရမယ်" လို့ပြော၏။

မောင်ဖေတင်ကိုလည်း

"မင်း ငါ့ကိုရှိခိုး" ပြောတော့ "ကျွန်တော်မရှိခိုးနိုင်ပါဘူး" ပြန်ပြော၏။

"ဘာဖြစ်လို့မရှိခိုးဘူးလဲ။ ဒါ မင်းတို့ဓလေ့မဟုတ်ဘူးလား" ဆိုတော့ "ဟုတ်ပါတယ်။ ကျွန်တော်တို့က ကိုယ့်ထက် တစ်ရက် တစ်မနက်ကြီးတဲ့လူကို ရှိခိုးတဲ့ ဂါရဝ-နိဝါတ ရှိပါတယ်။ သို့သော် ရှိခိုးဖို့ဘယ်သူမှ အမိန့်ပေးလို့မရပါဘူး။ မင်းငါ့ကို ရှိခိုးလို့ ဘယ်သူကမှမပြောခဲ့ပါဘူး။ ကိုယ့်ကြည်ညိုလေးစားမှုနဲ့ရှိခိုးတာဖြစ်တယ်။ အဲဒီလို အမိန့်ပေးပြီး ရှိခိုးခိုင်းတာ ကျွန်တော်မရှိခိုးနိုင်ပါဘူး"ဟု ပြောလေ၏။

"မင်းတကယ် မရှိခိုးဘူးလား"

"မရှိခိုးဘူး"

"အဲဒါဆို ကျောင်းထွက်တော့" ဆိုသောအခါ သူ့ပစ္စည်းများယူကာ အေးဆေးစွာပင် ထွက်သွားလေ၏။ သူထွက်သွားသည်နှင့် အဌမတန်းကျောင်းသားများလည်း တစ်ယောက်မကျန် လိုက်ထွက်သွားကြ၏။ ဟာ....။

ထို့ကြောင့်အကုန်လုံးမျက်လုံးပြူးကုန်ကြရ၏။ ပြဿနာမတက်ရန် ကျောင်းအုပ်နှင့် အခြားဆရာများက ချော့မော့ဖြေရှင်းပေးခဲ့ရသောဟူ၏။

ဆရာကြီး ရန်ကုန်ကောလိပ်ကျောင်းတိုက်၊ ကျောင်းအုပ်ဆရာကြီးဘဝ၊ ဓာတ်ခွဲခန်းဝန်ထမ်း (Lab boy) လေးတစ်ယောက်ကို ဓာတုဗေဒပါမောက္ခ အင်္ဂလိပ်ပီးကော့ (Mr.Peacock) က လက်သီးနှင့် ထိုးမှုကိစ္စဖြင့် ပီးကော့နှင့် အချင်းများကြသည်။ ဆရာကြီးက ဘုရင်ခံဆာကော့ကရိန် (Sir A.D Coch-rane)ထိ တိုင်လိုက်ရာ ထိုပါမောက္ခအား အထက်အရာရှိကို စော်ကားမှုအတွက် အလုပ်မှ ထုတ်ပယ်လိုက်သည်။ အင်္ဂလန်သို့ ပါမောက္ခ ပီးကော့ကို ပြန်ပို့ပစ်သည်။ ပြတ်သား၏။

ဦးဖေမောင်တင်က ခရစ်ယာန်ဘာသာကိုးကွယ်၏။ အသက် ၂၄ နှစ်ဖြင့် ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းပညာ ပါမောက္ခဖြစ်နေသောအချိန်အတွင်း အခြားပါမောက္ခအားလုံးက အင်္ဂလိပ်တွေချည်း ဖြစ်နေပါ၏။ မြန်မာစာသင်ကျောင်းများတွင် ဝေဿန္တရာဇာတ်တော်ကို သင်နေခြင်းသည် ဗုဒ္ဓဘာသာကို အားပေးရာရောက်နေပါသည်ဟု အခြားဘာသာဝင်များက ကန့်ကွက်ကြသည်။ စာတင်ကြသည်။ တာဝန်အရှိဆုံးဆရာကြီး ဦးဖေမောင်တင်ကို တွေ့ဆုံမေးမြန်း (စစ်ဆေး) လာလေသည်။ ကန့်ကွက်သူများ ပါးစပ်ပိတ်သွားရ၏။

ဦးဖေမောင်တင်က အများနားလည် လက်ခံအောင် ချေပရှင်းလင်းနိုင်ခဲ့ပါပေ၏။

**"ဗုဒ္ဓဘာသာတိုင်းပြည်မှာလာနေတဲ့အတွက် ဗုဒ္ဓဘာသာအကြောင်း သင်ရတာ အလွန်ပင် သဘာဝကျပါတယ်လေ။ ကျေးဇူးတင်ဖို့တောင် ကောင်းနေပါသေးတယ်ဗျာ"** (အင်္ဂလိပ်လိုပြောပါလိမ့်မည်။ ၁၉၁၅-၁၉၂၀ ပြည့်နှစ် ကာလဆီက ဖြစ်ပါသည်)

ပညာရေးပိုင်းဆိုင်ရာ ပုဂ္ဂိုလ်များအားလုံးက သဘောကျကျေနပ်သွားကြလေသတည်း။ (ထိုအချိန်က ဗုဒ္ဓဘာသာကို ယခုလက်ရှိကဲ့သို့ နိုင်ငံတော်ဘာသာပင် ဥပဒေမပြဋ္ဌာန်းရသေးပေ)

ယနေ့လူငယ်များ မဟုတ်မခံစိတ်ရှိစွာ လူကြီးလူကောင်းပီသကြပါစေ။ ။




# ပြည်သူချစ်တဲ့ တို့တပ်မတော်

❖ "စစ်မ" ရင်နှစ် ၊ အတောင်လှစ်၍
ပွင့် သစ်မျိုးညှောက် ၊ "စစ်ဥ"ပေါက်ဖွား
"စစ်သား" ဖြစ်လာ မဟုတ်ပါ...။

❖ "သိကြားမင်း" ဖန် ၊ "နတ်ရေကန်"မှ
"ဥုံဖွ"ဆိုမန်း ၊ ရေစင်ဖျန်းလို့
ပွင့်လန်းလာသည် မဟုတ်ပါ...။

❖ "ဂဠုန်နဂါး" ၊ "ဇော်ဂျီ" များရောက်
သိဒ္ဓိတောက်၍ ၊ ထွန်းပေါက်ဝင့်ကြွား
မွေးဖွားလာသည် မဟုတ်ပါ...။

❖ နိုင်ငံ့အကျိုး ၊ မျှော်ရည်ကိုးကြ
ပြည်သူကမွေး ၊ လွတ်လပ်ရေးတွက်
သွေးချွေးပေးဆပ် ၊ မြင့်မြတ်ကြည်ဖြူ
ခွင့်တူညီမျှ ၊ ဝါဒဖြူစင်
ငြိမ်းချမ်းချင်လှ ၊ များဆန္ဒတည့်
တောက်ပအရောင် လင်းလက်အောင်လျှင်
ရွက်ဆောင်နေသော တပ်မတော်။

❖ ရောဝတီ ၊ ရေပြောကြည်မြ
ပီသတို့သွေး ၊ သည်မြေမွေးကာ
ရှေးခါစဉ်ဆက် ၊ လက်ချင်းယှက်၍
အဖျက်ကာကွယ် ၊ ရန်စွယ်ကိုခွင်း
တို့ချင်းညီညီ ၊ ပေါင်းစုတည်လျက်
ပြည်ထောင်စုသား၊ နောင်ညီများဖြင့်
ဝင့်ကြွားရှင်ပျော် တပ်မတော်...။

❖ နယ်စပ်မင်းမူ ၊ အလံထူသည့်
ရန်သူအဖျက် ၊ ဘယ်သို့ခက်စေ
ထိုးနှက်ပိုင်ပိုင် ၊ ချေမှုန်းနိုင်၏
သူ့နိုင်ငံသား ၊ သံမှုန့်စားစေ
တို့တစ်တွေမား တုံးမသွားကြောင်း
ရန်ပေါင်းတိုက်ထုတ် အမြစ်ဖြုတ်သည့်
ဇာတိစဉ်လာ ၊ ကောင်းလှစွာလျှင်
ခိုင်မာမြဲမြဲ ၊ သတ္တိခွဲတို့
အမြဲရှိသော တပ်မတော်။

❖ အို...
ဤသို့ထိုသို့ ၊ ဂုဏ်တို့ပြည့်လျှမ်း
ရဲစွမ်းမြတ်မော် ၊ တပ်မတော်မို့
ငါတို့ရင်တွင်း ၊ မေတ္တာနှင်း၍
ချစ်ခြင်းဖွဲ့တည် ၊ လေးစားသည်တည့်
စစ်ချီရာလမ်း ၊ သပြေပန်းနှင့်
ရေချမ်းကမ်းလို ၊ ဂုဏ်ပြုကြိုမည်
အောင်စည်အောင်မောင်း
တေးခြွေလောင်းကာ
နှစ်ထောင်းအားရ ၊ နားဝတေးလျှံ
မိုးယံတက်လှမ်း ၊ စိတ်ဝမ်းညီတူ
ကြည်ဖြူ အခွန့်ရှည်စေသော်...။
ပြည်သူချစ်တဲ့ တို့တပ်မတော်... ။

ကျော်စွာမိုးနိုင်




(၇၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပစဉ်။

စာအုပ်စာပေ လူ့မိတ်ဆွေ

# တိုက်ယူစရာမလိုတဲ့ ဖော်ဆောင်ပြီးသား ဒီမိုကရေစီ

**ကနောင်**

နိုင်ငံသားတိုင်း မျှော်လင့်တောင့်တနေတဲ့ ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနေခဲ့တာ ဆယ်စုနှစ်တစ်ခု ကျော်လာခဲ့ပါပြီ။ မဲမသမာမှုတွေ ရှိနေပါတယ်လို့ ပြည်သူက ပြောခဲ့ဖူးပါတယ်။ နိုင်ငံရေးပါတီအချို့က ထောက်ပြခဲ့ပါတယ်။ တပ်မတော်က သတိပေးခဲ့ပါတယ်။ ပြည်သူ ရွေးချယ်တင်မြှောက်ထားတဲ့ ဒီမိုကရေစီအစိုးရက အာဏာရှင်ဆန်စွာနဲ့ လျစ်လျူရှုခဲ့ကြတာကို အားလုံးအသိပဲ ဖြစ်မှာပါ။ အကြိမ်ကြိမ် အသိပေးတာ၊ တောင်းဆိုတာ၊ ထောက်ပြဝေဖန်တာတွေကို တပ်မတော်ဘက်ကနေ ထပ်တလဲလဲပြုလုပ်ပြီး တောင်းဆိုခဲ့ပေမယ့် အချည်းနှီးဖြစ်ခဲ့ရတာကို လည်း ပြည်သူအားလုံးတွေ့မြင်ကြရမှာ ဖြစ်ပါတယ်။

**အေးချမ်းသာယာတဲ့ လူ့ဘောင်အဖွဲ့အစည်း**

လက်ရှိအချိန်ဟာ လွဲမှားနေတဲ့အရာတွေကို တည့်မတ်၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ အားလုံးက မျှော်လင့်တကြီး ကြိုးစားလျှောက်လှမ်းနေကြတဲ့ ဒီမိုကရေစီလမ်းကြောင်း မချွတ်ယွင်းစေဖို့၊ တည့်မတ်ပေးဖို့ နိုင်ငံတော်ကို အရေးပေါ်ကာလ ကြေညာပြီး တရားဥပဒေနဲ့အညီ ဆောင်ရွက်နေချိန် ဖြစ်ပါတယ်။ ဒီမိုကရေစီလမ်းကြောင်းကနေ သွေဖည်မည်မဟုတ်ပါလို့ အကြိမ်ကြိမ် ပြောကြားထားပြီးသားလည်း ဖြစ်ပါတယ်။ ဒါကို လမ်းပေါ်ထွက်ဆန္ဒထုတ်ဖော်ရုံသာမက အေးချမ်းသာယာတဲ့ လူ့ဘောင်အဖွဲ့အစည်း ပျက်စီးယိုယွင်းအောင် ရည်ရွယ်ချက်အပြည့်နဲ့ သွေးထိုးလှုံ့ဆော်မှုတွေ ပြုလုပ်နေခြင်းဟာ ဒီမိုကရေစီစနစ်ကို အမှန်တကယ် ဖော်ဆောင်လိုတဲ့စိတ် မရှိဘူးလို့ ယူဆရမှာဖြစ်ပါတယ်။

တိုင်းပြည် မငြိမ်မသက်ဖြစ်လာတဲ့အခါ ထိခိုက်ခံစားကြရမှာက ပြည်သူအားလုံး ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် နိုင်ငံအတွင်းမှာ စီးပွားရေးလုပ်ငန်းတွေ ယိမ်းယိုင်၊ ကျောင်းတွေမဖွင့်နိုင်၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေးတွေ နှောင့်နှေးနဲ့ ပြည်သူတွေ ပင်ပန်းခဲ့ကြရပါတယ်။ နိုင်ငံရေးစနစ်တစ်ခုကို လျှောက်လှမ်းတဲ့အခါ အထိအခိုက်၊ အပွတ်အတိုက်တွေဟာ ရှိစမြဲ ဖြစ်ပါတယ်။ ဒါပေမယ့် ပြည်သူထိခိုက်မှု အနည်းဆုံးဖြစ်အောင် နည်းလမ်းဖော်ဆောင်ကြရဖို့လိုအပ်တာကို တိုင်းရင်းသားပြည်သူအားလုံး နိုင်ငံချစ်စိတ်ရှိသူတိုင်း နားလည်ခံစားနိုင်မှာ ဖြစ်ပါတယ်။

အယူအဆမတူပေမယ့် တိုင်းရင်းသားပြည်သူအားလုံးရဲ့ အိပ်မက်နဲ့ ရည်မှန်းချက်က လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲကြီးတွေကို ငါးနှစ်တစ်ကြိမ် ကျင်းပကြမယ်။ ပြည်သူလူထုက စိတ်ကြိုက်ရွေးချယ်လိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးတွေကနေ ဒီမိုကရေစီအစိုးရအဖွဲ့ဖြစ်လာမယ်။ သူတို့ဟာ နိုင်ငံတော်အတွက် ကိုယ်ကျိုးမဖက် ကြိုးပမ်းဆောင်ရွက်ကြမယ်။ ပြည်သူလူထုကလည်း ပံ့ပိုးကြသလို၊ လွှတ်တော်တွေကလည်း ပြည်သူ့အကျိုးကို ဖော်ဆောင်မယ်။ တစ်နိုင်ငံလုံး သာယာလှပတဲ့အနာဂတ်နဲ့ ငြိမ်းချမ်းရေးသီချင်းတွေ သံပြိုင်ဆိုကြမယ်ဆိုတဲ့ စိတ်ကူးရှိကြပါတယ်။

ဒါပေမဲ့ ပြီးခဲ့တဲ့ NLD အစိုးရလက်ထက်မှာတော့ ပြည်သူတွေရဲ့မျှော်လင့်ချက်၊ ပြည်သူတွေရဲ့ အိပ်မက်တွေဟာ ဝေဝါးလာခဲ့ရပါတယ်။ တိုင်းရင်းသားတွေရဲ့ NCA ပန်းတိုင်ဟာလည်း ပျောက်ကွယ်လုနီးနီး ဖြစ်လာခဲ့ရသလို၊ ဘာသာ၊ သာသနာရောင်ဝါဟာလည်း မှေးမှိန်ခဲ့ရပါတယ်။ နိုင်ငံရဲ့စီးပွားရေးဟာ ဦးသိန်းစိန် အစိုးရလက်ထက်က အညွှန်းကိန်းတွေအောက် ရောက်လာနေတာကိုလည်း မြင်တွေ့ခဲ့ရသလို၊ တကယ့် Real Power ရှိတဲ့ တပ်မတော်နဲ့ ဆက်ဆံရေးကိုလည်း ကောင်းမွန်အောင်မကြိုးစားခဲ့ဘဲ တင်းမာမှုတွေကိုသာ ဖန်တီးခဲ့ပါတယ်။ ငါးနှစ်တာခရီးမှာ ဝန်ကြီးဌာနအသီးသီးရဲ့ ဆောင်ရွက်ပြုမူခြင်းများမှာလည်း ယခင်အဆက်ဆက် ကြိုးစားတည်ဆောက်ထားကြတဲ့ အသီးအပွင့်လောက်ကိုပဲ တိုးတက်မှုဖြစ်စဉ်အဖြစ် မြင်တွေ့ရပြီး အတွေးသစ်၊ အမြင်သစ်နဲ့ ဆောင်ရွက်မှုကနေ အောင်မြင်တယ်ဆိုတဲ့ဖြစ်စဉ်မျိုး ရှားပါးခဲ့တာကိုလည်း ပြည်သူတစ်ဦးအနေနဲ့ သတိပြုမိခဲ့ပါတယ်။

> **အဲဒီလိုအချိန်မှာ စိတ်ပူပန်နေတဲ့ပြည်သူတွေ လမ်းပေါ်ကို မရောက်ရောက်အောင် တွန်းပို့ကြသူတွေ ထွက်ပေါ်လာခဲ့ပါတယ်။ တရားမဝင်အစိုးရအဖွဲ့ကို အွန်လိုင်းကနေ ဖွဲ့စည်းတာ၊ နိုင်ငံ့ဝန်ထမ်းတွေကို ရုံးမတက်စေဘဲ CDM လုပ်ဖို့ ဖိအားပေးဖော်ဆောင်တာတွေနဲ့ ကိုယ့်ပြည်တွင်းရေးကို နိုင်ငံတကာ မျက်နှာစာမှာ အလွဲအမှားပုံဖော်နေတာတွေကိုလည်း ဆောင်ရွက်လာကြပါတယ်။ သွေးမဆူတဲ့ ပြည်သူတွေကို သွေးဆူလာအောင် အကြမ်းဖက်မှု၊ ဆူပူသောင်းကျန်းမှုတွေ ပြုလုပ်လာအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆန္ဒပြခြင်းက အစပြုပြီး အဖျက်အမှောင့်လုပ်ရပ်တွေအထိ ဖြစ်ပေါ်လာအောင် လုပ်ဆောင်လျက်ရှိ။**

**မူလရည်မှန်းချက်တွေ မပျောက်ပျက်အောင်**

ရုတ်တရက် အပြောင်းအလဲကို ကြုံလိုက်ရတဲ့ ပြည်သူများအဖို့ စိတ်ပူပန်မှုမြင့်တက်လာခဲ့ကြတာကလည်း နိုင်ငံအပြောင်းအလဲဖြစ်ရိုးဖြစ်စဉ် ဓမ္မတာတစ်ခုပဲ ဖြစ်ပါတယ်။ သို့သော် အပြုနဲ့ အဖျက်၊ ဓမ္မနဲ့ အဓမ္မ၊ မတရားမှုနဲ့ တရားမျှတမှုတို့ကို ကွဲပြားအောင် နိုင်ငံတော်အကြီးအကဲတွေက ဖော်ဆောင်နေတာကိုလည်း တစ်လတာအတွင်း မြင်တွေ့ခဲ့ကြရမှာ ဖြစ်ပါတယ်။ တပ်မတော်ဟာ မှန်ကန်ပြီး ပြည်သူအားလုံး မထိခိုက်စေမယ့် နည်းလမ်းတွေကိုသာ ပထမဦးစားပေးအဖြစ် ဥပဒေနဲ့အညီ ဆောင်ရွက်ခဲ့သလို တစ်ဖက်မှာ ပြည်သူတွေရဲ့ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးစတဲ့ ကဏ္ဍအသီးသီးမှာ မူလရည်မှန်းချက်တွေ မပျောက်ပျက်အောင်နဲ့ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေတာကိုလည်း မြင်တွေ့ရပါတယ်။

မဲစာရင်းရလဒ်တွေကို အချိန်နဲ့တစ်ပြေးညီ ပြန်လည်စစ်ဆေးရင်းကနေ NLD အစိုးရရဲ့ နောက်ကွယ်က အဂတိလိုက်စားမှု၊ သပ်လျှိုသင်းခွဲမှုတွေနဲ့ နိုင်ငံတော် ပျက်စီးရာပျက်စီးကြောင်း ကြံစည်နေမှုစတာတွေက တစ်စတစ်စနဲ့ ထွက်ပေါ်လာနေတာကိုလည်း မြင်တွေ့နေရပါတယ်။ အရေးပေါ်ကာလကို တာဝန်ယူထားရတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဟာ ကဏ္ဍအသီးသီးမှာ ဆောင်ရွက်မယ့် ဦးတည်ချက်၊ ရည်မှန်းချက်တွေကို အမြန်ဆုံးချမှတ်ပြီး မမိုတ်မသုန်ဆောင်ရွက်နေပြီလည်း ဖြစ်ပါတယ်။

**စိတ်ပူပန်နေတဲ့ပြည်သူတွေ**

အဲဒီလိုအချိန်မှာ စိတ်ပူပန်နေတဲ့ပြည်သူတွေ လမ်းပေါ်ကို မရောက်ရောက်အောင် တွန်းပို့ကြသူတွေ ထွက်ပေါ်လာခဲ့ပါတယ်။ တရားမဝင်အစိုးရအဖွဲ့ကို အွန်လိုင်းကနေ ဖွဲ့စည်းတာ၊ နိုင်ငံ့ဝန်ထမ်းတွေကို ရုံးမတက်စေဘဲ CDM လုပ်ဖို့ ဖိအားပေးဖော်ဆောင်တာတွေနဲ့ ကိုယ့်ပြည်တွင်းရေးကို နိုင်ငံတကာ မျက်နှာစာမှာ အလွဲအမှားပုံဖော်နေတာတွေကိုလည်း ဆောင်ရွက်လာကြပါတယ်။ သွေးမဆူတဲ့ ပြည်သူတွေကို သွေးဆူလာအောင် အကြမ်းဖက်မှု၊ ဆူပူသောင်းကျန်းမှုတွေ ပြုလုပ်လာအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆန္ဒပြခြင်းက အစပြုပြီး အဖျက်အမှောင့်လုပ်ရပ်တွေအထိ ဖြစ်ပေါ်လာအောင် လုပ်ဆောင်လျက်ရှိပါတယ်။

ရှိနှင့်ပြီးသားအရာကို ပိုပြီးကောင်းမွန်အောင်၊ လမ်းကြောင်းမလွဲအောင် ထိန်းညှိပေး၊ မြှင့်တင်ပေးနေတဲ့အစိုးရဟာ တစ်ဖက်မှာ ဆူပူသောင်းကျန်းမှု၊ မင်းမဲ့စရိုက်ဆန်ဆန် ပြုမူမှုတွေကိုလည်း အညင်သာဆုံး ကိုင်တွယ်ဖြေရှင်းခဲ့တာကို မြင်တွေ့ခဲ့ရသလို ဥပဒေနဲ့အညီ ဆောင်ရွက်နေခြင်းကြောင့် ပျက်စီးလိုသူတွေရဲ့ ထောင်ချောက်အတွင်း မရောက်ရှိခဲ့ပေမယ့် အကြမ်းဖက်မှုတွေဖြစ်အောင် လူငယ်တွေကို လှုံ့ဆော်မှုတွေ တိုးပွားလာနေပါတော့တယ်။ လုံခြုံရေးတာဝန်ယူထားရတဲ့ တပ်ဖွဲ့ဝင်တွေကို တိုက်ခိုက်လာခြင်း၊ သူတစ်ပါး၏ လွတ်လပ်မှုကို ခြိမ်းခြောက်လာခြင်းနဲ့ အဖျက်အမှောင့်လုပ်ရပ်တွေအထိ လုပ်ကိုင်လာခြင်းကြောင့်လည်း တင်းကျပ်စွာနဲ့ ကိုင်တွယ်ဖြေရှင်းနိုင်ဖွယ် ရှိပါတယ်။

တိုင်းပြည်ကို Collapsed State အစိတ်စိတ်အမြွှာမြွှာဖြစ်အောင်ဆိုတဲ့ မမှန်ကန်တဲ့ အတွေးအခေါ်အယူအဆတွေနဲ့ အနောက်မျှော်ဝါဒကို အသက်သွင်းတဲ့ ဖျက်ဆီးရေးသမားတွေကို ဖော်ထုတ်အရေးယူတာတွေကို စတင်ပြုလုပ်နေတာကိုလည်း တွေ့ရှိရပါတယ်။ မရိုးဖြောင့်တဲ့ လမ်းကြောင်းတွေကနေ ငွေကြေးထောက်ပံ့ပြီး နိုင်ငံတော်မတည်မငြိမ်ဖြစ်အောင် ဆောင်ရွက်သူတွေအားလုံးကိုလည်း ဖော်ထုတ်အရေးယူလျက်ရှိနေပြီ ဖြစ်ပါတယ်။ ရိုးသားတဲ့ပြည်သူတွေကို သတင်းအမှားတွေ၊ ကောလာဟလတွေ ရိုက်သွင်းပြီး ပကတိနိုင်ငံရေးအခြေအနေကို မှန်မှန်ကန်ကန် မသုံးသပ်နိုင်အောင် လုပ်ဆောင်တဲ့သူတွေဟာ တိုင်းပြည်ရဲ့တကယ့်ရန်သူစစ်စစ်တွေ ဖြစ်ပါတယ်။

**ပြည်သူတွေရဲ့ လုံခြုံရေး**

ရှိနှင့်ပြီးသား ဒီမိုကရေစီလမ်းကြောင်းကို မပျက်ယွင်းအောင် ထိန်းသိမ်းပြီး ပြည်သူထိခိုက်မှု အနည်းဆုံးနည်းလမ်းတွေနဲ့ ဖော်ဆောင်နေရာမှာ နိုင်ငံတော်နဲ့ ပြည်သူတွေရဲ့ လုံခြုံရေးအတွက် တာဝန်ယူထားရသူတွေကို အပြစ်တင်နေမယ့်အစား နောက်ကွယ်ကနေ မြှောက်ပင့်သွေးထိုးပြီး ဇာတ်နာအောင် ဖန်တီးနေတဲ့သူတွေကို တိုက်ထုတ်ရမှာပါ။ နွေဦးတော်လှန်ရေးသပိတ်၊ သနပ်ခါးသပိတ်၊ ထိုင်သပိတ်၊ CDM သပိတ်၊ သံပုံးသပိတ်၊ မီးထွန်းသပိတ်၊ ဒေါင်းစစ်သည်သပိတ်၊ နိုင်ငံတကာက အရေးယူပေးဖို့ သပိတ်စတဲ့ ပုံစံစုံအောင်လည်း တော်လှန်နေခဲ့ကြပြီးပါပြီ။ ဒီမိုကရေစီတိုက်ပွဲဆိုပြီး ရည်မှန်းချက်မသိ၊ ရလဒ်မအောင်မြင်ဘဲ ပြည်သူတွေသာ ထိခိုက်နစ်နာနေကြတာကိုလည်း သိစေလိုလှပါပြီ။ ပြည်သူအားလုံး ရရှိပြီးသား ကိုယ့်နိုင်ငံနဲ့အကိုက်ညီဆုံးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အမြန်ဆုံးပြန်လည်ကျင်းပနိုင်ဖို့သာ ဦးတည်လျှောက်လှမ်းကြပါလို့ တိုက်တွန်းလိုက်ရပါတယ်။ ။

> **တိုင်းပြည်ကို Collapsed State အစိတ်စိတ်အမြွှာမြွှာဖြစ်အောင်ဆိုတဲ့ မမှန်ကန်တဲ့ အတွေးအခေါ်အယူအဆတွေနဲ့ အနောက်မျှော်ဝါဒကို အသက်သွင်းတဲ့ ဖျက်ဆီးရေးသမားတွေကို ဖော်ထုတ်အရေးယူတာတွေကို စတင်ပြုလုပ်နေတာကိုလည်း တွေ့ရှိရပါတယ်။ မရိုးဖြောင့်တဲ့ လမ်းကြောင်းတွေကနေ ငွေကြေးထောက်ပံ့ပြီး နိုင်ငံတော်မတည်မငြိမ်ဖြစ်အောင် ဆောင်ရွက်သူတွေအားလုံးကိုလည်း ဖော်ထုတ်အရေးယူလျက်ရှိနေပြီ ဖြစ်ပါတယ်။ ရိုးသားတဲ့ ပြည်သူတွေကို သတင်းအမှားတွေ၊ ကောလာဟလတွေ ရိုက်သွင်းပြီး ပကတိနိုင်ငံရေးအခြေအနေကို မှန်မှန်ကန်ကန် မသုံးသပ်နိုင်အောင် လုပ်ဆောင်တဲ့သူတွေဟာ တိုင်းပြည်ရဲ့ တကယ့်ရန်သူစစ်စစ်တွေဖြစ်။**

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရားစေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

**နေပြည်တော် မတ် ၂၁**

ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်မှု အခြေအနေများကြောင့် ဗုဒ္ဓဘာသာဘုရားစေတီများ အပါအဝင် သက်ဆိုင်ရာ ဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြု၊ ကြည်ညို တရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

**ဖူးမြော်ကြည်ညို**

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာသံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများ သည် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက်ရှိကြသည်။

**လာရောက်ဝတ်ပြုလျက်ရှိ**

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေး ကျောင်းများ၊ ခရစ်ယာန်ဘာသာကျောင်းများနှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်း သက်ဆိုင်ရာ ဘာသာများအလိုက် အများပြည်သူ ဝတ်ပြုကြည်ညို နိုင်ရေးအတွက် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများ နှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာဘာသာဝင် များက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိတ်အေး ချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး လဂွန်းပြင် ရေပေးဝေရေးစီမံကိန်းလုပ်ငန်းခွင် ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၂၁**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် တာဝန်ရှိသူများနှင့်အတူ မတ် ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်းမြို့နယ်) အမှတ်(၂)လမ်းနှင့် မြို့ပတ်လမ်းထောင့် သုံးခွကျေးရွာအနီး မစိုချောင်းဘေးတွင်ဆောင်ရွက်လျက်ရှိသည့် လဂွန်းပြင် ရေပေးဝေရေး စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ရန်ကုန်မြို့တော်ဝန်နှင့်အဖွဲ့အား စီမံကိန်းရှင်းလင်းဆောင်၌ အင်ဂျင်နီယာဌာန(ရေအရင်းမြစ်နှင့်ရေပေးဝေရေး) ဌာနမှူး ဦးမြင့်ဇော်သန်းက ဌာနဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်နေမှု၊ ရန်ကုန်မြို့သို့ ရေအရင်းအမြစ်များမှ ရေဖြန့်ဖြူးနေမှု၊ တိုးတက်လာသည့် လူဦးရေနှင့်အညီ ရေပေးဝေနိုင်ရန် ရေပေးဝေရေးဇုန်များ ခွဲခြားပြီး ရေအရင်းမြစ်များ ရှာဖွေ၍ ရေသန့်စင်စက်ရုံများ တည်ဆောက်ကာ ရေပေးဝေရေးစီမံဆောင်ရွက်ထားမှုများ၊ လဂွန်းပြင်ရေပေးဝေရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှုနှင့် စမ်းသပ်ပေးဝေနေမှုများကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ရေပေးဝေရေး Pipe Network များ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရန်၊ လဂွန်းပြင်ရေသန့်စင်စက်ရုံမှ တစ်နေ့လျှင် ရေဂါလန် သန်း ၄၀ လျှာထားချက်ထက် ပိုမိုဖြန့်ဖြူးနိုင်ရေး စီမံဆောင်ရွက်ရန်၊ ရေအရင်းအမြစ်၊ ရေလှောင်ကန်အလိုက် ထုတ်လုပ်မှုစရိတ်ကို တစ်ဂါလန်နှုန်းဖြင့် တွက်ချက်၍ နှိုင်းယှဉ်ရန်၊ ရေလိုအပ်ချက်ကို ကြိုတင်တွက်ချက်၍ လိုအပ်သည်များစီမံဆောင်ရွက်ရန်၊ ဌာနမှဝန်ထမ်းများအနေဖြင့် လုပ်ငန်းအတွေ့အကြုံများစွာရလာပြီဖြစ်၍ မည်သူ့ကိုမျှ အားကိုးမနေဘဲ စီမံကိန်းများရေးဆွဲခြင်း၊ တည်ဆောက်ခြင်းများ ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် စီမံကိန်းလုပ်ငန်းခွင်ရှိ အကြိုအနည်ထိုင်ကန်၊ အနိမ့်ရေတင်စက်ရုံ၊ ရေဖြန့်ခွဲအဆောက်အအုံ၊ အနည်ထိုင်ကန်၊ ရေစုကန်၊ သဲရေစစ်ကန်၊ ရေသန့်စင်စက်ရုံများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

**ရည်မှန်းဆောင်ရွက်လျက်ရှိ**

အင်ဂျင်နီယာဌာန (ရေအရင်းအမြစ်နှင့် ရေပေးဝေရေး)သည် ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)နှင့်ပူးပေါင်း၍ Master Plan For Water Supply, Sewerage and Drainage ကို ရေးဆွဲခဲ့ကြောင်း၊ ရန်ကုန်မြို့တော် ရေပေးဝေရေးလုပ်ငန်းများကို ၂၀၄၀ ပြည့်နှစ်တွင်ရှိမည့် တိုးတက်လာသော လူဦးရေနှင့်အညီ ကောင်းမွန်ပြည့်စုံစေရန်အတွက် ဇုန်နေရာ ၁၀ နေရာခွဲခြားသတ်မှတ်ကာ ဇုန်အလိုက်၊ အကွက်အလိုက် ရေစုကန်နှင့် ရေတွန်းစက်ရုံများ တည်ဆောက်ခြင်း၊ ရေမီတာများ စနစ်တကျတပ်ဆင်၍ ရေလေလွင့်ဆုံးရှုံးမှု စောင့်ကြည့်ထိန်းချုပ်နိုင်ရေး District Metered Area (DMA)စနစ်များတပ်ဆင်ခြင်း၊ သတင်းအချက်အလက် ရယူထိန်းချုပ်ကြပ်မတ်စေသည့်နည်းစနစ် SCADA (Supervisory Control and Data Acquisition)တည်ဆောက်ခြင်း၊ ရေဖြန့်ဖြူးရေးပိုက်လိုင်း (Water Distribution Pipe Line)များ တည်ဆောက်ခြင်းစသည့် အနာဂတ်နှင့်ကိုက်ညီမည့် ခေတ်မီရေဖြန့်ဖြူးရေးကွန်ရက် (Water Distribution Network)တစ်ခုတည်ဆောက်ရန် ရေးဆွဲခဲ့ကြောင်း၊ Master Plan အရ လဂွန်းပြင် ရေပေးဝေရေးစီမံကိန်းကို ရန်ကုန်အရှေ့ပိုင်းလေးမြို့နယ်ဖြစ်သော ဇုန်(၇)တွင် ပါဝင်သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဇုန်(၈)တွင် ပါဝင်သည့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နှင့် သန်လျင်မြို့နယ်ရှိ သီလဝါအထူးစီးပွားရေးဇုန်များသို့ အဓိက ရေပေးဝေပြီး ရန်ကုန်တောင်ပိုင်း မြို့နယ်များဖြစ်သော သာကေတမြို့နယ်နှင့် ဒေါပုံမြို့နယ်များသို့ ရေအားဖြည့် ပေးဝေသွားရန် အကောင်အထည်ဖော်ခဲ့ကြောင်း၊ စီမံကိန်းတစ်ခုလုံးကို ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၂ ခုနှစ် မတ်လတွင် ပြီးစီးရန် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ် မတ်လမှစ၍ ယုဇနဥယျာဉ်မြို့တော်နှင့် သာကေတမြို့နယ်သို့ တစ်နေ့ ရေဂါလန် ၂ ဒသမ ၅ သန်း စမ်းသပ်ပေးဝေလျက်ရှိပြီး ဆက်လက်တိုးမြှင့်ပေးဝေနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်များ၌ ဈေးများဖွင့်လှစ်၊ ယာဉ်လိုင်းများ ပြန်လည်ပြေးဆွဲ



**နေပြည်တော် မတ် ၂၁**

“ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် CDM လှုပ်ရှားမှုကို အခြေခံ၍ ဆူပူအကြမ်းဖက်မှုကို လိုလားသော အဖွဲ့အစည်းများနှင့် လူအုပ်စုအချို့သည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် သွေးထိုးလှုံ့ဆော်မှုများ ဆောင်ရွက်လျက်ရှိသောကြောင့် ဒေသတွင်း ဆေးရုံများ၊ မီးရထားခရီးစဉ်များ၊ လေကြောင်းလိုင်းများ၊ မော်တော်ယာဉ်လိုင်းများ ရပ်ဆိုင်းခဲ့ရပြီး ဘဏ်များ၊ ဈေးများ ယာယီပိတ်ထားခဲ့ရသည်။

**ပြန်လည်ပြေးဆွဲ**

ယခုအခါတွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ စီမံခန့်ခွဲမှုနှင့် လုံခြုံရေးအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး တည်ငြိမ်မှုအပေါ်အခြေခံ၍ ဒေသတွင်းဆေးရုံများ ဖွင့်လှစ်ခြင်း၊ မီးရထားခရီးစဉ်များ၊ လေကြောင်းလိုင်းများ၊ မော်တော်ယာဉ်အဝေးပြေးနှင့် မြို့တွင်းလိုင်းများ ပြန်လည်ပြေးဆွဲခြင်းများ ဆောင်ရွက်လျက်ရှိသည်။

**စည်ကားလျက်ရှိ**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အဆင့်မြင့်ဈေးချိုတော်နှင့် တိုက်တန်းကြီး၊ ဒိုင်းမွန်းပလာဇာနှင့် ရတနာပုံဈေးများကို ပြန်လည်ဖွင့်လှစ်ခဲ့ရာ မန်းမြို့သူ မန်းမြို့သားများ၊ ဈေးရောင်း၊ ဈေးဝယ်များဖြင့် စည်ကားလျက်ရှိကြောင်းနှင့် ကိုဗစ်-၁၉ သတ်မှတ်ချက်များနှင့်အညီ ဈေးရောင်း၊ ဈေးဝယ်များ လုံခြုံစိတ်ချစေရေး တာဝန်ရှိသူများက စီမံဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# မြန်မာနိုင်ငံသားပါ

## ကိုသံချောင်း – မစာဥ စကားပြောခန်း (၉)

ဒေါင်

ပူအိုက်တဲ့ နွေနေ့လယ်ခင်းမို့ နေရထိုင်ရခက်လှသည်။ အိမ်တွင်းပုန်းရသည်မှာလည်း အလွန်ပင်ပန်းပေစွ။ တစ်နေ့တစ်နေ့ တိုင်းပြည်အေးချမ်းအောင် ဆုတောင်းရသည်မှာလည်း ဘုရားမြတ်စွာပင် နားညည်းတော့ပေပြီဟု အောက်မေ့ရသည်။ ပျင်းပျင်းရှိသည်နှင့် “တို့သွေးလည်းမဟုတ်၊ တို့သားလည်းမဟုတ်၊ တို့အမျိုးလည်း မဟုတ်ပြီ....”

သီချင်းပင်မဆုံးလိုက်သေး နားထောင်မည့်ပရိသတ်က အိမ်အတွင်းသို့ အပြေးလှမ်းလာသည်ကို မြင်ရသည်။

“တယ်ဟုတ်တဲ့ ကိုသံချောင်းပါလားရှင့်။ သီချင်းလေးတညည်းညည်းနဲ့ ဇိမ်ကျနေတယ်ပေါ့လေ။ ဆိုနေတဲ့သီချင်းကလည်း အဟုတ်ရှင်။ တို့သွေးလည်းမဟုတ်တဲ့လား ကျွန်မဖြင့် ရယ်ချင်တယ်ရှင့်။ တစ်ခါက ကလေးအမေက အဲဒီသီချင်းနဲ့ ကလေးသိပ်နေတာကို သူ့အမျိုးသားကတွေးမိပြီး ရန်ဖြစ်ကြသတဲ့”

အိမ်နီးချင်း ဒေါ်စာဥက စကားဆိုရင်း ကိုသံချောင်းအနီးရောက်လာ၏။ သူ့အပြောကြောင့် သီချင်းပင်ဆက်မဆိုရဲတော့။

“ကျွန်တော်ဆိုတာကတော့ သီချင်းလေးရဲ့ တကယ့်အဓိပ္ပာယ်ကို စဉ်းစားပြီး ဆိုတာပါဗျ။ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံသားအချင်းချင်း ချစ်ခင်ရင်းနှီးစေလိုတဲ့စိတ်၊ တိုင်းတစ်ပါးသားကို အထင်မကြီးတဲ့စိတ်နဲ့ ရိုးရိုးသားသားဆိုနေတာပါ အပျိုကြီးရယ်”

“ဒါပေါ့ရှင့်။ ဒီမြေမှာကြီး၊ ဒီရေကိုသောက်တဲ့ မောင်နှမသားချင်းတွေပဲလေ။ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဆိုတာ မြန်မာနိုင်ငံတော်ဆိုတဲ့ ဆိုင်းဘုတ်အောက်မှာ ပြည်သူတိုင်း ရှိပါတယ်နော်။ ပြောရရင် ကျွန်မတို့ဆီမှာ မောင်နှမတွေကလည်း အတော်များတာလေနော်။ တိုင်းရင်းသား မျိုးနွယ်စုတွေ တစ်ရာကျော်ရှိတယ်ဆိုတာ နည်းမှမနည်းတာပဲ”

“ကျွန်တော်ပြောချင်တာ အဲဒါပေါ့ဗျ။ တစ်မြေတည်းနေ တစ်ရေတည်းသောက်ဆိုတာ နည်းတဲ့ကုသိုလ်လားဗျာ။ မိသားစုတစ်စုလိုပဲ အရပ်ရှည်သူ၊ တိုသူ၊ လှသူ၊ ရုပ်ဆိုးသူ၊ ပညာတတ်သူ၊ မတတ်သူ၊ ပိန်သူ၊ ဝသူဘယ်လိုလူပဲဖြစ်ဖြစ် မိသားစုဖြစ်လာပြီဆိုရင် တစ်ယောက်လိုအပ်ချက်ကို တစ်ယောက်ကဖေးမ အားလုံးသိုက်သိုက်ဝန်းဝန်းနဲ့ အပေးအယူမျှတမှသာ နေပျော်တာပေါ့ဗျာ။ ၅၄ သန်းသော ပြည်သူအားလုံးဟာ မောင်နှမတွေပဲပေါ့ဗျာ။ ဒါနဲ့ ခင်ဗျား မဲစာရင်းတွေ ပြန်စစ်ဆေးနေတာ လေ့လာကြည့်မိသေးလား”

“လေ့လာပဲ့ရှင်။ ထူးခြားချက်ပြောရဦးမယ်။ လာမယ့် အထွေထွေရွေးကောက်ပွဲကျင်းပတဲ့အခါ နိုင်ငံသားစိစစ်ရေးကတ်မရှိရင် မဲပေးလို့မရဘူးတဲ့ ကိုသံချောင်းရဲ့”

ရှိသတဲ့။ အချို့ဆိုရင် နယ်တွေမှာ မှတ်ပုံတင်တစ်ခု၊ မြို့ပေါ်မှာ မှတ်ပုံတင်တစ်ခုနဲ့တဲ့ရှင်။ မရိုးဖြောင့်တဲ့ သဘောတွေပေါ့”

“မှန်တာပေါ့ဗျာ။ ဒါတွေကို အခုပြန်လည်စိစစ်တော့မှာပါ။ နောက်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိတဲ့သူတွေကိုလည်း အမြန်ဆုံးထုတ်ပေးဖို့ ဆောင်ရွက်ပေးမယ်တဲ့။ နိုင်ငံတော်က သတ်မှတ်ကာလ

**“မှတ်ပုံတင်လို့ခေါ်တဲ့ နိုင်ငံသားစိစစ်ရေးကတ်က ခင်ဗျားကို လူဖြစ်ကြောင်း ထောက်ခံပေးလိုက်တဲ့ကတ်ပေါ့ မစာဥရဲ့။ မြန်မာတစ်ပြည်လုံး မှတ်ပုံတင်သာရှိရင် သွားလို့ရပြီပေါ့ဗျာ။ နိုင်ငံခြားသွားချင်ရင်လည်း ဒီကတ်ကလေးကို နိုင်ငံကူးလက်မှတ်ထုတ်ပေးတဲ့ ဌာနမှာ မဖြစ်မနေပြရတယ်ဗျာ။ စာမေးပွဲဖြေတာတွေ၊ အလုပ်အကိုင်ရာထူး နေရာလျှောက်ထားတာတွေမှာလည်း ခင်ဗျားဘယ်သူဆိုတာသိရအောင် တောင်းကြတယ်။ ဒါတင်မကသေးဘူး။ ခင်ဗျား မင်္ဂလာဆောင်ရင်လည်း လက်မှတ်ထိုးတဲ့အခါ မှတ်ပုံတင်ပြရမှာဗျ။ မဟုတ်ရင် ခင်ဗျားနာမည်သုံးပြီး အခြားတစ်ယောက်က ခင်ဗျားပါလို့ လိမ်ပြောနိုင်တာပေါ့။ ဒါတင်ဘယ်ကဦးမလဲ။ ခရီးသွားရင်လည်း မှတ်ပုံတင်မပါဘဲ သွားမရဘူးဗျ။ အခု ခင်ဗျားက မှတ်ပုံတင်ရှိနေရင် ကျိန်းသေပေါက် မဲပေးလို့ရပြီလေ။ နောက်ဆုံး ကုန်ကုန်ပြောရရင် ခင်ဗျားတိမ်းပါးသွားရင်တောင် သေဆုံးကြောင်း လက်မှတ်ထုတ်ပေးဖို့ ခင်ဗျားမှတ်ပုံတင်ကို ပြဖို့လိုတယ်ဗျာ”**

“အဲဒါမှ အဆင်ပြေမှာပေါ့ဗျာ။ တိကျတဲ့စာရင်းဇယားဆိုတာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ အလိုအပ်ဆုံးနဲ့ အခြေခံအကျဆုံးအရာပဲလေ။ အဲဒီထဲမှာမှ မြန်မာနိုင်ငံရဲ့ လူဦးရေစာရင်းတွေ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတွေက အင်မတန်အရေးကြီးဆုံးအရာတွေပေါ့ဗျာ။ လူတစ်ယောက်ဟာ နိုင်ငံသားဖြစ်ကြောင်း သက်သေခံနိုင်ဖို့အရေးကြီးတာပေါ့။ ဒါမှ အခြားနိုင်ငံကနေ ခိုးဝင်ပြီး နိုင်ငံသားအဖြစ် ဟန်ဆောင်ကြတာမျိုး မရှိတော့ဘူး။ ကိုယ်တိုင်လည်း ခိုင်ခိုင်မာမာနဲ့ “ငါဟဲ့ မြန်မာ” လို့ ကြွေးကြော်နိုင်မှာပေါ့ဗျ”

“ရှင်ကသာပြောနေတယ်။ ကျွန်မမိတ်ဆွေတစ်ယောက်ပြောတာကြားဖူးတယ်။ လူတစ်ယောက်ထဲနဲ့ မှတ်ပုံတင်နှစ်ခုကိုင်ထားတယ်ဆိုတာမျိုး

ရောက်ရင် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီး ပြန်ကျင်းပပေးမှာလေဗျာ။ အဲဒီအခါကျ ကိုယ့်မှတ်ပုံတင်ကိုယ်ကိုင်ပြီး ဆန္ဒမဲပေးခွင့်ရသလို၊ မဲစာရင်းမှားယွင်းတာ၊ မှတ်ပုံတင်တွေ၊ သန်းခေါင်စာရင်းတွေ ထပ်နေတာကြောင့် မဲပေးခွင့်ရတဲ့ နေရာနှစ်နေရာ၊ သုံးနေရာ စသည်ဖြင့် မဖြစ်တော့ဘူးပေါ့”

“ဟုတ်ပဲ့ရှင့်။ ဒါနဲ့ မှတ်ပုံတင်ရှိသူက မှတ်ပုံတင်မရှိသူနဲ့ ဘယ်လိုကွာသလဲရှင့်။ ကျွန်မတို့ကြားဖူးတာက အချို့နယ်တွေမှာဆိုရင် မှတ်ပုံတင်မရှိဘဲ ဒီအတိုင်းနေကြတာပဲမဟုတ်လား”

“မှတ်ပုံတင်လို့ခေါ်တဲ့ နိုင်ငံသားစိစစ်ရေးကတ်က ခင်ဗျားကို လူဖြစ်ကြောင်းထောက်ခံပေးလိုက်တဲ့ကတ်ပေါ့ မစာဥရဲ့။ မြန်မာတစ်ပြည်လုံး မှတ်ပုံတင်သာရှိရင် သွားလို့ရပြီပေါ့ဗျာ။ နိုင်ငံခြားသွားချင်ရင်လည်း ဒီကတ်ကလေးကို နိုင်ငံကူးလက်မှတ်ထုတ်ပေးတဲ့ ဌာနမှာ မဖြစ်မနေပြရတယ်ဗျာ။ စာမေးပွဲဖြေတာတွေ၊ အလုပ်အကိုင်ရာထူး နေရာလျှောက်ထားတာတွေမှာလည်း ခင်ဗျား ဘယ်သူဆိုတာ သိရအောင်တောင်းကြတယ်။ ဒါတင်မကသေးဘူး။ ခင်ဗျား မင်္ဂလာဆောင်ရင်လည်း လက်မှတ်ထိုးတဲ့အခါ မှတ်ပုံတင်ပြရမှာဗျ။ မဟုတ်ရင် ခင်ဗျားနာမည်သုံးပြီး အခြားတစ်ယောက်က ခင်ဗျားပါလို့ လိမ်ပြောနိုင်တာပေါ့။ ဒါတင်ဘယ်ကဦးမလဲ။ ခရီးသွားရင်လည်း မှတ်ပုံတင်မပါဘဲ သွားမရဘူးဗျ။ အခုခင်ဗျားက မှတ်ပုံတင်ရှိနေရင် ကျိန်းသေပေါက်မဲပေးလို့ရပြီလေ။ နောက်ဆုံး ကုန်ကုန်ပြောရရင် ခင်ဗျားတိမ်းပါးသွားရင်တောင် သေဆုံးကြောင်း လက်မှတ်ထုတ်ပေးဖို့ ခင်ဗျား မှတ်ပုံတင်ကို ပြဖို့လိုတယ်ဗျာ”

“ဒါဆိုရင် မှတ်ပုံတင်မရှိရင်ရောရှင်”

“ကျွန်တော်ခုနကပြောတာတွေ ဆုံးရှုံးမှာပေါ့ဗျာ။ ခင်ဗျားအပြင်သွားတိုင်း မှတ်ပုံတင်မရှိတော့ ဘယ်သူမှန်းမသိဘူး။ ဘယ်သူကမှလည်း မယုံကြည်ဘူးပေါ့။ မင်္ဂလာဆောင်ရင်လည်း မှတ်ပုံတင်မပြနိုင်ရင် ဘယ်တရားသူကြီးကမှ အသိအမှတ်ပြု လက်မှတ်မထိုးရဲဘူး။ ဒါဆိုရင် ခင်ဗျားတရားဝင် မင်္ဂလာဆောင်လို့မရဘူးပေါ့။ ခရီးသွားရင်လည်း ခင်ဗျားကို ခဏတိုင်းမယုံသင်္ကာနဲ့ စစ်ဆေးတာခံရနိုင်တာပေါ့။ အလုပ်လျှောက်တာ၊ ဘဏ်မှာ ငွေထုတ်တာ.... မျိုးစုံပေါ့ဗျာ။ သဘောကတော့ ခင်ဗျားက လူ့အခွင့်အရေးဆုံးရှုံးသွားမှာပေါ့ဗျ။ ဒါကြောင့် အပျို လူပျိုတွေ ခိုးရာလိုက်ပြေးတဲ့အခါ ဘာမှမပါချင်နေ မှတ်ပုံတင်လေးသာ ထည့်ခဲ့လို့ ပြောတတ်ကြတာပေါ့ဗျ”

“နိုင်ငံအတွက်ကရော မှတ်ပုံတင်ကိုင်ထားတဲ့ လူတွေချည်းပဲဆိုရင် ဘယ်လိုအကျိုးရှိမလဲရှင့်”

“အလွန်ကောင်းပေါ့ဗျာ။ အတိုင်းထက်အလွန် တံခွန်နဲ့ကုက္ကားပေါ့။ တိကျတဲ့ လူဦးရေစာရင်းရမယ်ဗျာ။ အဲဒါဆိုရင် အလုပ်အကိုင်တွေခွဲခြားတာ၊ နေရာအလိုက်လူဦးရေပျံ့နှံ့နှုန်းတွေသိရမယ်၊ အလုပ်လက်မဲ့ဦးရေတွေပေါ်ထွက်လာမယ်၊ အခြားအခြားသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး ကိန်းဂဏန်းအချက်အလက်တွေ ပြုစုရလွယ်လာမယ်ဗျာ။ မြန်မာနိုင်ငံသားမဟုတ်ဘဲ တရားမဝင်လာရောက်နေထိုင်တဲ့သူတွေကို ဖော်ထုတ်နိုင်မယ်ဗျာ။ မှုခင်းတွေ၊ မကောင်းမှုဒုစရိုက်တွေကို ဖော်ထုတ်ရလွယ်လာမယ်ဗျာ။ လူဆိုးစာရင်းပြုစုရလွယ်တာကြောင့် လူဆိုးတွေ မြန်မြန်ဆန်ဆန် အကျင့်ပြင်လာမယ်ဗျာ။ ကိုယ့်နိုင်ငံသားတွေရဲ့ လိုအပ်ချက်တွေကို အချက်အလက်တွေရရှိပြီး မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးလာနိုင်မယ်ဗျာ။ အမျိုးသားအဆင့်မဟာဗျူဟာတွေ ရေးဆွဲတဲ့အခါမှာလည်း တိကျတဲ့လူဦးရေ၊ နိုင်ငံသားစာရင်းတွေကိုကြည့်ပြီး ပိုကောင်းတဲ့ မဟာဗျူဟာတွေ ချမှတ်နိုင်မယ်ဗျာ။ အကောင်းဆုံးကတော့ မဲပေးတဲ့အခါ ပိုပြီးတိတိကျကျ ဆောင်ရွက်လာနိုင်ပြီး မဲမသမာမှုတွေ ချုပ်ငြိမ်းသွားမယ်ဗျာ”

“ကိုသံချောင်းပြောတာတော့ အဟုတ်ပဲရှင်။ ဒါပေမယ့် မှတ်ပုံတင်လုပ်ရတာကခက်တယ်ရှင့်။ ဖြည့်ရတဲ့ဖောင်ဆိုတာကလည်း ပြောမနေနဲ့၊ အချို့က သွေးနှောတယ်လေ။ အဲဒီလို သွေးနှောတွေကိုလည်း လွယ်လွယ်ကူကူနဲ့ မှတ်ပုံတင်ရအောင် လုပ်ပေးစေချင်တာ”

“ဒါပေါ့ဗျာ။ အဲဒါတွေကို မစာဥ မပူပါနဲ့တော့ဗျ။ အခုအချိန်မှာ နိုင်ငံတော်ကနေ မြန်မာနိုင်ငံသား စစ်မှန်တဲ့သူတိုင်းကို နိုင်ငံသားစိစစ်ရေးကတ် (မှတ်ပုံတင်)တွေရအောင် လုပ်ဆောင်ပေးပါလိမ့်မယ်။ အကယ်၍ မစာဥကသာ မြန်မာနိုင်ငံသား မိဘကမွေးပြီး မြန်မာနိုင်ငံသားစစ်စစ်ဖြစ်တယ်ဆိုရင်ပေါ့လေ။ တကယ်လို့ အခြားနိုင်ငံမှာမွေးပြီး မြန်မာနိုင်ငံသားဖြစ်ချင်ရင်လည်း စနစ်တကျနဲ့ အစစ်အဆေးခံပြီး လုပ်ထုံးလုပ်နည်းတွေအတိုင်း နိုင်ငံသားလျှောက်ထားပေါ့ဗျာ။ ဒါဆိုရင် အဆင်ပြေမှာပါ”

“အမလေး ကျွန်မက မြန်မာနိုင်ငံသားစစ်စစ်ပါရှင့်။ စစ်စစ်နဲ့တောင်မြည်ပါသေးတယ်။ နိုင်ငံသားစိစစ်ရေးကတ်မရှိသူတွေကိုလည်း ရှိစေချင်တယ်တော်ရေ။ ရှင်ပြောသလို လူဖြစ်ကြောင်း သက်သေခံပေါ့ရှင်”

“ဟုတ်ပါဗျာ။ ဒါမှသာ လူရာဝင်တော့မပေါ့”

မစာဥအတွက် ထည့်ပေးထားသည့် ရေနွေးကြမ်းခွက်မှာ အေးစက်လျက်ရှိနေပြီဖြစ်၏။ ရှမ်းလက်ဖက်ခြောက် ကောင်းကောင်းခပ်ထားသည့် ရေနွေးကြမ်းခွက်တွင် လက်ဖက်ရိုးတစ်ရိုး ထောင်လျက်သားရှိနေသည်။ အိမ်သို့ ဧည့်သည်လာတတ်သည့် နိမိတ်ပေလား။ ဧည့်ကောင်းဆောင်ကောင်းဖြစ်ဖို့အပြင် မှတ်ပုံတင်လည်းပါဖို့တော့ ကိုသံချောင်း မျှော်လင့်မိပါတော့သည်။ ။

**“အလွန်ကောင်းပေါ့ဗျာ။ အတိုင်းထက်အလွန် တံခွန်နဲ့ကုက္ကားပေါ့။ တိကျတဲ့ လူဦးရေစာရင်းရမယ်ဗျာ။ အဲဒါဆိုရင် အလုပ်အကိုင်တွေခွဲခြားတာ၊ နေရာအလိုက် လူဦးရေပျံ့နှံ့နှုန်းတွေသိရမယ်၊ အလုပ်လက်မဲ့ဦးရေတွေပေါ်ထွက်လာမယ်၊ အခြားအခြားသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး ကိန်းဂဏန်းအချက်အလက်တွေ ပြုစုရလွယ်လာမယ်ဗျာ။ မြန်မာနိုင်ငံသားမဟုတ်ဘဲ တရားမဝင် လာရောက်နေထိုင်တဲ့သူတွေကို ဖော်ထုတ်နိုင်မယ်ဗျာ။ မှုခင်းတွေ၊ မကောင်းမှုဒုစရိုက်တွေကို ဖော်ထုတ်ရလွယ်လာမယ်ဗျာ။ လူဆိုးစာရင်းပြုစုရလွယ်တာကြောင့် လူဆိုးတွေ မြန်မြန်ဆန်ဆန် အကျင့်ပြင်လာမယ်ဗျာ။ ကိုယ့်နိုင်ငံသားတွေရဲ့ လိုအပ်ချက်တွေကို အချက်အလက်တွေရရှိပြီး မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးလာနိုင်မယ်ဗျာ။ အမျိုးသားအဆင့်မဟာဗျူဟာတွေ ရေးဆွဲတဲ့အခါမှာလည်း တိကျတဲ့လူဦးရေ နိုင်ငံသားစာရင်းတွေကိုကြည့်ပြီး ပိုကောင်းတဲ့ မဟာဗျူဟာတွေ ချမှတ်နိုင်မယ်ဗျာ။ အကောင်းဆုံးကတော့ မဲပေးတဲ့အခါ ပိုပြီး တိတိကျကျ ဆောင်ရွက်လာနိုင်ပြီး မဲမသမာမှုတွေ ချုပ်ငြိမ်းသွားမယ်ဗျာ”**

# ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူဦးရေ ၂ ဒသမ ၇ သန်းကျော်ရှိ

**ပါရီ မတ် ၂၁**

၂၀၁၉ ခုနှစ်တွင် တရုတ်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားမှုစတင်ခဲ့ပြီး ကမ္ဘာ့ကပ်ရောဂါအဖြစ် ပျံ့နှံ့ဖြစ်ပွားခဲ့ရာတွင် မတ် ၂၀ ရက် ဂရင်းနစ်စံတော်ချိန် ၁၁ နာရီအထိ တရားဝင် ရရှိခဲ့သော ကိန်းဂဏန်းများကိုအခြေခံ၍ ယင်းရောဂါဖြင့် သေဆုံးသူပေါင်းမှာ ၂ ဒသမ ၇ သန်းကျော် (၂၇၂၃၇၂၉ ဦး)ဖြစ်ကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

၎င်းအပြင် ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူဦးရေမှာ ၁၂၃၅၄၉၉၁၇ ဦး ထက်မနည်းဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရသူအများအပြားသည်လည်း ပြန်လည်ကျန်းမာလာခဲ့ပြီးဖြစ်ကြောင်း အေအက်ဖ်ပီ၏ ထုတ်ပြန်ချက်၌ ဖော်ပြသည်။

ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူဦးရေနှင့် သေဆုံးသူအများစုမှာ အမေရိကန်ပြည်ထောင်စုဖြစ်ပြီး ရောဂါကူးစက်သူဦးရေ ၂၉၇၂၉၉၉၉ ဦးနှင့် သေဆုံးသူဦးရေ ၅၄၁၁၄၃ ဦး ရှိသည်။

အမေရိကန်ပြည်ထောင်စု၏ နောက်တွင် ရောဂါဖြစ်ပွားသူဦးရေနှင့် ယင်းရောဂါဖြင့် သေဆုံးရသူအများဆုံးနိုင်ငံများမှာ ဘရာဇီးနိုင်ငံတွင် ရောဂါဖြစ်ပွားသူ ၁၁၈၇၁၃၉၀နှင့် သေဆုံးသူ ၂၉၀၃၁၄ ဦး၊ မက္ကဆီကိုနိုင်ငံတွင် ရောဂါကူးစက်ခံရသူ ၂၁၈၇၉၁၀ နှင့် သေဆုံးသူ ၁၉၇၂၁၉ ဦး၊ အိန္ဒိယနိုင်ငံ၌ ရောဂါကူးစက်ခံရသူဦးရေ ၁၁၅၅၅၂၈၄ ဦးနှင့် သေဆုံးသူ ၁၅၉၅၅၈ ဦး နှင့် ဗြိတိန်တွင် ရောဂါကူးစက်ဖြစ်ပွားသူ ၄၂၈၅၆၈၄ ဦးနှင့် သေဆုံးသူ ၁၂၆၀၂၆ ဦးတို့ဖြစ်သည်။

ဥရောပတိုက်တစ်တိုက်လုံး၌ ရောဂါကူးစက်ဖြစ်ပွားသူ ၄၁၀၁၆၃၃၁ ဦးရှိပြီး သေဆုံးသူ ၉၁၄၆၅၂ ဦး၊ လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသရှိ ရောဂါဖြစ်ပွားသူ ၂၃၉၃၇၇၈၂ ဦးနှင့် သေဆုံးသူ ၇၃၇၈၆၁ ဦးနှင့် အမေရိကန်နှင့် ကနေဒါနိုင်ငံတို့တွင် ရောဂါကူးစက်ခံရသူ ၃၀၆၅၅၄၅၇ ဦးနှင့် သေဆုံးသူ ၅၆၃၇၅၅ ဦးတို့ ဖြစ်သည်။

အာရှတိုက်တွင် ရောဂါကူးစက်သူဦးရေ ၁၆၉၀၈၈၅ ဦးနှင့် သေဆုံးသူ ၂၆၅၃၆၈ ဦး၊ အရှေ့အလယ်ပိုင်းဒေသ၌ ရောဂါဖြစ်ပွားသူ ၆၁၆၆၅၈ ဦးနှင့် သေဆုံးသူ ၁၀၉၈၉၃ ဦးတို့ဖြစ်သည်။

**ကိုးကား-အေအက်ဖ်ပီ**

**ဘာသာပြန်-ဇော်ဝင်း**





## တူရကီနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၁၀၀၀ ကျော်ရှိခဲ့

**အန်ကာရာ မတ် ၂၁**

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၁၀၆၁ ဦးရှိခဲ့သဖြင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၂၉၉၂၆၉၄ ဦးအထိ ရှိလာခဲ့ကြောင်း တူရကီနိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၉၅ ဦးရှိခဲ့သဖြင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၂၉၉၅၉ ဦးအထိ ရှိလာခဲ့ကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၁၈၈၁၅ ဦးရှိခဲ့သဖြင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၂၈၀၇၅၇၂ ဦး ရှိလာခဲ့ကြောင်း သိရသည်။

တူရကီနိုင်ငံသည် ကျန်းမာရေးအာဏာပိုင်အဖွဲ့အစည်းများက တရုတ်နိုင်ငံထုတ် CoronaVac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအရေးပေါ်အသုံးပြုမှုကို အတည်ပြုပေးခဲ့ပြီးနောက် ဇန်နဝါရီ ၁၄ ရက်တွင် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို စတင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးသူ ၈၀၁၇၀၀၀ အထိရှိခဲ့ပြီဖြစ်ကြောင်းလည်း သိရသည်။ တူရကီနိုင်ငံသည် နိုင်ငံအတွင်း ပထမဆုံးကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူကို ၂၀၂၀ ပြည့်နှစ် မတ် ၁၁ ရက်တွင် စတင်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

## အာဂျင်တီးနား၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂ ဒသမ ၂၄ သန်းအထိရှိလာ

**ဗျူနိုအေးရိစ် မတ် ၂၁**

အာဂျင်တီးနားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၈၂၆ ဦးရှိခဲ့သဖြင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၂၂၄၁၇၃၉ ဦးအထိရှိလာခဲ့ကြောင်း အာဂျင်တီးနားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ထို့ပြင် အာဂျင်တီးနားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၂ ဦးရှိခဲ့သဖြင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူစုစုပေါင်း ၅၄၅၁၇ ဦးအထိ ရှိလာခဲ့ကြောင်း အာဂျင်တီးနားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဗျူနိုအေးရိစ်အလယ်ပိုင်းပြည်နယ်သည် အာဂျင်တီးနားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် သေဆုံးမှုအများဆုံးခံရသည့်ဒေသဖြစ်ပြီး လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၉၃၇၅၇၅ ဦးအထိရှိခဲ့ကြောင်း သိရသည်။

အာဂျင်တီးနားနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်းက စတင်ခဲ့ပြီး လက်ရှိတွင် အာဂျင်တီးနားပြည်သူ ၃၁၀၇၈၀၆ ဦးမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူထားပြီးဖြစ်ကြောင်း သိရသည်။

အာဂျင်တီးနားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုများ ဆောင်ရွက်လျက်ရှိသော်လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများ ရှိနေဆဲဖြစ်ခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ လူမှုဘဝခပ်ခွာခွာနေထိုင်ခြင်း စည်းမျဉ်းစည်းကမ်းများကို ဧပြီ ၉ ရက်အထိ တိုးမြှင့်သတ်မှတ်ခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အလင်းသစ်**



# တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲသို့ နိုင်ငံတကာပွဲကြည့်ပရိသတ်များအား လာရောက်ခွင့်ပေးမည်မဟုတ်

**တိုကျို မတ် ၂၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးသည့်အနေဖြင့် ယခုနှစ်နွေရာသီကာလတွင် ကျင်းပမည့် အိုလံပစ်အားကစားပြိုင်ပွဲနှင့် ပါရာလံပစ်အားကစားပြိုင်ပွဲတို့တွင် နိုင်ငံတကာပွဲကြည့်ပရိသတ်များအား ဂျပန်နိုင်ငံသို့ လာရောက်ကြည့်ရှုခွင့်ပေးမည်မဟုတ်ကြောင်း ဂျပန်အာဏာပိုင်များက အိုလံပစ်နှင့် ပါရာလံပစ်ကော်မတီသို့ ယနေ့ပြောကြားခဲ့ကြောင်း သိရသည်။



ထို့ပြင် အိုလံပစ်အားကစားပြိုင်ပွဲသို့ လာရောက်ကြမည့် ကမ္ဘာ့နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ဝင်အရေအတွက်ကိုလည်း ဂျပန်အစိုးရက ကန့်သတ်ထားကြောင်း သိရသည်။

နိုင်ငံခေါင်းဆောင်တစ်ဦးနှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင် ၁၂ ဦးသာ ခွင့်ပြုထားပြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးနှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်ငါးဦးသာ ခွင့်ပြုထားသည်။

ကမ္ဘာ့နိုင်ငံခေါင်းဆောင်များက အိုလံပစ်အားကစားပြိုင်ပွဲ ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားများသို့ တက်ရောက်ရန်မျှော်လင့်ရသည်။ ယင်းသို့အနက် ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်လည်း တက်ရောက်မည်ဖြစ်သည်။ ၂၀၂၄ ခုနှစ် အိုလံပစ်အားကစားပြိုင်ပွဲကို ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။

တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲနှင့် ပါရာလံပစ်အားကစားပြိုင်ပွဲများကို ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပရမည်ဖြစ်သော်လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ကမ္ဘာတစ်ဝန်း၌ မြင့်တက်လာခဲ့ခြင်းကြောင့် နှောင့်နှေးကြန့်ကြာခဲ့ရသည်။

အိုလံပစ်အားကစားပြိုင်ပွဲကို ယခုနှစ် ဇူလိုင် ၂၃ ရက်တွင် စတင်သွားမည်ဖြစ်ပြီး ပါရာလံပစ်အားကစားပြိုင်ပွဲကို ဩဂုတ် ၂၄ ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အောင်ကျော်ကျော်**

# အင်ဒို-ပစိဖိတ်ဒေသငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး အတူတကွလက်တွဲဆောင်ရွက်ရန် အမေရိကန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ကာကွယ်ရေးဝန်ကြီးများ သဘောတူညီ

**ဝါရှင်တန် မတ် ၂၁**

အမေရိကန်နိုင်ငံကာကွယ်ရေးဝန်ကြီး အယ်လွိုက် အော်စတင်နှင့် အိန္ဒိယနိုင်ငံကာကွယ်ရေးဝန်ကြီး ရက်နက်သ်ဆင်းဂျ်တို့သည် အင်ဒို-ပစိဖိတ် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး အတွက် အတူတကွလက်တွဲဆောင်ရွက်ရန် သဘောတူညီခဲ့ကြကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါနှစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးများသည် မတ် ၂၀ ရက်တွင် နယူးဒေလီမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အမေရိကန်ကာကွယ်ရေးဝန်ကြီးနှင့် အိန္ဒိယကာကွယ်ရေးဝန်ကြီးတို့သည် Quad ဟုလူသိများသော နိုင်ငံများဖြစ်သည့် ဂျပန်၊ ဩစတြေးလျ၊ အိန္ဒိယနှင့် အမေရိကန်နိုင်ငံတို့အကြား ဒေသတွင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်ရန်လည်း ထပ်လောင်းအတည်ပြုခဲ့ကြောင်း သိရသည်။

ဂျပန်၊ ဩစတြေးလျ၊ အိန္ဒိယနှင့် အမေရိကန်နိုင်ငံတို့သည် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)မှ အဖွဲ့ဝင်နိုင်ငံများနှင့်လည်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် စီစဉ်ထားကြောင်း အတည်ပြုပြောကြားခဲ့သည်။ အမေရိကန်-အိန္ဒိယ ဆက်ဆံရေးသည် လွတ်လပ်ပြီးပွင့်လင်းသော အင်ဒို-ပစိဖိတ်ဒေသ၏ တောင့်တင်းခိုင်မာသော နယ်ပယ်တစ်ရပ်ဖြစ်ကြောင်းနှင့် ဒေသတွင်းလုံခြုံရေးတွင် အိန္ဒိယနိုင်ငံ၏ကဏ္ဍသည် အရေးကြီးပါကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး အော်စတင်က ထုတ်ဖော်ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**



အမေရိကန်နိုင်ငံကာကွယ်ရေးဝန်ကြီး အယ်လွိုက် အော်စတင်

အိန္ဒိယနိုင်ငံကာကွယ်ရေးဝန်ကြီး ရက်နက်သ်ဆင်းဂျ်



# အာဖရိက၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ လေးသန်းကျော်ရှိလာ

**အဒစ်အာဘာဘာ မတ် ၂၁**

အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အရေအတွက် လေးသန်းကျော်အထိ ရောက်ရှိလာပြီဖြစ်ကြောင်း အာဖရိကရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ယမန်နေ့တွင် ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၄၁၅၉၉၅၀ ရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၀၉၄၅၆ ဦး ရှိကြောင်း အာဖရိကရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ဆိုသည်။

သို့သော် လူနာ ၃၆၆၉၅၅၁ ဦး ရောဂါမှ ပြန်လည်ကျန်းမာလာကြောင်း အဆိုပါစင်တာ၏ နောက်ဆုံးရကိန်းဂဏန်းများအရ သိရသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူများအနက် တောင်အာဖရိကတွင် ၅၂၀၃၅ ဦးရှိပြီး အာဖရိကနိုင်ငံ၌ သေဆုံးမှုအရေအတွက် အများဆုံးဖြစ်သည်။ ထို့ပြင် အီဂျစ်နိုင်ငံ၌ ၁၁၅၁၂ ဦးနှင့် မော်ရိုကိုနိုင်ငံ၌ ၈၇၅၅ ဦးဖြင့် သေဆုံးမှုအရေအတွက် ဒုတိယနှင့် တတိယအများဆုံးဖြစ်ကြောင်း တွေ့ရှိရသည်။

အာဖရိကနိုင်ငံများအနက် အာဖရိကတောင်ပိုင်းသည် ရောဂါကူးစက်မှုအရေအတွက် အများဆုံးဒေသဖြစ်ပြီး မြောက်အာဖရိကနှင့် အရှေ့အာဖရိကတို့သည် ဒုတိယနှင့် တတိယကူးစက်မှုအရေအတွက် အများဆုံးဖြစ်သည်။ အာဖရိကအလယ်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုအနည်းဆုံးဒေသဖြစ်ကြောင်း တွေ့ရှိရသည်။ **ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ဩစတြေးလျအရှေ့ဘက်ကမ်းရိုးတန်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နှစ်ပေါင်း ၅၀ အတွင်း အဆိုးရွားဆုံးသော ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့

**မဲလ်ဘုန်း မတ် ၂၁**

ဩစတြေးလျနိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းဒေသ၌ မတ် ၁၈ ရက်မှစတင်ကာ မိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် နှစ်ပေါင်း ၅၀ အတွင်း အဆိုးရွားဆုံးသော ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ကာ လူနေအိမ်ခြေရာနှင့်ချီ ပျက်စီးမှုရှိခဲ့ပြီး လူထောင်ပေါင်းများစွာကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း အာဏာပိုင်အဖွဲ့အစည်းများက ယနေ့ ပြောကြားခဲ့သည်။



လူဦးရေ ရှစ်သန်းဖြင့် ဩစတြေးလျနိုင်ငံ၏ လူဦးရေအများဆုံး ပြည်နယ်ဖြစ်သည့် နယူးဆောက်ဝေးလ် ပြည်နယ်အနှံ့တွင် မိုးသည်းထန်စွာရွာသွန်းမှုများမှာလည်း ကနဦးမျှော်လင့်ထားသည်ထက် ပိုမိုဆိုးရွားစွာ ဖြစ်ပေါ်ခဲ့ကြောင်း နယူးဆောက်ဝေးလ် ပြည်နယ် ဝန်ကြီးချုပ် ဘီရီဂျစ်လီယံက ပြောကြားခဲ့သည်။

ဆစ်ဒနီမြို့ အနောက်မြောက်ပိုင်းဒေသများတွင် နေထိုင်သူများကိုလည်း ညအချိန်အတွင်းမှာပင် ၎င်းတို့၏ နေအိမ်များကို စွန့်ခွာကာ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် ညွှန်ကြားခဲ့ကြောင်းနှင့် အခြားသော ကျန်ရှိသည့် လူဦးရေ ၄၀၀၀ ကိုလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် တောင်းဆိုထားကြောင်း နယူးဆောက်ဝေးလ် ပြည်နယ် ဝန်ကြီးချုပ် ဘီရီဂျစ်လီယံက ပြောကြားခဲ့သည်။

ရေကြီးရေလျှံမှုကြောင့် နယူးဆောက်ဝေးလ် ပြည်နယ်အနှံ့ရှိ အဓိကလမ်းမများကို ပိတ်ထားခဲ့ရသည့်အပြင် မတ် ၂၂ ရက်မှ စတင်ကာ စာသင်ကျောင်းအားလုံးကို ပိတ်ထားရန်လည်း တောင်းဆိုထားကြောင်း သိရသည်။ လက်ရှိတွင် နယူးဆောက်ဝေးလ်ပြည်နယ်ရှိ ဒေသ ၁၃ ခုခန့်တွင် ရေကြီးမှုအန္တရာယ်သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

**ကိုးကား-စီအင်န်အေ**
**ဘာသာပြန်-အလင်းသစ်**

# အစ္စရေးနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၉၀ ထပ်မံတွေ့ရှိ

**ဂျေရုဆလင် မတ် ၂၁**

အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၉၀ ထပ်မံစစ်ဆေးတွေ့ရှိခဲ့ကြောင်း အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက ယမန်နေ့တွင် ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၈၂၇၁၉၉ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၆၀၈၂ ဦး ရှိကြောင်း သိရသည်။

သို့သော် ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၈၀၂၂၄၄ ဦး ရှိပြီဖြစ်သည်။

နိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို လွန်ခဲ့သောနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် စတင်ခဲ့ပြီး လက်ရှိအချိန်အထိ ပြည်သူ ၅ ဒသမ ၁၆ သန်းနီးပါးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ရောဂါကူးစက်ပျံ့နှံ့မှု တိုင်းတာရေးသင်္ကေတအမှတ်အသားသည် မတ် ၁၉ ရက်တွင် သုည ဒသမ ၆၈ မှ သုည ဒသမ ၆၆ အထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။ အဆိုပါသင်္ကေတအမှတ်အသားသည် ၁ ထက်ကျော်လွန်ပါက ရောဂါကူးစက်မှုနှုန်း မြန်ဆန်လျက်ရှိပြီး အချိန်နှင့်အမျှ ရောဂါကူးစက်မှုအရေအတွက် တိုးမြင့်လျက်ရှိသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# ပါကစ္စတန်ဝန်ကြီးချုပ် အီမာရန်ခန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရ



**အစ္စလာမ္မာဘတ် မတ် ၂၁**

ပါကစ္စတန်ဝန်ကြီးချုပ် အီမာရန်ခန်းသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည်ဟု စစ်ဆေးတွေ့ရှိခဲ့ကြောင်း ပါကစ္စတန် ကျန်းမာရေးတာဝန်ရှိသူများက ယမန်နေ့တွင် ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီးနောက် ပါကစ္စတန်ဝန်ကြီးချုပ် အီမာရန်ခန်းအား ၎င်း၏နေအိမ်၌ သီးခြားခွဲနေထိုင်စေလျက်ရှိကြောင်း ၎င်းတို့က ဆက်လက်ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်တွင် ရောဂါကူးစက်ခံထားရသည်ဆိုသည့် ကြေညာချက်သည် ဝန်ကြီးချုပ် အီမာရန်ခန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံမှုခံယူပြီးနောက် နှစ်ရက်အကြာတွင် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ပါကစ္စတန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရသူ ၆၂၀၀၀၀ ကျော်ရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူ ၁၃၀၀၀ ကျော်ရှိကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို လွန်ခဲ့သောလမှစတင်ပြီး ကျန်းမာရေးဝန်ထမ်းများအား ဦးစားပေးထိုးနှံပေးလျက်ရှိသည်။ တရုတ်နိုင်ငံမှ ထောက်ပံ့ပေးသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသုံးပြုလျက်ရှိကြောင်း သိရသည်။

ဝန်ကြီးချုပ်အီမာရန်ခန်းတွင် ကိုဗစ်-၁၉ ရောဂါစစ်ဆေးတွေ့ရှိခဲ့ပြီးနောက် နိုင်ငံအတွင်း၌ ချမှတ်ထားသော ဗိုင်းရပ်စ်ကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းများကို လိုက်နာကြရန် ပြည်သူများအားပါကစ္စတန်အစိုးရက တိုက်တွန်းပြောကြားထားကြောင်း သိရသည်။

**ကိုးကား- အင်န်အီတဲချ်ကေ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၄၀၀၀ ခန့်ဖြင့် ယခုနှစ်အတွင်း နေ့စဉ်ကူးစက်မှု အမြင့်ဆုံးဖြစ်လာ

**နယူးဒေလီ မတ် ၂၁**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၃၈၄၆ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းနှင့်အတူ လက်ရှိအချိန်အထိ အဆိုပါရောဂါ ကူးစက်ခံရသူပေါင်း ၁၁၅၉၉၁၃၀ ခန့်ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

ထို့အတူ အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် ၁၉၇ ဦး ထပ်မံသေဆုံးခဲ့ခြင်းဖြစ်ကြောင့် သေဆုံးသူ စုစုပေါင်း ၁၅၉၇၅၅ ဦး ရှိလာကြောင်း တရားဝင်ကိန်းဂဏန်းများအရသိရသည်။ အိန္ဒိယနိုင်ငံ၌ ယနေ့ကြုံတွေ့ခဲ့ရသည့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးမှုပမာဏသည် ယခုနှစ်အတွင်း အများဆုံးဖြစ်သည်။



တစ်ချိန်တည်းမှာပင် အိန္ဒိယဝန်ကြီးချုပ်မိုဒီက နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း ရုတ်တရက် မြင့်တက်လာခြင်းနှင့် ပတ်သက်၍ စိုးရိမ်မိပါသည်ဟု ယခုသီတင်းပတ် အစောပိုင်းက ထုတ်ဖော်ပြောကြားပြီး နိုင်ငံအတွင်း ဖြစ်ပွားလာဖွယ်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ဒုတိယလှိုင်းကို ချက်ချင်းထိန်းချုပ်ရန် တာဝန်ရှိသူများအား တိုက်တွန်းလိုက်သည်။

ထို့အပြင် အိန္ဒိယနိုင်ငံရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၁၁၃၀၂၈၈ ဦးသည် ဆေးဝါးကုသမှုခံယူခဲ့ပြီးနောက် ရောဂါကင်းစင်ပြီး ဆေးရုံများမှ ပြန်ဆင်းခဲ့ကြသဖြင့် လတ်တလောအချိန်တွင် ကိုဗစ်-၁၉ ရောဂါဖြင့် ဆေးဝါးကုသမှုခံယူနေသောလူနာ ၃၀၉၀၈၇ ဦး ကျန်ရှိသေးသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် ၂၀၆၉၃ ဦးဆေးကုသခံယူခဲ့ရာ ၎င်းတို့အနက် ၁၃၄၄၆ ဦးသည် နိုင်ငံ၏ အ နောက်တောင်ဘက် မဟာရာ့ရှ်ထရာ ပြည်နယ်တွင် ဆေးကုသခံယူခဲ့သည်။

အိန္ဒိယအစိုးရသည် ယခုနှစ် ဇန်နဝါရီ ၁၆ ရက်က နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို စတင်ဆောင်ရွက်ခဲ့ပြီး ထိုအချိန်မှစ၍ နိုင်ငံတစ်ဝန်းတွင် ပြည်သူ ၄၄ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့သည်။

အိန္ဒိယကျန်းမာရေးအာဏာပိုင်များသည် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုကို အရှိန်မြှင့်လုပ်ဆောင်လာခြင်းနှင့်အတူ လက်ရှိအချိန်အထိ နိုင်ငံတစ်ဝန်းတွင် လူဦးရေ ၂၃၃ သန်းအား ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စမ်းသပ်စစ်ဆေးနိုင်ခဲ့ကြောင်း အိန္ဒိယဆေးဝါးသုတေသနကောင်စီမှ ထုတ်ပြန်သည့် နောက်ဆုံး အချက်အလက်များအရသိရသည်။ မြို့တော်နယူးဒေလီတစ်မြို့တည်းတွင် ကိုဗစ်-၁၉ ရောဂါဖြင့် လက်ရှိအချိန်အထိ သေဆုံးသူပေါင်း ၁၀၉၅၅ ဦး ရှိလာကြောင်း ဒေသန္တရ ကျန်းမာရေးဌာန၏ ပြောကြားချက်အရ သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

○

# ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၀ ထပ်မံတွေ့ရှိ

**ဗန်ကောက် မတ် ၂၁**

ထိုင်းနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း စစ်ဆေးတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၀ ထပ်မံတွေ့ရှိခဲ့ကြောင်းနှင့် ယင်းတို့အနက် အများစုမှာ ဒေသတွင်းကူးစက်ခံရသူများဖြစ်ကြောင်း ကိုဗစ်-၁၉ ရောဂါအခြေအနေ စီမံကွပ်ကဲရေးစင်တာ၏ အစီရင်ခံစာတစ်ရပ်အရ သိရသည်။

အဆိုပါရောဂါကူးစက်ခံရသူများအနက် ၈၁ ဦးသည် ဒေသတွင်းကူးစက်ခံရသူများဖြစ်ပြီး ကျန်ကိုးဦးမှာ နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။

ဒေသတွင်း ကူးစက်ခံရသူများအနက် ၄၁ ဦးသည် ဆာမတ်ဆက်ခွန်ခရိုင်မှဖြစ်ပြီး ၁၆ ဦးသည် မြို့တော်ဗန်ကောက်နှင့် ၁၃ ဦးသည် ပတ်ထန်သာနီခရိုင်တို့မှဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်အထိ နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၇၈၀၃ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၉၀ ရှိကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၂၃၅၄၉၉၁၇ | ဦး |
| သေဆုံးသူ | ၂၇၂၃၇၂၉ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၉၉၅၂၉၉၉၈ | ဦး |

# ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရန် စာသင်ကျောင်း၊ ရုပ်ရှင်ရုံနှင့် ပြတိုက်အားလုံး ယာယီပိတ်မည်

**ဟန္နိုင်း မတ် ၂၁**

ကမ္ဘောဒီးယား ပညာရေး၊ လူငယ်နှင့် အားကစားဝန်ကြီးဌာနသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း မြင့်မားလာသည့်အတွက် နိုင်ငံတစ်ဝန်းရှိ အစိုးရစာသင်ကျောင်းများနှင့် ပုဂ္ဂလိကစာသင်ကျောင်းများ၊ ရုပ်ရှင်ရုံများနှင့် ပြတိုက်များအားလုံးကို ယာယီပိတ်ထားရန် ဖော်ပြထားသည့် သတိပေးချက် တစ်ရပ်ကို ယနေ့ထုတ်ပြန်ကြေညာလိုက်သည်။

မတ် ၂၀ ရက် ညနေပိုင်းက ဆိမ်ရစ်ပ်ပြည်နယ်တွင် အသက် ၃၅ နှစ်အရွယ်အမျိုးသားတစ်ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပြီးနောက် အာဏာပိုင်များက ဆီယမ်ရိမြို့တွင်းနှင့် မြို့ပြင်သို့ ခရီးသွားလာခြင်းများကို ယာယီဆိုင်းငံ့ထားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း မြင့်မားလာခြင်းကြောင့် ရောဂါကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရန် တာဝန်ရှိသူအများက အသွားအလာကန့်သတ်မှုများကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘောဒီးယားအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ယမန်နှစ် ဇန်နဝါရီလက စတင်တွေ့ရှိ ခဲ့ပြီး ထိုအချိန်မှစ၍ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၆၈၀ ခန့်ရှိကာ ၎င်းတို့အနက် လူနာသုံးဦးသည် ထိုရောဂါဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

သို့သော် ကမ္ဘောဒီးယား၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၉၅၀ ခန့်သည် ရောဂါမှ ပြန်လည်ကျန်းမာခဲ့ကြောင်း အစိုးရမှ ထုတ်ပြန်သည့်နောက်ဆုံး အချက်အလက်များအရ သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**











## စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ ဆူပူအကြမ်းဖက်သူ လူစုလူဝေးကို ဖြိုခွဲထိန်းသိမ်းရာမှ အမျိုးသားတစ်ဦး သေဆုံး

**နေပြည်တော် မတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် ဆူပူအကြမ်းဖက်သူ လူစုလူဝေးကို ဖြိုခွဲထိန်းသိမ်းရာမှ အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်အရ ယနေ့နံနက် ၁၀ နာရီခန့်တွင် မုံရွာမြို့ နန္ဒဝန်ရပ်ကွက် ဗိုလ်တေဇလမ်းနှင့် မေတ္တာလမ်းဆုံတွင် ဆူပူအကြမ်းဖက်သူ လူစုလူဝေးအင်အား ၂၅၀ ခန့်သည် လမ်းမကြီးကို အတားအဆီးများဖြင့် ပိတ်ဆို့၍ ဆူပူဆန္ဒပြနေကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အခြေအနေကို ထိန်းသိမ်းနိုင်ရေးအတွက် သွားရောက်ဆောင်ရွက်ခဲ့ကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်သူ လူစုလူဝေးကို လူစုခွဲနိုင်ရေး ဥပဒေနှင့်အညီ ညှိနှိုင်းဖြေလျှော့ခဲ့သော်လည်း ဆူပူအကြမ်းဖက်သူ လူအုပ်စုမှ လိုက်နာမှုမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဂက်(စ်)သေနတ်၊ လေးခွ၊ ဂျင်ကလိ၊ မိုန်း၊ ခတ်ဆီပုလင်း၊ မီးရှူးမီးပန်း၊ ဗျောက်အိုးများဖြင့် အကြမ်းဖက်ရန်ပြုတိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေးလက်နက်များဖြင့် ပစ်ခတ်လူစုခွဲခဲ့ရာ ဆူပူအကြမ်းဖက်သူ လူအုပ်စုအတွင်းမှ အမျိုးသားတစ်ဦး(စိစစ်ဆဲ)မှာ ထိခိုက်ဒဏ်ရာရရှိ သေဆုံးခဲ့ကြောင်း။

အကြမ်းဖက်မှုဖြစ်စဉ်တွင် သေဆုံးခဲ့မှုနှင့်ပတ်သက်၍ ရဲလုပ်ငန်းများနှင့်အညီ သေမှုသေခင်း ရေးဖွင့်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၁**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မတ် ၂၀ ရက် နံနက် ၁၁ နာရီတွင် ဝိုင်းမော်မြို့နယ် နောင်ဟီးကျေးရွာအနီး နောင်ဟီး-စန်းကားကျေးရွာသွားကားလမ်းတွင် ဆိုင်ဂွန်း(ခ)အားတန်မောင်းနှင်ပြီး မလုအိန်(ခ)လုလု လိုက်ပါလာသည့် Pajero အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၂ ဒသမ ၂၈ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၂၄၂၀ တို့ကို လည်းကောင်း၊ အလားတူ မတ် ၁၉ ရက် ညနေ ၅ နာရီခန့်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တနိုင်းမြို့ ဆွတ်ငိုင်ရပ်ကွက်တွင် မျိုးမင်းနှင့် နေလင်းအောင်(ခ)လင်းလင်းတို့ နှစ်ဦးကို မော်တော်ဆိုင်ကယ် နှစ်စီးနှင့်အတူ မသင်္ကာဖွယ် တွေ့ရှိရသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၈၅ ပြားနှင့် ဘိန်းဖြူ သုည ဒသမ ၂၂ ကီလိုတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် မတ် ၂၀ ရက် ည ၇ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့နယ် ဇလဲကျေးရွာအနီး တောင်ကြီး-မိုင်းပျဉ်းသွားကားလမ်းတွင် သက်ခိုင်ဝင်း မောင်းနှင်ပြီး အောင်စိုးမိုး(ခ)ကံကောင်း လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀ ကိုလည်းကောင်း၊ အလားတူ မတ် ၁၉ ရက် ည ၈ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပန်မြို့ မိန်းပန်းရပ်ကွက်တွင် ညီခမ်းကျန် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ် မောင်တောမြို့နယ် မှူဝင်ရွာအနီး ပင်လယ်ပြင်၌ တရားမဝင်သစ်များ တင်ဆောင်လာသော သစ်မှောင်ခိုလှေတစ်စင်း သိမ်းဆည်းရမိ

**မောင်တော မတ် ၂၁**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် မှူဝင်ရွာအနီး ပင်လယ်ပြင်၌ တရားမဝင်သစ်များ တင်ဆောင်လာသော လှေတစ်စင်းအား မတ် ၂၀ ရက် မွန်းလွဲပိုင်းက သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် ငါးမန်း၊ ဖိုက်ဘာလှေ နှစ်စင်းဖြင့် ပိတ်ဆို့ရေး တာဝန်ထမ်းဆောင်နေစဉ် မှူဝင်ရွာအနီး ပင်လယ်ပြင်၌ တောင်မှမြောက်သို့ ခုတ်မောင်းနေသော မသင်္ကာဖွယ်လှေတစ်စင်းအားတွေ့ရှိ၍ ခေါ်ယူစစ်ဆေးရာ မရပ်တန့်ဘဲ ဆက်လက်မောင်းနှင်ထွက်ပြေးသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးရာ တရားမဝင်စာရွက်စာတမ်းမပါရှိ၊ အမည်(မရှိ) တရားမဝင် မှောင်ခိုလှေပေါ်တွင် အခြားသားသစ်၊ သစ်ခွဲသားဆိုဒ်စုံ ၁၅ တန်ခန့် တင်ဆောင်လျက် လှေတစ်စင်းနှင့်အတူ ဦးမြင့်စိုး(ပဲနင်း)၊ လှေလုပ်သားများဖြစ်ကြသည့် ဦးဝင်းတင်၊ ဦးခင်အေးမောင်၊ ဦးအောင်သိန်းဌေး၊ ဦးကျော်အေးတင်နှင့် မောင်ပေါက်ရှည် စုစုပေါင်း ခြောက်ဦးတို့အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိသူများအား စစ်ဆေးမေးမြန်းချက်များအရ စက်လှေပိုင်ရှင်မှာ ဘူးသီးတောင်မြို့ အမှတ်(၅)ရပ်ကွက်နေ ဦးထွန်းအေးကျော်နှင့် သစ်ပိုင်ရှင်မှာ တောင်ကုတ်မြို့နေ ဦးညီရှည်ဖြစ်ရာ သစ်များ တင်ဆောင်ရန်အတွက် မတ် ၁၂ ရက်တွင် တောင်ကုတ်မြို့နယ် ချောင်းနှစ်ခွချောင်းအတွင်း သစ်များတင်ဆောင်ခဲ့ပြီး အဆင့်ဆင့်မောင်းနှင်လာရာ နတ်မြစ်ဝတွင် ဖမ်းဆီးခံရပြီး အဆိုပါသစ်များအား တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

**သက်လွင်စိုး(ခရိုင် ပြန်/ဆက်)**

# အမြန်ဆုံး အမှန်ပြင်နိုင်ဖို့ ပြည်သူအချင်းချင်း ထိန်းကြစို့

ကိုဇော်

> **“ဒါဘာလဲဆိုတော့ ဆန္ဒပြတဲ့အဖွဲ့တွေမှာ လူမျိုးစုံ၊ စိတ်ဓာတ်မျိုးစုံတွေရှိနေတာကြောင့် အခုနောက်ပိုင်းတော့ ကျွန်တော်လည်း ဆန္ဒပြဖို့ မထွက်တော့သလို ကျွန်တော့်သူငယ်ချင်းတွေလည်း မထွက်တော့ဘူး။ စည်းကမ်းမဲ့လုပ်ရပ်တွေလုပ်တဲ့ ဆန္ဒပြအဖွဲ့ထဲတော့ ရောယောင်ပြီး မပါတော့ဘူး။ ကျွန်တော်တို့လုပ်ခဲ့တဲ့ ဆန္ဒပြပွဲက တကယ်တမ်း အောင်မြင်မှုမရှိသလို နိုင်ငံရေးဖြစ်စဉ်ကလည်း ထင်သလိုဆိုးရွားတာမဟုတ်တာကြောင့် အခုတော့ ဆန္ဒပြတဲ့အလုပ်ကို မလုပ်တော့ဘူး။ အခုအခြေအနေက လမ်းပေါ်ထွက် ဆူပူတာ၊အဖျက်လုပ်ရပ်တွေ လုပ်တာကို ပြည်သူအချင်းချင်းက ဝင်ထိန်းပေးမှ ဖြစ်တော့မယ်လို့ထင်တယ်။ ပြည်သူအချင်းချင်း မြှောက်ပင့်သွေးထိုးပြီး လမ်းပေါ်တွေရောက်ကြလို့ သေသူသေ၊ ကျေသူကျေခဲ့ရပြီးပြီ။ ဒါကြောင့် ပြည်သူအချင်းချင်းက ဝိုင်းထိန်းပေးကြဖို့ အမြန်ဆုံးလိုနေပြီ”လို့ ကျွန်တော့်ကို ပြောပြတယ်။**

ဒီနှစ်နွေရာသီမှာ အပူချိန်မြင့်တက်နိုင်ကြောင်းကို မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနကရော နိုင်ငံပိုင်မီဒီယာတွေကပါ မတ်လဆန်းကတည်းက ကြေညာထားတာကိုမေ့ပျောက်ပျောက်ဖြစ်နေပေမယ့် ဒီရက်ပိုင်း နွေရဲ့ ပူပြင်းတဲ့အပူချိန်က သိသိသာသာဖြစ်လာတာကြောင့် ချည်သားလက်ရှည်လေးရွေးဝတ်ရင်း စနေလက်ဖက်ရည်ဝိုင်းဆီ ထွက်လာခဲ့တယ်။

စနေလက်ဖက်ရည်ဝိုင်းအတွက် ရွေးထားတဲ့ဆိုင်လေးက ကျယ်ကျယ်ဝန်းဝန်းရှိသလို သစ်ပင်ရိပ်တွေကလည်း ကောင်းတာကြောင့် နေ့လယ်ခင်းချိန်မှာတောင် ဆိုင်ရဲ့ စားပွဲဝိုင်းအတော်များများမှာ စားသုံးသူတွေရှိနေတာကို သတိပြုမိလိုက်တယ်။ နိုင်ငံရေး ပြောင်းလဲမှုဖြစ်စဉ်မှာ လမ်းမှားလိုက်ပြီး ဆူပူဆန္ဒပြ ဖျက်လိုဖျက်ဆီးလုပ်သူတွေ မရှိခြင်းကြောင့်လည်း မြို့နေလူထုရော စီးပွားရေးလုပ်ငန်းလုပ်သူများပါ စိတ်အေးချမ်းသာစွာနဲ့ တည်တည်ငြိမ်ငြိမ်နေထိုင်သွားလာ စားသောက်နိုင်ကြတာပဲဖြစ်ပါတယ်။ ဒေသခံပြည်သူတွေရဲ့ မှန်ကန်တဲ့အမြင်ရှိမှုအပြင် လွဲမှားတဲ့လုပ်ရပ်တွေ မပြုလုပ်ခြင်းကြောင့် အေးချမ်းတည်ငြိမ်မှုရှိနေရခြင်းဆိုတာက သက်သေပါပဲ။

ကျွန်တော် လက်ဖက်ရည်ဆိုင်ရောက်တော့ မင်းနိုင်ရယ်၊ မောင်မျိုးရယ်၊ အေးကိုရယ် သုံးယောက်က ရောက်နှင့်နေကြပြီ။ “ကိုဇော် ဒီနေ့ နောက်ကျပါလား၊ အလုပ်တွေ များနေတာလား”ဆိုပြီး မင်းနိုင်က စကားဦးနှုတ်ဆက်တယ်။ “အလုပ်များလို့ နောက်ကျတာမဟုတ်ဘူးကွာ၊ ထွက်လာဖို့လုပ်ပြီးမှ နေပူပူကြီးကြည့်ပြီး လက်ရှည်အင်္ကျီဝတ်ဖို့ ရှာနေတာနဲ့ နောက်ကျသွားတာကွာ၊ မင်းတို့ရော ရောက်တာကြာနေပြီလား”လို့ ပြန်ပြောရင်း ကျဆိမ့်တစ်ခွက် လှမ်းမှာလိုက်တယ်။ သူငယ်ချင်းတွေဆုံရင် “ဘာထူးလဲ၊ ဟိုဟာတွေ့လား၊ ဒီဟာ မိုက်တယ်”စတဲ့ စကားလုံးတွေက စကားဝိုင်းရဲ့ အစပထမပြောနေကျ။

မင်းနိုင်က အလုပ်ထွက်ပြီး ဇာတိပြန်သွားပေမယ့် ခုလိုဆုံဖို့ သက်သက်လာခဲ့တာကြောင့် သူ့အိမ်အတွက် လက်ဆောင်ပစ္စည်းလေးပေးရင်း “မင်းရော အလုပ်ထွက်သွားတော့ အိမ်မှာ ပျင်းနေပြီမဟုတ်လား။ ခုဘာဆက်လုပ်ဖို့ပြင်ဆင်နေလဲ”လို့ မေးလိုက်တယ်။ “ကိုဇော်ရာ ကျွန်တော်က နိုင်ငံ့ဝန်ထမ်းပဲ လုပ်ချင်တာ ကိုဇော်အသိပါ။ ဒါပေမယ့် ခုလိုဖြစ်စဉ်တွေဖြစ်လာတော့ ပုဂ္ဂိုလ်ရေးအစွဲကြောင့် ဆက်မလုပ်ချင်ဘူးဆိုတဲ့ အတွေးပေါ်လာပြီး အလုပ်ကနေ ထွက်စာတင်လိုက်တာ။ သေချာစဉ်းစားကြည့်လိုက်ရင် စိတ်ကိုအလိုလိုက်ပြီး တစ်ယောက်တည်းဆုံးဖြတ်ခဲ့တာကြောင့် ငါလုပ်တာ မှန်တယ်ဆိုတဲ့ ခံယူချက်လိုမျိုး ဖြစ်နေပေမယ့် တကယ့်ဘဝအတွက် စဉ်းစားလိုက်ရင် ကျွန်တော် အလုပ်ထွက်လိုက်တာက တကယ်ကို မှားတယ်ဗျ။ နောင်တတော့ ရမိပေမယ့် နောင်တဆိုတာကြီး ရင်မှာပိုက်ပြီး ငူတူတူငေးငိုင်နေရတဲ့ ဘဝမျိုးလည်း မဖြစ်ချင်လို့ ကိုဇော်တို့ဆီ အခုလိုလာတွေ့ပြီး စကားလာပြောတာပါပဲ။

“ကျွန်တော့် ဒုဦးစီးလုပ်သက်က သုံးနှစ်လောက်ပဲရှိသေးပေမယ့် ဝါသနာပါတဲ့အလုပ်ကြောင့် သေချာကြိုးစားပြီး လုပ်ခဲ့တာပါ။ မကြာခင်မှာ ဖြေရတော့မယ့် ဦးစီးအရာရှိ စာမေးပွဲကိုလည်း အခုတော့ လုံးဝလက်လွှတ်ဆုံးရှုံးလိုက်ရတာ စဉ်းစားမိတိုင်း စိတ်ထဲအဆင်မပြေမနေဘူး။ အခုဒုဦးစီးရာထူးတောင် ကြိုးစားပမ်းစား နှစ်ကြိမ်ဖြေပြီးမှ ရခဲ့တာ။ မိတ္ထီလာစီးပွားရေးတက္ကသိုလ်မှာ MBA တက်ကတည်းက အခုထွက်လိုက်တဲ့ အလုပ်က ကျွန်တော့်ရဲ့ အိပ်မက်ပဲလေ။ အခုတော့ အိပ်မက်အသစ်ကို ထပ်မက်ဖို့ ကြိုးစားနေပါတယ်။ အိမ်က ဆူတာကိုလည်း တော်တော်လေးခံလိုက်ရတယ် ကိုဇော်ရာ” ဟု ပြောပြတယ်။

လက်ဖက်ရည်ဆိုင်ထိုင်တိုင်း လက်ဖက်ရည်နဲ့ လက်ဖက်သုပ်ကို တွဲပြီး စားသောက်နေကျ။ ကျန်းမာရေးအရ ခါတ်တည့် မတည့်ကို အသေအချာမသိပေမယ့် ဒီလိုစားသောက်ခဲ့တဲ့ အကြိမ်ပေါင်းကလည်း မနည်းတော့ဘူး။ သူငယ်ချင်းလေးယောက်လုံးရဲ့ လက်တွေက လက်ဖက်သုပ် ပန်းကန်မှာပဲ ဝဲပျံနေတာကိုကြည့်ပြီး “မောင်မျိုး၊ မင်းကရော CDM လုပ်ဖို့ ဦးဆောင်တဲ့အဖွဲ့တွေဆီက ထောက်ပံ့ကြေးတွေ ရလား။ အဲဒီအဖွဲ့တွေက မင်းတို့ကို တကယ်ထောက်ပံ့ပေးတာလား။ အလုပ်တွေလည်း ရှာပေးမယ်လို့ အွန်လိုင်းမှာ ဖတ်လိုက်ရတယ်။ ဟုတ်လား”ဆိုပြီး မောင်မျိုးကို မေးလိုက်တယ်။

လက်ဖက်သုပ်ကို ငရုတ်သီးစိမ်း အားရပါးရ ထည့်စားပြီး ရှူးရှဲရှူးရှဲဖြစ်နေတဲ့ မောင်မျိုးက “လုပ်ပြီ လုပ်ပြီ ကိုဇော်ကတော့။ ကျွန်တော်က သူတောင်းစားလို ပေးစာကမ်းစာ လိုချင်လို့ CDM လုပ်တာ မဟုတ်ပါဘူးဗျာ။ အွန်လိုင်းက ပို့စ်တွေဖတ်ပြီး အများစု ယောင်တာကို လိုက်ယောင်ခဲ့တာ။ ဘာတဲ့ “ရုံးမတက်နဲ့ ရှန်းထွက်” ဆိုတာတောင် အော်ခဲ့သေးတာ။ နောက်ဆုံး တကယ့်လက်တွေ့မှာတော့ နိုင်ငံအတွက် စနစ်ကျတဲ့၊ စည်းကမ်းရှိတဲ့ ရုံးဌာနအဖွဲ့အစည်းရဲ့ စွန့်လွှတ်ခြင်းကိုသာ ခံလိုက်ရတယ်။ နာမည်တွေ တသီတတန်းကြီးနဲ့ အလုပ်ကဖြုတ်တယ်ဆိုတဲ့ စာက မသိရင် ဂုဏ်ပဲယူရမလိုလို။ အခြားလူတွေတော့ မသိဘူး။ ကျွန်တော်ကတော့ အဲဒီစာ ပြန်ဖတ်မိတိုင်း ကိုယ့်ကိုယ်ကိုယ် ရှက်နေမိတယ်။ ၇၂ နာရီတို့၊ သုံးလတို့ စတဲ့ အွန်လိုင်းက စိတ်ကူးယဉ်စာသားတွေကို အဟုတ်ထင်ခဲ့မိတာလည်း ခေတ်ပညာတတ် ဘွဲ့ရဖြစ်ပြီး ဘာလို့များ ဒီလောက်ထိ ပိန်းခဲ့ရသလဲလို့ ကိုယ့်ကိုယ်ကိုယ် တွေးမရဘူးဗျာ။

“ခုထိလည်း အွန်လိုင်းက အကြောင်းအရာတွေက ဖတ်ရှုသူတိုင်းကို ပိန်းပြီး မှောင်သွားစေအောင် ရေးသားထားတာတွေချည်းပဲ။ ကိုဇော်တို့လည်း မြင်မှာပါ။ တကယ်တော့ ကိုဇော်၊ ကျွန်တော်တို့ အလုပ်ဖြုတ်တဲ့စာ မထွက်ခင် ရုံးပြန်တက်ဖို့ ကျွန်တော် လုပ်ခဲ့သေးတယ်။ CDM လုပ်တဲ့ အခြားသူတွေက ရန်ရှာမှာရယ်၊ ဌာနကို မျက်နှာမပြဝံ့တာရယ် စတာတွေကြောင့် အဆုံးစွန်ထိ မိုက်ကမ်းခဲ့သလို ဖြစ်ခဲ့ရတယ်။ ဒါပေမယ့် ကိုဇော် ခုနကမေးသလို ဘယ်အဖွဲ့အစည်းရဲ့ ထောက်ပံ့ကြေးကိုမှ မယူခဲ့သလို တရားမဝင် ဖွဲ့ထားတဲ့အဖွဲ့တွေနဲ့လည်း လုံးဝ မပတ်သက်အောင်နေတယ်။ ခုတောင် တစ်ချက်မှားခဲ့လို့ အလုပ်ကပြုတ်ပြီးပြီ အဲဒီအဖွဲ့တွေနဲ့ထပ်ပြီး ပတ်သက်မိရင် တစ်ဘဝလုံး ခိုးကြောင်ခိုးဝှက်နဲ့ ထပ်ပြီးတော့ မနေနိုင်ပါဘူးဗျာ” ဟုဆိုကာ အစပ်ပြေ ရေနွေးကြမ်းတစ်ခွက်ကို မော့သောက်ရင်း ပြောပြတယ်။

ဝန်ထမ်းမဟုတ်ပေမယ့် ကျွန်တော်တို့နဲ့ တတွဲတွဲ အမြဲတွဲနေတဲ့ သူငယ်ချင်း အေးကို ကတော့ အိမ်စီးပွားရေးမှာသာ ဝင်လုပ်နေတာကြောင့် စီးပွားရေးသမားပီပီ အပေါင်းအသင်းကတော့ အတော်ကို များတာ။ အေးကိုက “ခု ကျွန်တော်ပြောရမယ့် အလှည့်နော်။ ကျွန်တော်ကတော့ ကျွန်တော့် အသိနှစ်ယောက်နဲ့ ပြောခဲ့တာလေးကို အစ်ကိုတို့ကို ပြန်ပြောပြမယ်။ တစ်ယောက်က ဘဏ်မှာလုပ်တာ။ နောက်တစ်ယောက်ကတော့ ခုဆန္ဒပြတဲ့အထဲမှာ ပါဝင်တဲ့ သင်တန်းဆရာ။ ဘဏ်က တစ်ယောက်က အရင်က ဟိုတယ်ဝန်ထမ်း။ ကိုဗစ်ကြောင့် ဟိုတယ်တွေ ပိတ်ရတော့ ဘဏ်တစ်ခုမှာ အလုပ်ရတယ်။ ဘဏ်မှာ အလုပ်ရပြန်တော့လည်း ခုနိုင်ငံရေး အပြောင်းအလဲဖြစ်ပြန်တော့ CDM ဆိုင်းဘုတ်ကိုင်ပြီး ဆန္ဒထွက်ပြပြန်တယ်။ အဲဒါနဲ့ပဲ “မင်းက ဘဏ်ဝန်ထမ်းဖြစ်ပြီး ဘာလို့ CDM ဆိုင်းဘုတ်ကိုင်နေရတာလဲ။ မင်းတို့ ဘဏ်မသွားတော့ ငါတို့ပြည်သူတွေပဲ ဘဏ်က ပိုက်ဆံထုတ်မရနဲ့ အဆင်မပြေပါဘူးကွာ”လို့ပြောတော့ “ဘဏ်အလုပ်ပြုတ်လည်း ဂရုမစိုက်ဘူးကွာ။ နိုင်ငံ့ဝန်ထမ်းတွေ CDM လုပ်ဖို့ကို ငါတို့က ဖိအားပေးနေတာ။ အပျော်လမ်းထွက်နေတာ မဟုတ်ဘူး။ နိုင်ငံရေးလုပ်နေတာလည်း မဟုတ်ဘူး”လို့ ပြန်ဖြေတယ်။

“ကျွန်တော်ကလည်း “မင်းကွာ၊ အထူအပါးလည်း နားမလည်၊ နကန်းတစ်လုံးမှလည်း မသိဘဲ အွန်လိုင်းက ပေါတောတောစာတွေဖတ်ပြီး လျှောက်လုပ်မနေနဲ့။ မင်းတို့ လမ်းထွက်ဆန္ဒပြလို့ နိုင်ငံ့အတွက် တာဝန်ကျေပွန်စွာ ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေက ရုံးမသွားဘဲမနေဘူး။ လမ်းပေါ်လည်း ထွက်လာမှာ မဟုတ်ဘူး။ ကိုယ့်ကိုယ်ကိုယ်ရော ဘာလုပ်နေသလဲဆိုတာရောသိရဲ့လား။ တရားမဝင်ဘူးလို့ ကြေညာထားတဲ့ အဖွဲ့အစည်းနဲ့ တစ်နည်းနည်းနဲ့ ပတ်သက်မိရင်တော့ မင်းအတွက် နောင်တဆိုတာက ထောင်တံခါးဝရောက်မှ ရနေရမယ်နော်”လို့ ပြောပေမယ့်လည်း ခံယူချက်တလွဲနဲ့ ပိန်းနေတဲ့သူတွေကို အမြင်မှန်ရအောင်လုပ်ဖို့ တကယ်ကို မလွယ်ဘူးဗျာ။ အမှားအမှန်ကို မြင်အောင် သေချာရှင်းပြလည်း တိမ်ဖုံးနေတဲ့ မျက်လုံးလိုပဲ ဘာမှကို မမြင်တော့တာဗျာ။

“နောက်တစ်ယောက် သင်တန်းဆရာကတော့ “မနက်တစ်ခေါက်၊ ညနေတစ်ခေါက် ဆန္ဒထွက်ပြတယ်။ ညသပိတ်တော့ မထွက်ဖြစ်ဘူး။ မနက်နဲ့ ညနေနဲ့ ထွက်တဲ့အခါမှာလည်း ပစ်မယ်လို့ပြောတဲ့နေရာကို မသွားဘူး။ ဆန္ဒပြတဲ့နေရာမှာ ပစ်ပြီဆိုလည်း ကိုယ့်ကိုမထိအောင် အခြေအနေကြည့်ပြီး ရှောင်တယ်။ ဖြစ်စဉ်ကို မကြိုက်လို့ ဆန္ဒပြတဲ့အလုပ်ကိုပဲ လုပ်တာ။ သေဖို့အတွက် ဆန္ဒပြတာ မဟုတ်သလို ဆန္ဒပြလို့ သေဆုံးသွားသူတွေကိုလည်း လူသားချင်းအရ စိတ်မကောင်းတော့ဖြစ်ပါတယ်။ အခုကျွန်တော်တို့ ဆန္ဒပြသူအချင်းချင်းမှာကို သိပ်ပြီးမတည့်ကြတော့ဘူး။ ကျွန်တော်တို့က ဆန္ဒပဲရိုးရိုးပြမယ်။ ဘယ်အချိန်ကနေ ဘယ်အချိန်ထိ ဒီမိုကရေစီဆန်ဆန် စည်းကမ်းတကျပြမယ်လို့ ပြောပေမယ့် တချို့အဖွဲ့တွေက လက်မခံဘဲ ဒီပစ်မယ်ဆိုတဲ့ နေရာ၊ ပစ်တဲ့နေရာကိုပဲ ရွေးပြီး ဇွတ်တိုးမယ်ချည်း လုပ်တာဗျာ။ ကြိုးကိုင်ခြယ်လှယ်မှုနဲ့ ထောက်ပံ့ကြေးတွေ ယူထားတဲ့ ဆန္ဒပြသူတွေနဲ့ ကိုယ့်ထမင်းကိုယ်စားပြီး ကိုယ့်သဘောနဲ့ကိုယ် ဆန္ဒပြသူတွေဆိုပြီး အခုကအဖွဲ့တွေ ကွဲနေကြတာဗျာ။ လုံခြုံရေးအတွက် ထိန်းသိမ်းရေးဆောင်ရွက်နေကြတဲ့ တပ်ဖွဲ့ဝင်တွေကိုတောင် ကျွန်တော်တို့က ပြန်ပြီး အားနာသလို ဖြစ်နေရတယ်။

“ဒါ ဘာလဲဆိုတော့ ဆန္ဒပြတဲ့အဖွဲ့တွေမှာ လူမျိုးစုံ၊ စိတ်ဓာတ်မျိုးစုံတွေရှိနေတာကြောင့် အခု နောက်ပိုင်းတော့ ကျွန်တော်လည်း ဆန္ဒပြဖို့ မထွက်တော့သလို ကျွန်တော့်သူငယ်ချင်းတွေလည်း မထွက်တော့ဘူး။ စည်းကမ်းမဲ့လုပ်ရပ်တွေ လုပ်တဲ့ ဆန္ဒပြအဖွဲ့ထဲတော့ ရောယောင်ပြီး မပါတော့ဘူး။ ကျွန်တော်တို့လုပ်ခဲ့တဲ့ ဆန္ဒပြပွဲက တကယ်တမ်း အောင်မြင်မှုမရှိသလို နိုင်ငံရေးဖြစ်စဉ်ကလည်း ထင်သလိုဆိုးရွားတာ မဟုတ်တာကြောင့် အခုတော့ဆန္ဒပြတဲ့အလုပ်ကို မလုပ်တော့ဘူး။ အခုအခြေအနေက လမ်းပေါ်ထွက် ဆူပူတာ၊ အဖျက်လုပ်ရပ်တွေ လုပ်တာကို ပြည်သူအချင်းချင်းက ဝင်ထိန်းပေးမှ ဖြစ်တော့မယ်လို့ထင်တယ်။ ပြည်သူအချင်းချင်း မြှောက်ပင့်သွေးထိုးပြီး လမ်းပေါ် တွေရောက်ကြလို့ သေသူသေ၊ ကျေသူကျေခဲ့ရပြီးပြီ။ ဒါကြောင့် ပြည်သူအချင်းချင်းက ဝိုင်းထိန်းပေးကြဖို့ အမြန်ဆုံးလိုနေပြီ”လို့ ကျွန်တော့်ကို ပြောပြတယ်။ ဒီနှစ်ယောက် ပြောတာတွေကို သုံးသပ်လိုက်ရင် အခုဆန္ဒပြတဲ့လုပ်ရပ်မှာ ပါဝင်ကြသူတွေရဲ့ စိတ်နေသဘောထားကို ကိုဇော်တို့ ခန့်မှန်းနိုင်မှာပါ” ဟု အေးကိုက သူ့ရဲ့အသိနှစ်ယောက်အကြောင်းကို ကိုယ်ဟန်အမူအရာတွေနဲ့ မာန်ပါပါပြောပြတယ်။

အေးကိုပြောလို့အပြီးမှာ သုံးယောက်စလုံးက “ကိုဇော်ကရော ဘယ်အကြောင်း ပြောမှာလဲ”လို့ ပြိုင်တူအသံထွက်လာရင်း “ငါက မင်းတို့ပြောတာတွေကို အဆင်ပြေပြေ ဖတ်လို့ကောင်းအောင် ရေးပြီး တို့မြန်မာနိုင်ငံရဲ့ ဖြစ်စဉ်မှန်တွေကို လူအများရော ကမ္ဘာကပါ သိအောင် သတင်းစာတိုက်ကို ပို့မယ်ကွာ။ မင်းတို့ ကျေနပ်တယ်မလား” လို့ ပြုံးပြုံးကြီး ပြောလိုက်တဲ့အခါ ဒါဆို နောက်အပတ်တွေလည်း အခုလိုဆုံပြီး အကြောင်းအရာမတူတဲ့ ခေါင်းစဉ်တွေနဲ့ စကားဝိုင်း ဖွဲ့ကြမယ်ဆိုတဲ့ ကြည်လင်တဲ့ အကြည့်ကိုယ်စီနဲ့ “အိုကေ၊ နောက်အပတ်စနေ ဆုံကြမယ်”ဟု နှုတ်ဆက်ရင်း “လမ်းပေါ်ထွက် ဆူပူဆန္ဒပြသူတွေ အမြန်ဆုံး အမှန်ပြင်နိုင်ကြပြီး ပူလောင်မှုဘဝတွေကနေ အမြန်ဆုံး လွတ်ကင်းနိုင်ကြပါစေ”ဟု စိတ်ရင်းမှန်နဲ့ ဆန္ဒပြုလိုက်ရပါတယ်။ ။

# ကိုယ့်အတ္တတစ်ခုအတွက်နဲ့ အနာဂတ်ရဲ့ ပန်းတွေကို ပိုးကိုက်ပန်းတွေ မဖြစ်ပါစေနဲ့လို့ ပြောပါရစေ

**ဦးမောင်မောင်နိုင်**

**ယနေ့ဖြစ်ပေါ်လျက်ရှိသည့် အာဏာဖီဆန်ရေး (Civil Disobedience Movement–CDM)လှုပ်ရှားမှုများကို အတောမသတ်နိုင်သည့် လှုံ့ဆော်မှုအမျိုးမျိုး၊ အချိန်ကာလအမျိုးမျိုးသတ်မှတ်ကာ အဖျက်အမှောင့်လုပ်ငန်းတွေကို ယနေ့အချိန်အထိ လုပ်ဆောင်လျက်ရှိသည်။ ယင်းလှုပ်ရှားမှုများကြောင့် အမှန်တကယ် ထိခိုက်နစ်နာကြသည့် ပြည်သူတို့၏ စကားသံများကို တင်ပြလိုက်ရပါသည်။**

“ကျွန်မကတော့ အငြိမ်းစားယူထားတဲ့ ဝန်ထမ်းတစ်ဦးပါ။ ကျွန်မက အသက် ၈၃ နှစ်အရွယ် မိခင်ကြီးနဲ့ အတူနေပါတယ်။ အိမ်မှာက မိန်းမသားတွေပဲ နေတယ်ဆိုပေမယ့် ရပ်နဲ့ရွာနဲ့ဆိုတော့ အရင်က ဘာပြဿနာမှ မရှိခဲ့ပါဘူး။ ဒါပေမယ့် လွန်ခဲ့တဲ့ တစ်လကျော်ကစပြီး အာဏာထိန်းတဲ့ဖြစ်စဉ်ကို မကျေနပ်လို့ဆိုပြီး CDM လှုပ်ရှားမှုတွေရော၊ ဆန္ဒပြပွဲတွေရော လုပ်လာကြပါတယ်။ ညညဆိုရင်လည်း သံပုံးတွေ၊ ဒန်အိုးဒန်ခွက်တွေ တီးလိုတီး၊ အယုတ္တအနတ္တတွေ ဆဲလိုဆဲနဲ့ တော်တော်စိတ်မချမ်းသာစရာတွေ ကြားရလို့ အဲဒီအချိန်ကိုရောက်မှာ ကြောက်တောင် ကြောက်လာပါတယ်။ အခုရက်ပိုင်းတော့ အဲဒီထက်ပိုဆိုးလာပါတယ်။ ရပ်ကွက်ထိပ်က စတိုးဆိုင်တို့၊ ရပ်ကွက်ထဲမှာ အခမဲ့လာဖွင့်ပေးတဲ့ ကုသိုလ်ဖြစ်ဆေးခန်းတို့၊ အိမ်ဆောက်ပစ္စည်းတွေ ရောင်းတဲ့ဆိုင်တို့ ရှေ့မှာမီးရှို့တာ၊ ဖျက်ဆီးတာတွေ လုပ်လာကြပါတယ်။ မီးရှို့လို့ အချိန်မီသိရင် ကိစ္စမရှိဘူး။ မသိလိုက်လို့ ရပ်ကွက်ထဲကို မီးကူးလာရင် အကုန်ဒုက္ခရောက်ကုန်မှာ။ ကျွန်မတို့ကလည်း သားအမိနှစ်ယောက်တည်းဆိုတော့ တစ်ခုခုဆို မလွယ်ဘူးလေ။ အရင်တုန်းက အခုလို နွေဦးရောက်ရင်ကို မီးဘေးအန္တရာယ်ကြုံမှာ စိုးလို့ “လမ်းသွားရင်း ဆေးလိပ်မသောက်ရ” ဆိုတဲ့ ဆိုင်းဘုတ်တွေ လမ်းလေးခွမှာချိတ်ပြီး သတိပေးထားတာ။ အခုတော့ သက်သက်မဲ့တောင် မီးရှို့ကြတယ်ဆိုတော့၊ ဘယ်လိုတွေတောင် ဖြစ်ကုန်မှန်း မသိတော့ပါဘူး။ ဒါပေမယ့် မီးဆိုတဲ့အမျိုးက သူ့အိမ်၊ ကိုယ့်အိမ် ရန်သူမိတ်ဆွေခွဲနေမှာမဟုတ်လေတော့ တကယ်လို့သာ မတော်တဆဖြစ်ခဲ့ရင် ကျွန်မတို့ ပြည်သူတွေပဲ အိုးမဲ့အိမ်မဲ့ဖြစ်ကုန်ကြမှာဆိုတာကို အခုလိုလုပ်နေတဲ့သူတွေကို သိစေချင်ပါတယ်။ ဒါကြောင့် အခုလို ကိုယ့်အတ္တတစ်ခုအတွက်နဲ့ မင်းမဲ့စရိုက်ဆန်ဆန် ဆိုးသွမ်းဆူပူနေတာတွေကို သက်ဆိုင်ရာက အမြန်ဆုံးကာကွယ်တားဆီး ရှင်းလင်းပေးပါလို့ တောင်းဆိုချင်ပါတယ်”ဟု အကြမ်းဖက်ဖျက်ဆီးလုပ်ကိုင်နေမှုတွေနဲ့ ပတ်သက်ပြီး စိတ်မအေးဖြစ်နေရသူ ပြည်သူတစ်ဦးဖြစ်သည့် ဒေါ်ငြိမ်းငြိမ်းက ပြောသည်။

“ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး ထဲက ပြည်သူတစ်ဦးပါ။ ကျွန်တော်တို့ဒေသက သောက်သုံးရေရှားလို့ စီမံချက်နဲ့ရေပေးဝေရေး လုပ်ငန်းတည်ထောင်ပြီး ရေပေးဝေနေပါတယ်။ ပြီးခဲ့တဲ့လကစပြီး အဲဒီရေပေးဝေတဲ့ဌာနက ဝန်ထမ်းတွေက CDM လုပ်ကြပါတယ်။ အခုချိန်မှာ ကျွန်တော်တို့ သောက်ဖို့သုံးဖို့ရေက ပြဿနာဖြစ်နေပါပြီ။ ရေတစ်စည်ကို ငွေကျပ် ၁၅၀၀၊ ၂၀၀၀ လောက်နဲ့ ဝယ်သုံးရပါတယ်။ ဒီကြားထဲ ဆန္ဒပြတာတွေ လုပ်လို့ အရောင်းအဝယ်တွေရပ်ပြီး စက်ရုံတွေက ပိတ်ထားရလို့ ဝင်ငွေကမရှိတော့ စုထားဆောင်းထား တာလေးတွေ ထုခွဲရောင်းချစားသောက်သုံးစွဲ နေရတယ်။ ဒီလိုတွေသာ ရေရှည်ဆိုရင် မလွယ်ဘူး ပေါ့ဗျာ။ အခုဆို ပွင့်လင်းရာသီလည်း ရောက်လာပြီ ဆိုတော့ မီးရေးထင်းရေးကလည်း ရှိသေးတယ်။ ကျွန်တော်ပြောချင်တာက သူတို့က အာဏာဖီဆန် တယ်ဆိုပြီး CDM တွေလုပ်ကြ၊ ဆန္ဒပြတာတွေ လုပ်ကြတယ်လို့သာ ပြောကြတာ တကယ်တမ်း ထိခိုက်ဒုက္ခရောက်ရတော့ ကျွန်တော်တို့ပြည်သူတွေ ဆိုတာ ပြောချင်ပါတယ်ဗျာ။ ဒါကြောင့် သူတို့ကို အမြင်မှန်ရပြီး ကိုယ့်အလုပ်ကို လုပ်စေချင်တယ်။ ဒါမှ ပြည်သူတွေလည်း စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ နေထိုင်လုပ်ကိုင် စားသောက်နိုင်မှာပေါ့ဗျာ။ ကိုယ့်တာကိုလုံရင် အားလုံးစိတ်ချမ်းသာပြီး သူတို့ပြောတဲ့ ဒီမိုကရေစီဆိုတာ မဝေးဘူးပေါ့ဗျာ” ဟု ပြည်သူတစ်ဦးဖြစ်သည့် ကိုမျိုးထွေးက ပြောသည်။

“ကျွန်တော်ကတော့ အငြိမ်းစားကျောင်းဆရာ တစ်ယောက်ပါ။ လွန်ခဲ့တဲ့ တစ်လကျော်လောက်က စပြီး CDM တွေ လုပ်ကြတယ်။ အစပိုင်းတုန်းကတော့ ဟုတ်မလိုလိုနဲ့ အခုနောက်ပိုင်းရောက်တော့ CDM တင်မကတော့ဘူး၊ ဆန္ဒပြတာတွေ၊ ဆူပူတာတွေ၊ အကြမ်းဖက်တာတွေ၊ အနိုင်ကျင့်ရမ်းကားတာတွေ၊ လမ်းတွေပိတ်ဆို့တာ ဖျက်ဆီးတာတွေကိုပါ လုပ်လာ ကြတာတွေ့ရတော့ တော်တော်စိတ်မကောင်း ဖြစ်မိ တယ်။ ကျွန်တော်တို့လူမျိုးတွေဟာ ကိုယ်၊ စိတ်၊ နှလုံး သုံးပါး ယဉ်ကျေးသိမ်မွေ့တယ်၊ သနားကြင်နာ တတ်တယ်၊ ပျော်ပျော်နေတတ်တယ်၊ ကိုယ်ချင်းစာ တရားထားကြတယ်၊ သူတစ်ပါးကို ကူညီတတ်တယ် စသဖြင့်ပေါ့လေ ကမ္ဘာ့အလယ်မှာ ကောင်းသတင်း တွေနဲ့ ကျော်စောတဲ့ နိုင်ငံတစ်နိုင်ငံပါ။ အခုတော့ဗျာ ယုံကြည်ချက်တစ်ခု၊ အတ္တတစ်ခုအတွက်နဲ့ တစ်ပါး သူတွေ သွေးထိုးတိုင်း လုပ်နေလိုက်ကြတာ။ တကယ် ဆို နိုင်ငံတစ်ခုမပြောနဲ့ အိမ်ထောင်တစ်ခု တည်ဆောက်ရာမှာတောင် လိုအပ်တဲ့ အိမ်ထောင်မှု အသုံးဆောင်တွေ အလုံးစုံပြည့်စုံဖို့ဆိုတာ မလွယ်ကူ ပါဘူး။ အခုတော့ အများပိုင်အဆောက်အအုံတွေ၊ ကိုယ့်ပြည်သူအချင်းချင်းတွေရဲ့ အသက်အိုးအိမ် စည်းစိမ်တွေ ပျက်စီးရာပျက်စီးကြောင်း အဖျက် အမှောင့်လုပ်ငန်းတွေကို လုပ်ရက်လိုက်ကြတာဗျာ။

နောက်ပြီး ကျွန်တော်တို့လူမျိုးတွေမှာ ရှေးရိုး ယုံကြည်မှုတစ်ခုရှိသေးတယ်။ လမ်းသွားရင်း လမ်းပေါ်မှာ ဆူးတစ်ချောင်း၊ ခဲတစ်လုံး၊ ခလုတ် တံသင်းတစ်ခုတွေ့ရင်တောင် ဖယ်ရှားပြီး နောက်လူ တွေ သွားလမ်းသာ လာလမ်းဖြောင့်စေဖို့ ကုသိုလ် ယူတတ်ကြသူတွေပါ။ အခုများတော့ဗျာ လမ်းမကြီး တွေကိုတောင် ပစ္စည်းတွေနဲ့ အခိုင်အမာ ပိတ်လိုက် ကြသေးဗျာ၊ တံတားတွေကို မီးရှို့ဖျက်ဆီး၊ ရထား လမ်းတွေကို ဖျက်ဆီးထားလိုက်ကြတာ အံ့ရော။

ဒါကြောင့် ကိုယ့်လုပ်ရပ်တွေ မှန်လား၊ မှားလား ပြန်သုံးသပ်ကြပါ။ ကိုယ့်ရဲ့ ပင်ကိုစိတ်ကောင်း စေတနာကောင်း မွန်မြတ်တဲ့စိတ်ထားတွေကို ဘေးပယောဂကြောင့် တဒင်္ဂဖြစ်ပေါ်လာတဲ့ စိတ်မိုက် စိတ်ရိုင်းတိမ်ညိုမည်းတွေကို ဖယ်ရှားကြပါ၊ ထိန်းကြ ပါ။ ကျွန်တော့်မြေးအရွယ် မလိမ်မိုးမလိမ္မာ လူမမည် အရွယ်လေးတွေလည်းပါတာမို့ ပန်းကောင်း အညွန့်ကျိုးမဖြစ်စေချင်ပါဘူးဗျာ။ ကိုယ့်အတ္တတစ်ခု အတွက်နဲ့ အနာဂတ်ရဲ့ပန်းတွေကို ပိုးကိုက်ပန်းတွေ မဖြစ်ပါစေနဲ့လို့ ပြောပါရစေဗျာ။ အတ္တနဲ့ပရ မျှကြပါလို့ မေတ္တာရှေ့ထား ပြောချင်ပါတယ်ဗျာ” ဟု အငြိမ်းစားကျောင်းဆရာကြီး ဦးမောင်မောင်နိုင်က ပြောသည်။

**တွေ့ဆုံမေးမြန်း–ခင်ဘုန်းမြတ်**

ကြေးမုံ အယ်ဒီတာ့ထံ ပေးစာ

# ပြည်သူတွေ စိတ်ပူပန်မှုတွေဖြစ်စေတဲ့ မင်းမဲ့စရိုက်ဆန်ဆန် ဆူပူအကြမ်းဖက်တဲ့ လုပ်ရပ်တွေကို အမြန်ဆုံးကာကွယ်တားဆီးပေးပါ

**အယ်ဒီတာခင်ဗျာ–**

ကိုဗစ်–၁၉ ရောဂါကြောင့် နိုင်ငံအတွင်းစီးပွားရေးလုပ်ငန်းတွေ ယိမ်းယိုင်ခဲ့ပြီး ကျောင်းတွေပိတ်ထားခဲ့ရသလို ကုန်စည်ကူးသန်း ရောင်းဝယ်ရေးလုပ်ငန်းတွေ နှောင့်နှေးခဲ့ရလို့ ပြည်သူတွေ အလုပ်အကိုင်ထိခိုက်၊ စားဝတ်နေရေးတွေ ကျပ်တည်းနေရတဲ့အချိန်မှာ နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်နဲ့ ကြုံတွေ့လိုက်ရတဲ့အတွက် ပြည်သူတွေအဖို့ စိုးရိမ်ပူပန်မှုတွေမြင့်တက်လာခဲ့ကြတယ်။

တိုင်းပြည်မငြိမ်မသက်ဖြစ်တော့ နောက်ဆက်တွဲအကျိုးဆက်အဖြစ် ခိုးဆိုးလုယက်တာတွေ၊ အဖျက်အမှောင့် လုပ်ရပ်တွေဖြစ်လာမှာကို ပြည်သူတွေစိုးရိမ်လာခဲ့ကြတယ်။ အကြောင်းအမျိုးမျိုးကြောင့် မဖြစ်မနေ အပြင်သွားကြရတဲ့ပြည်သူတွေဟာ လမ်းတွေပိတ်ထားလို့ သွားရေးလာရေး အခက်အခဲတွေဖြစ်ခဲ့တယ်။ လမ်းဖွင့်ပေးဖို့ တောင်းဆိုသူတွေကို ရန်လုပ်ပြီး မင်းမဲ့စရိုက်အသွင် ပြုမူလာကြတယ်။ ရပ်ကွက်ထဲမှာလည်း တစ်ဦးနဲ့တစ်ဦး သံသယတွေဖြစ်လာပြီး မယုံကြည်ကြတော့ဘူး။ ဒလန်၊ သူလျှို၊ သတင်းပေးစသဖြင့် စွပ်စွဲမှုတွေ ဖြစ်လာခဲ့တယ်။ အဲဒီလိုဖြစ်နေတော့ ပြည်သူတွေ အိမ်ထဲက အိမ်ပြင်ထွက်တဲ့အခါ ကြောက်ကြောက်လန့်လန့်နဲ့ သွားလာကြရတယ်။

နေရာစုံမှာလည်း နိုင်ငံပိုင်အဆောက်အအုံတွေနဲ့ မော်တော်ယာဉ်တွေ၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနေတဲ့ စက်ရုံ၊ အလုပ်ရုံတွေကို မီးရှို့ဖျက်ဆီးလာကြတယ်။ ဒီလိုလုပ်ရပ်ကြောင့် ပြည်သူတွေ မီးဘေးအန္တရာယ်ကို စိုးရိမ်ကြရပြန်တယ်။ ဒီလို တည်ရှိပြီးသား အဆောက်အအုံတွေကို တစ်ခဏအတွင်း ဖျက်ဆီးကြတာလွယ်ကူပေမယ့် ပြန်လည်တည်ဆောက်ဖို့ အချိန်တွေ၊ ငွေတွေအများကြီးပေးဆပ်ရပါတော့မယ်။ ကိုဗစ်–၁၉ ကြောင့် အလုပ်အကိုင်တွေရပ်နားထားရပြီး အခု နိုင်ငံမတည်ငြိမ်မှုကြောင့် စက်ရုံ၊ အလုပ်ရုံတွေ မီးရှို့ဖျက်ဆီးကြလို့ စက်ရုံ၊ အလုပ်ရုံမှ ဝန်ထမ်းတွေ အလုပ်လက်မဲ့ဖြစ်လာကြတော့မယ်။ စားဝတ်နေရေးတွေ ပိုမိုခက်ခဲလာတော့မယ်။ ဒါကြောင့် ပြည်သူတွေ စိတ်ပူပန်မှုတွေဖြစ်စေတဲ့ မင်းမဲ့စရိုက်ဆန်ဆန် ဆူပူအကြမ်းဖက်တဲ့လုပ်ရပ်တွေကို သက်ဆိုင်ရာက အမြန်ဆုံးကာကွယ်တားဆီးပေးပါလို့ တောင်းဆိုပါရစေခင်ဗျာ။

**စိုးရိမ်ပူပန်နေသည့်ပြည်သူတစ်ဦး**

**အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့နိုင်**

ကြေးမုံသတင်းစာ ဖတ်ရှုသူပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ်ပြည်သူများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ သိရှိစေရန် အပြုသဘောဖြင့် ရေးသားထားသော ပေးစာများကို ကြေးမုံသတင်းစာ အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့် ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ် ပြည်သူများအား အသိပေးဖိတ်ခေါ်လိုက်ပါသည်။

**စာတည်းအဖွဲ့**

# ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

**နေပြည်တော် မတ် ၂၁**

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၆၅) နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများအား တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

**ကာကွယ်ဆေးထိုးနှံပေး**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ မတ် ၂၀ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ကိုကိုးကျွန်းခရီးစဉ်အတွင်း လမ်းညွှန်မှာကြားချက်အရ ယနေ့တွင် ကိုကိုးကျွန်းနေ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား သတ်မှတ်နေရာ၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့၊ ဟိုပုံးမြို့၊ မိုးဗြဲမြို့နှင့် ကယားပြည်နယ် လွိုင်ကော်မြို့၊ ဘောလခဲမြို့နယ်များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား သတ်မှတ်နေရာအသီးသီး၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများနှင့် စာချ၊ စာသင် သံဃာတော်များအား သတ်မှတ်နေရာအသီးသီး၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့အတွင်းရှိ သံဃာတော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား သတ်မှတ်နေရာအသီးသီး၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအား သတ်မှတ်နေရာအသီးသီး၌လည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့များက CDM တွင် ပါဝင်ခြင်းမရှိဘဲ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ဆောင်ရွက်ပေးနေသည့် ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြသည်။



ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး သံဃာတော်များအား ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မတ် ၂၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၆ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၂၁-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၂၀-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၁-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၀၇၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ခြောက်ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၅၂၂,၄၅၄) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၂၄၆) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် စုစုပေါင်း (၁၃၁,၇၆၃) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်"အတိုင်း COVID-19 ရောဂါကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၀၄၈၂၁၂၇ | ၂၂၆၈၃၆၁၇ | ၅၅၄၈၇၁ |
| ၂။ | ဘရာဇီး | ၁၁၉၅၀၄၅၉ | ၁၀၄၁၉၃၉၃ | ၂၉၂၈၅၆ |
| ၃။ | အိန္ဒိယ | ၁၁၅၉၉၁၃၀ | ၁၁၁၃၀၂၈၈ | ၁၅၉၇၉၀ |
| ၄။ | ရုရှား | ၄၄၅၆၈၆၉ | ၄၀၆၉၃၉၅ | ၉၅၀၃၀ |
| ၅။ | ဗြိတိန် | ၄၂၉၁၂၇၁ | ၃၆၅၀၂၂၆ | ၁၂၆၁၂၂ |
| ၆။ | ပြင်သစ် | ၄၂၅၂၀၂၂ | ၂၇၉၆၄၆ | ၉၂၁၆၇ |
| ၇။ | အီတလီ | ၃၃၅၆၃၃၁ | ၂၆၈၆၂၃၆ | ၁၀၄၆၄၂ |
| ၈။ | စပိန် | ၃၂၁၂၃၃၂ | ၂၉၄၅၄၄၆ | ၇၂၉၁၀ |
| ၉။ | တူရကီ | ၂၉၉၂၆၉၄ | ၂၈၀၇၅၇၂ | ၂၉၉၅၉ |
| ၁၀။ | ဂျာမနီ | ၂၆၅၈၈၅၁ | ၂၄၁၅၂၀၀ | ၇၅၁၉၆ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၄၆၀၁၈၄ | ၁၂၉၀၇၉၀ | ၃၉၅၅၀ |
| ၂။ | ဖိလစ်ပိုင် | ၆၆၃၇၉၄ | ၅၇၇၇၅၄ | ၁၂၉၆၈ |
| ၃။ | မလေးရှား | ၃၃၃၀၄၀ | ၃၁၇၂၈၉ | ၁၂၃၃ |
| ၄။ | မြန်မာ | ၁၄၂၂၄၆ | ၁၃၁၇၆၃ | ၃၂၀၄ |
| ၅။ | စင်ကာပူ | ၆၀၁၉၆ | ၆၀၀၂၂ | ၃၀ |
| ၆။ | ထိုင်း | ၂၇၈၀၃ | ၂၆၅၉၈ | ၉၀ |
| ၇။ | ဗီယက်နမ် | ၂၅၇၂ | ၂၁၉၈ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၁၆၉၀ | ၉၅၀ | ၃ |
| ၉။ | ဘရူနိုင်း | ၂၀၆ | ၁၈၈ | ၃ |
| ၁၀။ | လာအို | ၄၉ | ၄၅ | ၀ |

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ မတ်လ ၂၁ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ (ကိုကိုးကျွန်းမြို့နယ်မပါ) ၄၄ မြို့နယ်၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ (ကိုကိုးကျွန်းမြို့နယ်မပါ)၄၄ မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၆၁၃၅၅၈၁ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၃၉၇၈၉၃၄ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၇၄၇၀၉၉ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၁၁၀၇၀ ဦး၊ ၂ ကြိမ်ပါဝင်နေသူများမှာ ၂၆၉၄၁၂ ဦးဖြစ်သည်။

၃။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–



ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းမရှိသည့် ကြိုတင်ဆန္ဒမဲများ ကောက်ယူနေသည်ကို တွေ့ရစဉ်။

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေ သူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ် နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|---|
| ၁ | လှိုင်သာယာ (အရှေ့ပိုင်း) | ၃၄၉ | ၃၆၂၅၈၅ | ၁၂၂၅၄၆ | ၇၂၂၈၈ | ၃၇၂ | ၁၃၃၇၈ |
| ၂ | ကျောက်တံတား | ၂၈ | ၂၃၉၈၄ | ၂၅၇၇၆ | ၃၃၆ | | ၄၈၈ |
| ၃ | တာမွေ | ၁၂၃ | ၁၂၇၁၀၇ | ၉၇၀၈၃ | ၂၉၉၁ | ၁၀၉ | ၄၈၅၄ |
| ၄ | မင်္ဂလာဒုံ | ၁၃၆ | ၂၈၈၅၂၂ | ၁၅၀၄၀၇ | ၂၇၃၈၆ | ၇၉၀ | ၁၇၄၈၂ |
| ၅ | လမ်းမတော် | ၂၂ | ၃၄၀၄၄ | ၂၃၅၄၄ | ၆၂၅ | ၆ | ၇၅၄ |
| ၆ | လသာ | ၁၈ | ၁၇၈၆၃ | ၂၀၃၉၁ | ၁၄၉ | | ၁၈၈ |
| ၇ | မရမ်းကုန်း | ၁၂၁ | ၁၅၈၈၉၈ | ၁၀၁၄၇၅ | ၉၇၆၈ | ၂၄ | ၂၀၇၈ |
| ၈ | ထန်းတပင် | ၁၁၉ | ၁၄၀၇၆၀ | ၇၀၇၉၂ | ၂၀၀၅၉ | ၂၉၁ | ၇၂၇၆ |
| ၉ | အင်းစိန် | ၁၉၆ | ၂၃၇၂၃၀ | ၁၇၇၆၈၇ | ၁၇၄၄၀ | ၂၅၅ | ၉၀၅၄ |
| ၁၀ | ဒေါပုံ | ၆၃ | ၇၀၇၅၃ | ၅၈၇၀၈ | ၇၇၄၆ | ၃၉ | ၂၀၈၄ |
| ၁၁ | လှည်းကူး | ၁၃၀ | ၂၂၄၅၄၁ | ၉၄၉၉၆ | ၄၃၂၇၄ | ၅၀၇ | ၁၁၆၂၂ |
| ၁၂ | တောင်ဥက္ကလာပ | ၁၂၄ | ၁၃၆၁၅၅ | ၁၃၆၂၂၄ | ၅၂၃၄ | ၇၄ | ၃၆၂၂ |
| ၁၃ | ကြည့်မြင်တိုင် | ၇၁ | ၈၈၁၈၀ | ၆၀၂၃၁ | ၁၀၆၇၄ | ၁၅၇ | ၃၉၀၀ |
| ၁၄ | ပုဇွန်တောင် | ၂၆ | ၃၅၈၇၁ | ၂၇၃၉၀ | ၅၂၁ | ၁၈ | ၁၀၃၀ |
| ၁၅ | လှိုင် | ၈၇ | ၁၄၁၄၄၂ | ၁၀၀၇၅၀ | ၆၁၄၅ | ၁၂၆ | ၅၃၄၆ |
| ၁၆ | ကမာရွတ် | ၃၇ | ၇၀၉၉၉ | ၆၂၉၅၆ | ၁၅၀၅ | ၄၀ | ၂၃၂၂ |
| ၁၇ | ဒဂုံ | ၁၃ | ၂၁၀၀၄ | ၂၀၉၄၃ | ၃၇၃ | ၃ | ၃၂၈ |
| ၁၈ | ဆိပ်ကြီး/ ခနောင်တို | ၃၅ | ၂၆၀၅၅ | ၂၅၅၇၄ | ၃၆၅၁ | ၆ | ၄၀၄ |
| ၁၉ | သာကေတ | ၂၁၁ | ၁၇၄၇၅၁ | ၁၃၉၆၄၇ | ၁၁၁၁၉ | ၂၃၅ | ၈၈၆၀ |
| ၂၀ | ဗဟန်း | ၆၅ | ၆၇၂၂၂ | ၃၆၇၇၈ | ၁၄၁၁ | ၃ | ၁၃၀၂ |
| ၂၁ | သန်လျင် | ၂၂၉ | ၂၂၂၇၅ | ၁၇၆၄၅၄ | ၃၃၆၃၅ | ၆၇၅ | ၁၃၈၄၄ |
| ၂၂ | ကျောက်တန်း | ၁၉၂ | ၁၃၂၂၀၈ | ၁၁၃၆၅၁ | ၁၈၀၁၇ | ၁၁၈ | ၄၆၅၆ |
| ၂၃ | မှော်ဘီ | ၁၇၅ | ၁၉၉၄၇၄ | ၁၀၉၉၁၀ | ၂၆၂၈၀ | ၆၈၈ | ၁၃၁၀၂ |
| ၂၄ | ပန်းဘဲတန်း | ၂၆ | ၂၅၄၀၈ | ၃၁၄၄၉ | ၅၉၇ | ၁၂ | ၇၁၈ |
| ၂၅ | စမ်းချောင်း | ၅၂ | ၈၁၇၇၅ | ၇၃၅၄၁ | ၅၀၆ | ၁၈ | ၂၂၂၈ |
| ၂၆ | ခရမ်း | ၂၀၄ | ၁၂၈၁၁၆ | ၁၄၁၅၃၈ | ၂၅၈၃၆ | ၁၅၄ | ၆၀၂၄ |
| ၂၇ | ကော့မှူး | ၁၆၁ | ၉၈၆၇၈ | ၇၆၀၅၅ | ၁၀၅၆၅ | ၂၁၇ | ၅၄၀၀ |
| ၂၈ | ဒလ | ၁၈၂ | ၁၃၀၅၉၉ | ၁၀၇၄၈၈ | ၃၀၁၇၉ | ၄၃၃ | ၈၃၈၄ |
| ၂၉ | ရန်ကင်း | ၅၃ | ၅၆၀၂၈ | ၃၃၃၈၃ | ၁၉၃၄ | ၆၇ | ၁၉၃၄ |
| ၃၀ | မြောက်ဥက္ကလာပ | ၂၃၈ | ၂၇၃၄၈၁ | ၁၂၇၃၅၅ | ၂၃၇၆၃ | ၈၃၇ | ၁၆၈၂၈ |
| ၃၁ | ဗိုလ်တထောင် | ၃၈ | ၃၃၂၈၈ | ၂၅၃၂၇ | ၇၁၂ | ၆ | ၃၂၄ |
| ၃၂ | လှိုင်သာယာ (အနောက်ပိုင်း) | ၂၈၇ | ၂၇၈၂၁၉ | ၁၃၉၃၁၄ | ၅၂၉၂၅ | ၂၃၅ | ၈၀၅၈ |
| ၃၃ | ကွမ်းခြံကုန်း | ၁၈၀ | ၈၉၉၃၂ | ၈၇၀၀၇ | ၁၅၇၆၈ | ၁၇၈ | ၄၃၇၂ |
| ၃၄ | တိုက်ကြီး | ၂၁၆ | ၂၁၆၁၃၃ | ၁၉၀၇၈၅ | ၄၁၈၀၆ | ၁၉၉ | ၈၀၂၀ |
| ၃၅ | သယ်န်းကျွန်း | ၁၃၉ | ၁၈၄၄၈၅ | ၈၈၆၆၅ | ၁၆၅၄၄ | ၈၀ | ၄၆၂၆ |
| ၃၆ | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၁၂၈ | ၁၆၂၆၃၄ | ၅၂၁၄၁ | ၃၀၇၉၄ | ၇၈ | ၄၉၁၂ |
| ၃၇ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၇၁ | ၁၅၁၉၇၈ | ၅၉၅၁၁ | ၁၉၉၀၅ | ၂၀၁ | ၆၂၂၀ |
| ၃၈ | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၁၅၄ | ၁၆၆၃၅၂ | ၆၅၀၅၇ | ၁၀၃၆၇ | ၈၁ | ၄၁၆၂ |
| ၃၉ | တွံတေး | ၃၈၄ | ၁၇၄၄၄၁ | ၁၃၅၀၇၉ | ၂၃၃၇၂ | ၅၅၈ | ၁၂၂၈၄ |
| ၄၀ | အလုံ | ၂၈ | ၃၈၄၆၀ | ၃၄၃၇၅ | ၁၃၃၇ | | ၄၇၀ |
| ၄၁ | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၂၂၁ | ၂၉၉၇၆၈ | ၁၃၀၆၈၂ | ၄၇၃၉၆ | ၄၈၅ | ၁၃၀၈၆ |
| ၄၂ | မင်္ဂလာတောင်ညွန့် | ၇၇ | ၁၀၄၀၃၇ | ၆၆၉၉၇ | ၅၉၄၁ | ၁၈၂ | ၄၈၈၀ |
| ၄၃ | ရွှေပြည်သာ | ၁၂၃ | ၃၁၃၇၈၃ | ၂၃၅၄၇၃ | ၄၅၀၅၃ | ၂၄၁၇ | ၂၄၉၄၄ |
| ၄၄ | သုံးခွ | ၁၇၅ | ၁၂၆၀၆၃ | ၁၂၃၇၉၉ | ၂၁၁၇၂ | ၉၆ | ၃၅၆၄ |
| | **၄၄ မြို့နယ်** | **၅၈၀၇** | **၆၁၃၅၅၈၁** | **၃၉၇၈၉၃၄** | **၇၄၇၀၉၉** | **၁၁၀၇၀** | **၂၆၉၄၁၂** |

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ (ကိုကိုးကျွန်းမြို့နယ်မပါ) ၄၄ မြို့နယ်၏ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကိုလည်း သက်ဆိုင်ရာမြို့နယ်အလိုက် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၅။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၄၄ မြို့နယ်တွင် မဲရုံပေါင်း ၅၈၀၇ ရုံ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၆၆၈၇၆၃၈ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၄၀၈၄၂၈၁၊ ကျန်ရှိရမည့်အရေအတွက်မှာ ၂၆၀၃၃၅၇၊ မြေပြင်လက်ကျန် ၂၃၃၆၈၇၀ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၃၅၇၉၃၇ ဖြစ်ပြီး အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၉၁၄၅၀ ဖြစ်သည်။ မြို့နယ်အလိုက်ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မဲဆန္ဒနယ်အလိုက် ဆန္ဒမဲလက်မှတ်များကို သတ်မှတ်အရေအတွက်ဖြင့် ရိုက်နှိပ်ထားခြင်းဖြစ်ရာ အပိုတွေ့ရှိမှုသည် ဆန္ဒမဲလက်မှတ်များ တရားမဝင် ရိုက်နှိပ်သုံးစွဲခဲ့ကြောင်း တွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ကျောက်တံတား | ၂၈ | ၂၆၃၀၄ | ၁၅၀၅၅ | ၁၁၂၄၉ | ၁၁၀၃၉ | ၃၀၆ | ၉၆ |
| ၂ | တာမွေ | ၁၂၃ | ၁၄၀၃၁၄ | ၇၈၇၅၈ | ၆၁၅၅၆ | ၅၅၈၀၄ | ၁၁၇၄၅ | ၅၉၉၃ |
| ၃ | မင်္ဂလာဒုံ | ၁၃၆ | ၂၉၄၀၀၈ | ၁၆၂၆၅၆ | ၁၃၁၃၅၂ | ၁၁၄၀၉၁ | ၂၁၅၂၂ | ၄၂၆၁ |

စာမျက်နှာ ၁၉ သို့ »»

»»» စာမျက်နှာ ၁၈ မှ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၄ | လမ်းမတော် | ၂၂ | ၃၈၈၈၈ | ၁၉၉၂၀ | ၁၈၉၆၈ | ၁၇၇၉၅ | ၁၁၈၃ | ၁၀ |
| ၅ | လသာ | ၁၈ | ၂၀၄၈၃ | ၁၀၉၃၀ | ၉၅၅၃ | ၉၃၈၉ | ၂၄၉ | ၈၅ |
| ၆ | မရမ်းကုန်း | ၁၂၁ | ၁၇၈၄၇၀ | ၁၁၁၄၄၈ | ၆၇၀၂၂ | ၆၆၃၈၉ | ၆၃၃ | |
| ၇ | ထန်းတပင် | ၁၁၉ | ၁၄၇၄၃၃ | ၁၀၄၄၅၄ | ၄၂၉၇၉ | ၄၂၁၅၈ | ၂၃၃၆ | ၁၅၁၅ |
| ၈ | အင်းစိန် | ၁၉၆ | ၂၆၁၃၅၀ | ၁၆၅၅၁၀ | ၉၅၈၄၀ | ၈၂၈၀၆ | ၁၆၅၂၆ | ၃၄၉၂ |
| ၉ | ဒေါပုံ | ၆၃ | ၇၈၀၈၇ | ၄၄၆၀၀ | ၃၃၄၈၇ | ၃၀၆၂၀ | ၃၄၆၁ | ၅၉၄ |
| ၁၀ | လှည်းကူး | ၁၃၀ | ၂၄၁၂၆၅ | ၁၆၀၄၇၆ | ၈၀၇၈၉ | ၆၄၈၃၇ | ၂၁၉၆၀ | ၆၀၀၈ |
| ၁၁ | တောင်ဥက္ကလာပ | ၁၂၄ | ၁၅၁၁၉၅ | ၉၈၀၁၅ | ၅၃၀၄၀ | ၄၈၇၀၇ | ၄၉၈၆ | ၆၅၃ |
| ၁၂ | ကြည့်မြင်တိုင် | ၇၁ | ၉၆၂၈၃ | ၆၂၂၅၇ | ၃၄၀၂၆ | ၃၁၂၅၄ | ၃၄၅၅ | ၆၈၃ |
| ၁၃ | ပုဇွန်တောင် | ၂၆ | ၃၉၉၈၇ | ၂၃၀၀၁ | ၁၆၉၈၆ | ၁၆၁၆၁ | ၁၃၇၈ | ၅၅၃ |
| ၁၄ | လှိုင် | ၈၇ | ၁၄၉၂၁၅ | ၉၁၃၂၀ | ၅၇၈၉၅ | ၅၃၀၄၄ | ၇၉၃၆ | ၃၀၈၅ |
| ၁၅ | ကမာရွတ် | ၃၇ | ၇၀၄၉၀ | ၄၃၉၉၂ | ၂၆၄၉၈ | ၂၅၄၈၇ | ၂၈၁၆ | ၁၈၀၅ |
| ၁၆ | ဒဂုံ | ၁၃ | ၂၂၂၅၂ | ၁၅၆၆၃ | ၆၅၈၉ | ၆၁၆၇ | ၅၃၇ | ၁၁၅ |
| ၁၇ | ဆိပ်ကြီး/ခနောင်တို | ၃၅ | ၂၉၇၀၇ | ၂၁၀၇၉ | ၈၆၂၈ | ၈၈၁၄ | ၃၉၂ | ၅၇၈ |
| ၁၈ | သာကေတ | ၂၁၁ | ၁၉၆၁၇၈ | ၁၂၀၁၃၀ | ၇၆၀၄၈ | ၆၂၆၉၁ | ၁၉၅၃၉ | ၆၁၈၂ |
| ၁၉ | ဗဟန်း | ၆၅ | ၇၂၄၄၇ | ၄၂၆၃၆ | ၂၉၈၁၁ | ၂၁၇၄၁ | ၉၀၂၁ | ၉၅၁ |
| ၂၀ | သန်လျင် | ၂၂၉ | ၂၄၂၃၈၉ | ၁၅၇၈၈၆ | ၈၄၅၀၃ | ၇၇၄၄၇ | ၈၀၃၂ | ၉၇၆ |
| ၂၁ | ကျောက်တန်း | ၁၉၂ | ၁၅၁၄၆၈ | ၁၀၂၂၂၁ | ၄၉၂၄၇ | ၄၄၁၁၈ | ၆၅၁၁ | ၁၃၈၂ |
| ၂၂ | မှော်ဘီ | ၁၇၅ | ၂၁၁၉၀၃ | ၁၄၉၅၀၀ | ၆၂၄၀၃ | ၆၁၅၀၉ | ၅၆၄၉ | ၄၇၅၅ |
| ၂၃ | ပန်းဘဲတန်း | ၂၆ | ၂၇၅၄၉ | ၁၅၅၉၀ | ၁၁၉၅၉ | ၁၁၇၈၂ | ၂၆၃ | ၈၆ |
| ၂၄ | စမ်းချောင်း | ၅၂ | ၈၆၅၆၃ | ၄၈၆၆၂ | ၃၇၉၀၁ | ၃၀၅၄၄ | ၉၅၁၇ | ၂၁၆၀ |
| ၂၅ | ခရမ်း | ၂၀၄ | ၁၄၉၂၆၆ | ၁၀၀၄၉၉ | ၄၈၇၆၇ | ၄၅၄၃၇ | ၅၈၀၇ | ၂၄၇၇ |
| ၂၆ | ကော့မှူး | ၁၆၁ | ၁၁၄၈၂၂ | ၇၈၂၆၈ | ၃၆၅၅၄ | ၃၅၂၅၉ | ၁၈၉၁ | ၅၉၆ |
| ၂၇ | ဒလ | ၁၈၂ | ၁၄၆၀၉၃ | ၉၁၅၂၆ | ၅၄၅၆၇ | ၅၀၃၅၂ | ၄၄၅၂ | ၂၃၇ |
| ၂၈ | ရန်ကင်း | ၅၃ | ၆၃၆၈၉ | ၃၆၇၀၄ | ၂၆၉၈၅ | ၂၃၁၁၁ | ၄၂၂၄ | ၃၅၀ |
| ၂၉ | မြောက်ဥက္ကလာပ | ၂၃၈ | ၂၉၇၆၅၇ | ၁၇၇၁၇၆ | ၁၂၀၄၈၁ | ၁၀၇၆၁၇ | ၂၇၃၉၈ | ၁၄၅၃၄ |
| ၃၀ | ဗိုလ်တထောင် | ၃၈ | ၃၆၁၄၆ | ၂၃၂၂၉ | ၁၂၉၁၇ | ၁၂၅၃၀ | ၅၇၄ | ၁၈၇ |
| ၃၁ | လှိုင်သာယာ (အနောက်ပိုင်း) | ၂၈၇ | ၂၉၉၀၀၆ | ၁၄၆၃၂၂ | ၁၅၂၆၈၄ | ၁၃၃၆၇၂ | ၁၉၀၁၂ | |
| ၃၂ | ကွမ်းခြံကုန်း | ၁၈၀ | ၁၀၆၂၀၈ | ၆၈၉၉၃ | ၃၇၂၁၅ | ၃၄၀၅၅ | ၃၆၇၉ | ၅၁၉ |
| ၃၃ | လှိုင်သာယာ (အရှေ့ပိုင်း) | ၃၄၉ | ၃၈၃၄၈၂ | ၁၇၉၁၄၉ | ၂၀၄၃၃၃ | ၁၈၆၀၉၂ | ၁၈၉၁၁ | ၆၇၀ |
| ၃၄ | တိုက်ကြီး | ၂၁၆ | ၂၄၁၂၀၄ | ၁၇၁၂၁၁ | ၆၉၉၉၃ | ၆၁၉၅၄ | ၈၀၃၉ | |
| ၃၅ | သဃ်န်းကျွန်း | ၁၃၉ | ၂၀၃၇၃၈ | ၁၂၇၉၇၃ | ၇၅၇၆၅ | ၇၄၀၀၁ | ၁၇၆၄ | |
| ၃၆ | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၁၂၈ | ၁၇၀၆၂၈ | ၉၀၇၈၆ | ၇၉၈၄၂ | ၆၄၉၇၈ | ၂၀၄၈၃ | ၅၆၁၉ |
| ၃၇ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၇၁ | ၁၆၀၀၃၇ | ၉၉၉၉၅ | ၆၀၀၄၂ | ၅၃၃၇၆ | ၁၁၇၅၈ | ၅၀၉၂ |
| ၃၈ | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၁၅၄ | ၁၈၃၆၈၇ | ၁၁၆၁၇၉ | ၆၇၅၀၈ | ၅၈၃၁၇ | ၁၁၉၈၀ | ၂၇၈၉ |
| ၃၉ | တွံတေး | ၃၈၄ | ၂၀၇၈၈၀ | ၁၄၂၀၄၇ | ၆၅၈၃၃ | ၆၀၀၀၀ | ၉၆၁၄ | ၃၇၈၁ |
| ၄၀ | အလုံ | ၂၈ | ၄၀၉၃၇ | ၂၆၂၄၅ | ၁၄၆၉၂ | ၁၃၈၉၉ | ၁၂၂၆ | ၄၃၃ |
| ၄၁ | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၂၂၁ | ၃၂၃၂၈၆ | ၁၉၇၇၁၉ | ၁၂၅၅၆၇ | ၁၁၂၄၄၈ | ၁၄၅၃၉ | ၁၄၂၀ |
| ၄၂ | မင်္ဂလာတောင်ညွန့် | ၇၇ | ၁၁၄၃၂၇ | ၆၄၄၁၀ | ၄၉၉၁၇ | ၄၅၉၂၇ | ၄၈၁၁ | ၈၂၁ |
| ၄၃ | ရွှေပြည်သာ | ၁၂၃ | ၃၂၆၉၅၁ | ၁၈၂၃၅၂ | ၁၄၄၅၉၉ | ၁၂၃၉၃၂ | ၂၆၅၇၄ | ၅၉၀၇ |
| ၄၄ | သုံးခွ | ၁၇၅ | ၁၄၄၃၆၆ | ၉၇၅၉၉ | ၄၆၇၆၇ | ၄၅၅၁၉ | ၁၂၄၈ | |
| | ၄၄ မြို့နယ် | ၅၈၀၇ | ၆၆၈၇၆၃၈ | ၄၀၈၄၂၈၁ | ၂၆၀၃၃၅၇ | ၂၃၃၆၈၇၀ | ၃၅၇၉၃၇ | ၉၁၄၅၀ |

၆။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ (ကိုကိုးကျွန်းမြို့နယ်မပါ) ၄၄ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ စာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆ (က)အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းထက် ၂၁၅၆၆၄၇ ဦးပိုများနေပါသည်။

၇။ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများမှာ ၇၄၇၀၉၉ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိပါသည်။ ထို့ပြင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း(၆) မဲစာရင်းပြုစုခြင်းပါ ပုဒ်မ ၁၅(ဂ) တွင် “မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူမည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်း ပါဝင်ခြင်းမရှိစေရ” ဟု ပြဋ္ဌာန်းထားသော်လည်း ရန်ကုန်တိုင်းဒေသကြီး၏ မဲဆန္ဒရှင်စာရင်းများတွင် ၃ ကြိမ်နှင့်အထက်ပါဝင်နေသူ ၁၁၀၇၀ ဦး၊ ၂ ကြိမ် ပါဝင်နေသူ ၂၆၉၄၁၂ ဦးတို့ ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် ရန်ကုန်တိုင်းဒေသကြီး၌ မဲစာရင်းများ ကောက်ယူရာတွင် ဥပဒေနှင့် ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။

၈။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမြို့နယ်(ကိုကိုးကျွန်းမြို့နယ်မပါ) ၄၄ မြို့နယ်၏ မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ဆန္ဒမဲပေးခဲ့သူဦးရေမှာ ၄၁၈၆၈၅၃ ဦးဖြစ်သော်လည်း ထုတ်ယူရရှိ ဆန္ဒမဲလက်မှတ်များအနက်မှ မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် ၄၀၈၄၂၈၁ စောင်ဖြစ်သဖြင့် ထုတ်ယူရရှိမဲလက်မှတ်သုံးစွဲမှု ၁၀၂၅၇၂ စောင်လျော့နည်းနေခြင်း၊

(ခ) ဆန္ဒမဲလက်မှတ်များ ထုတ်ယူရရှိမှုနှင့် အသုံးပြုမှုများတွင် မဲလက်မှတ် ၃၅၇၉၃၇ စောင် ပျောက်ဆုံးနေခြင်း၊

(ဂ) အချို့မဲရုံများတွင် မဲလက်မှတ်အပို ၉၁၄၅၀ စောင် တွေ့ရှိရခြင်း၊

(ဃ) ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ကြိုတင်ဆန္ဒမဲလက်မှတ်များ ကောက်ခံရာတွင် ကြိုတင်ဆန္ဒမဲလက်ခံဖြတ်ပိုင်းများနှင့် ဆန္ဒမဲလက်မှတ်အပိုများကို ဥပဒေနှင့်အညီ အပ်နှံရန် ပျက်ကွက်ခြင်း၊

(င) ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများလက်ဝယ်တွင် ဆန္ဒမဲလက်မှတ်နှင့် အသုံးပြုပြီး လက်ခံဖြတ်ပိုင်းများ ကျန်ရှိနေခြင်း၊

(စ) ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ဆန္ဒမဲလက်မှတ်နှင့် အသုံးပြုပြီး လက်ခံဖြတ်ပိုင်းများကို ရွေးကောက်ပွဲပြီး နောက်ပိုင်းမှသာ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများသို့ လာရောက်အပ်နှံခြင်း၊

(ဆ) ကြိုတင်မဲများ၏ ဆန္ဒမဲလက်မှတ်လက်ခံဖြတ်ပိုင်းများ၌ ဆန္ဒမဲပေးသူ၏ အမည်၊ မဲစာရင်း အမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအမည်၊ လက်မှတ် သို့မဟုတ် လက်ဗွေတို့ကို ဖြည့်သွင်း ရေးသားထားမှုမရှိဘဲ မဲပေးသုံးစွဲထားမှုများ တွေ့ရှိရခြင်း၊

(ဇ) နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင် အစုလိုက် အပြုံလိုက် ပါဝင်ပြီး မဲဆန္ဒရှင် သက်သေခံလက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခြင်း၊

(ဈ) ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်း၊

(ည) COVID–19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့် ညီညွတ်မှုမရှိသော ညွှန်ကြားချက်များ ထုတ်ပြန်၍ မဲစာရင်းများ ကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်း။

၉။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ(ကိုကိုးကျွန်းမြို့နယ်မပါ) ၄၄ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများစိစစ်ရာတွင် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့် ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။ ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးရာတွင် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုများရှိနေခြင်း၊ မဲဆန္ဒနယ်အလိုက် ဆန္ဒမဲလက်မှတ်များကို သတ်မှတ်အရေအတွက်ဖြင့် ရိုက်နှိပ်ထားခြင်းဖြစ်ရာ အပိုတွေ့ရှိမှုသည် ဆန္ဒမဲလက်မှတ်များ တရားမဝင် ရိုက်နှိပ်သုံးစွဲခဲ့ခြင်း၊ ရပ်ကွက်အလိုက် ကြိုတင်မဲများကောက်ခံသည့် ကြိုတင်မဲ လက်ခံဖြတ်ပိုင်းများနှင့် အသုံးမပြုဘဲကျန်ရှိနေသည့် ဆန္ဒမဲလက်မှတ်များကို သတ်မှတ်ညွှန်ကြားချက်နှင့်အညီ ပြန်လည်အပ်နှံမှုမရှိခြင်း၊ ဆန္ဒမဲလက်ခံဖြတ်ပိုင်း၌ ဆန္ဒမဲပေးသူ၏ အမည်၊ လက်မှတ် သို့မဟုတ် လက်ဗွေ၊ မဲစာရင်းအမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ ကျေးရွာ အမည် စသည်ဖြင့် ဖြည့်သွင်းရေးသားထားမှု မရှိခြင်း၊ မဲဆန္ဒရှင်ဦးရေထက် ဆန္ဒမဲလက်မှတ်များ ပိုမိုသုံးစွဲထားခြင်းတို့ကို စိစစ်တွေ့ရှိရသဖြင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ/နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ညောင်ဦးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါသတ်မှတ်စည်းကမ်းနှင့် ညီသည့်ဟိုတယ်များ ပြန်လည်ဖွင့်လှစ်

**ညောင်ဦး မတ် ၂၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံ-ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုဒေသသို့ ဘုရားဖူးလာရောက်သူများ အဆင်ပြေချောမွေ့စွာ တည်းခိုနိုင်ရန် ဟိုတယ်နှင့် တည်းခိုရိပ်များအား ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်ညီသည့် ဟိုတယ်၊ တည်းခိုရိပ်သာများအား မတ် ၂၁ ရက်မှ စတင်ဖွင့်လှစ်ခွင့်ပြုခဲ့ကြောင်း ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ကျော်အုန်းထံမှ သိရသည်။

ညောင်ဦးခရိုင် ပုဂံ-ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုဒေသအား ကိုဗစ်-၁၉ ရောဂါကြောင့် ၂၀၂၀ပြည့်နှစ် မတ်လတွင် ညောင်ဦးခရိုင်အတွင်းရှိ ဟိုတယ်နှင့် တည်းခိုရိပ်သာများ ပိတ်ထားခဲ့ကြောင်း၊ ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ပုဂံ-ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုဒေသအား ပြန်လည်ဖွင့်လှစ်ပေးခဲ့ကာ ယနေ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လမ်းညွှန်ချက်များနှင့်အညီ ဟိုတယ် ၈၈ လုံးအား ဖွင့်လှစ်ခွင့်ပြုခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုဂံရုံးခွဲမှသိရသည်။

ညောင်ဦးခရိုင် ကျောက်ပန်းတောင်း၊ ပုဂံ၊ ညောင်ဦးတွင် ဟိုတယ် စုစုပေါင်း ၉၄ လုံးနှင့် တည်းခိုရိပ်သာ ၃၈လုံးရှိကာ စုစုပေါင်း ၁၄၁ လုံးရှိကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုဂံရုံးခွဲထံမှ သိရသည်။ ဖွင့်လှစ်ရန်ကျန်ရှိနေသေးသည့် ဟိုတယ်နှင့် တည်းခိုရိပ်သာများကိုလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုထိန်၊ KPD**



# ဂါထာခြောက်ဆယ်ပျို့လာ နွေမိန်တပေါင်း

ကိုဖိုးအေး (မြန်မာ့အသံ)

ဆောင်းမာန်ဟုန်ကား ပြယ်လေပြီ။ ပင်အိုထက်မှ ဥဩပျို၏ တေးချိုချိုသံက သာလှသည်။ လွမ်းစစ ပျပျသဲ့သဲ့ ကြားနေရသည်။ တောင်လေရူးက တဖြူးဖြူး၊ နှင်းငွေ့လူလူ ပဝါဖြူကို ဆွဲယူချေဖျက်စ။ ရိုးတံပြိုင်းပြိုင်း နံကိုင်းကိုင်းဖြင့် ရွက်ဟိုင်းများကြွေကျ မြေသို့ခနေပြီ။ ဤကား နွေမိန်တပေါင်း။

နွေဦးကား ပန်းခပ်သိမ်းတို့ဖြင့် တင့်တယ်လှ၏။ စိမ်းညို့ပျိုမျစ် ရွက်နုသစ်တို့ဖြင့် စည်ကား၏။ လွင်လွင်ပျံ့ပျံ့ ကျေးငှက်သံတို့ဖြင့် သာယာ၏။ ပြာလဲ့ရေကြည် မြစ်နဒီတို့၏အလှကိုလည်း မြင်နေရ၏။ သဲသောင်ခုံမွမွ၊ တရွရွ တဖွေးဖွေး လွနေသည်က ကြည်နူးစရာ၊ နှင်းကြွင်းမြူတွဲတွဲတို့ကလည်း လွမ်းအောင်ဖန်နေပါတော့၏။ တောတစ်ခို လျှိုတစ်လျှောက်၊ လယ်တစ်လျှောက် ယာတစ်ခိုတို့၌ကား ညို့ညို့ငယ်ညီးပါလို့ ရှို့မီးက တထိန်ထိန်၊ သရဖီပန်း၊ ပေါက်လဲပန်းတို့က ရှုမငြီး။ တိမ်သက်တံရောင် အဝါပေါင်မှာ မှောင်တစ်ခါ၊ ပြာတစ်လှည့်၊ ညိုတစ်လီ၊ ရီတစ်ဖုံ အမြင်စုံရှုမငြီးအောင် ရှိနေပါတော့၏။ နွေမိန်တပေါင်းသည် တောရကျောင်းပျော် ရှင်ဥတ္တမကျော် စာဆိုတော်ကြီး၏ နှလုံးအိမ်တွင်း ဝင်ရောက်ခိုအောင်းခဲ့ဖူးလေရကား–

**“လေခဲမြေသက်၊ ဈာန်ဝိတက်သို့၊**
**သစ်ရွက်ရော်ရီ၊ ဣန္ဒနီဝယ်၊**
**သိင်္ဂီတစ်ဝက်၊ ဖက်၍ဆေးစုံ၊**
**ခြယ်သောပုံသို့၊ ရဂုံမြိုင်တွင်း၊**
**တောလုံးလင်းသာ”** ဆိုသည့် တောလားရတုသည် ပေရွက်ပေါ်တွင် ပေါ်လာခဲ့ပါတော့သည်။ မည်သည့်အခါမျှ ပျက်ပြယ်တော့မည် မဟုတ်သော နွေရာသီ၏ စာပန်းချီ ဖြစ်သည်။

**နွေရာသီတောလမ်းခရီး**

ပုထုဇဉ် သာမန်လူမဆိုထားဘိ သုံးလောကထွတ်ထား သဗ္ဗညု မြတ်စွာဘုရားသည်ပင်လျှင် နွေဦးရာသီကို စိတ်ညွတ်တော်မူဟန် ရှိသည်။ မြတ်စွာဘုရားသခင်အား ကပိလဝတ်ပြည် ဆွေတော်မျိုးတော်များရှိရာသို့ ကြွလာပါရန် ကာဠုဒါယီအမတ်ကြီး ပန်ကြားစဉ်က အမတ်ကြီးသည် နွေရာသီတောလမ်းခရီး၏ သာယာပုံကို ဂါထာခြောက်ဆယ် ဖွဲ့၍ လျှောက်ထားခဲ့ဖူးသည်။ ထိုနွေရာသီလ တပေါင်း၌ပင် မြတ်စွာဘုရားရှင်သည် ကပိလဝတ်ပြည်သို့ ကြွချီတော်မူခဲ့သည်။ သောတာပန်မထေရ်တို့ပင် မဖြေနိုင် မျက်ရည်စို့ရသော သာယာသည့် လွမ်းဖွယ်လတပေါင်းဖြစ်သည်။ ထို့ကြောင့် မျက်စိရှင်ရှင် ရှုမြင်တတ်သော စာရေးတော်ကြီး ဦးမောင်ကလေးက –

**“ဖြေမရဲပ ကြေကွဲကြုံအောင်**
**ငွေသဲစိန်မှုန် စေတီဆင့်လို့**
**ဘုရဏီပွင့် ယုန်နှင့်ချိန်တာရာ**
**မိန်ဦးသာတတ်စွာ၊**
**ထေကာဠုဒါ လျှောက်ဖွယ်လျှာငယ်**
**ခြောက်ဆယ်ဂါထာ စီကုံးပေးရလေး”**ဟု နွေရာသီဦးတွင် ကပိလဝတ်ပြည်သွား တောလမ်းတစ်လျှောက် သာသာယာယာရှိသည်များကို ဘုရားအား လျှောက်ထားပုံကို စာဆိုရှင်အုန်းညိုသည် ဂါထာခြောက်ဆယ်ဖြင့် ပျို့စီကုံး နှုန်းဖွဲ့လေသည်။ မြန်မာစာပေတွင် ထင်ပေါ်ကျော်ကြား လူသိများသော **“ပေလေးပင်ရှင်လေးပါး”** သိုက်ဝင် စာဆိုရှင်အုန်းညိုသည် ရှင်မဟာသီလဝံသ၏ တပည့်ဖြစ်သည်။ စာဆိုရှင်အုန်းညိုသည် ကဗျာကျမ်းအစောင်စောင်ကို မပြုစုခဲ့သော်လည်း ဂါထာခြောက်ဆယ်ပျို့တစ်စောင်တည်းဖြင့်ပင် ကျော်စောထင်ရှားလာသည့် စာဆိုဖြစ်သည်။ ဤပျို့ကို ရွှေနန်းကျော့ရှင်လက်ထက်တွင် ရေးသည်။ ၈၇၉ ခုနှစ်တွင် ပြီးသည်။ ဤပျို့သည် ဗုဒ္ဓဝင်ဂါထာများဖြစ်သော သီဟိုဠ် ဗုဒ္ဓဝင်အဋ္ဌကထာ၊ မြန်မာပေစာ ဗုဒ္ဓဝင်အဋ္ဌကထာပါဠိ၊ ကာဠုဒါယိတ္ထေရာ ပဒါနဝဏ္ဏနာ အပဒါန် အဋ္ဌကထာလာဂါထာတို့ကို မှီကာ မြန်မာကဗျာ လင်္ကာဆင်၍ ရေးသားဖွဲ့နွဲ့ခြင်း ဖြစ်သည်။

မြတ်စွာဘုရားသခင်၏ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက ဘုရားသခင်ထံ တမန်ကိုးခေါက်စေလွှတ်၍ ပင့်သည်။ သို့သော် မကြွလာသောကြောင့် ဖွားဖက်တော် ကာဠုဒါယီအမတ်ကြီးကို ဗိုလ်ခြေတစ်ထောင်နှင့်တကွ တမန်ပြု၍ ပင့်စေသည်။ ကာဠုဒါယီနှင့်အားလုံး ရဟန္တာဖြစ်ကုန်ကြပြန်သည်။

ထို့နောက် တပေါင်းလရာသီသို့ရောက်သည်တွင် ကပိလဝတ်ပြည်သို့ ကြွတော်မူစေခြင်းငှာ ရာသီ၏သာယာပုံ၊ သစ်သီးပန်းမန်တို့၏ နှစ်သက်ဖွယ်တင့်တယ်ပုံများကို သွားလိုသည့်ဆန္ဒပေါ်ပေါက်လာအောင် ဂါထာ ၆၀ တို့ဖြင့် ကာဠုဒါယီမထေရ်က လျှောက်ထားသည်။ ဤသို့ လျှောက်ထားရာတွင် အလျှောက်ကောင်းသောကြောင့် မြတ်စွာဘုရားသည် ကပိလဝတ်ပြည်သို့ ကြွတော်မူလေသည်။

စာဆိုရှင်အုန်းညိုသည် ဤအကြောင်းများကို ကျမ်းဂန်တို့တွင်ပြဆိုသည့် အနက်အဓိပ္ပာယ်အရ ပျို့အဖြစ် ကျနစွာ ရေးဖွဲ့လေသည်။ ပျို့တစ်ပုဒ်လုံးတွင် သမာဓိဂုဏ်ရောက်သော အရေးအဖွဲ့များဖြင့် ခြယ်လှယ်မွမ်းမံထားသည်။ ထို့ကြောင့် လွန်စွာသာယာနာပျော်ဖွယ်ရှိပြီး စိတ်မျက်စိ၌ အာရုံခံစားနိုင်သည်။ ကပိလဝတ်ပြည်ရှိ သုဒ္ဓေါဒန၊ ယသောဓရာဗိမ္ဗာဒေဝီ၊ သားတော် ရာဟုလာတို့ကို ထောက်ရှုတော်မူပါဘုရား။ သူတို့ဟာ နေ့စဉ် အရှင်ဘုရားကို မျှော်ရလွန်းလို့ ပန်းများ ညှိုးကျနေဘိသို့ ဖြစ်နေပါပြီဆိုသည်ကို ပျို့ဂါထာဖြင့် **“ကပ္ပိလတွင်၊ မွေးဖသုဒ္ဓေါ၊ တကာတော်က၊ ယသော်ဓရာ၊ ဗိမ္ဗာမြောက်သား၊ သည်းချာရာဟု၊ မျှော်ရာရှုလျက်၊ တစုတရုံး၊ ပန်းနှယ်ချုံးမျှ”**ဟု ဖွဲ့ဆိုထားသည်။

ဘုရားတပည့်တော် ပင့်လျှောက်နေတဲ့ ဒီချိန်ခါဟာ ချမ်းအေးတဲ့ ဟေမန္တ ဆောင်းရာသီကနေ ပြောင်းလာတဲ့ တပေါင်းနွေကာလ၊ ဂိမန္တ ဖြစ်ပါသည်ဘုရား။ အလွန်သာယာပျော်မြူးစရာကောင်းတဲ့ ဒီဥတုရာသီမှာဖြင့် သစ်ညွန့်များက နုနေဆဲ ဖြစ်ပါသည်။ မီးလျှံခဲလိုရဲပြီး တပြောင်ပြောင်ဖြင့် တစ်တောလုံးကုန်အောင်ကို ပွင့်နေကြသည်ချည်း ဖြစ်ပါတော့သည်ဘုရားဟု **“ချီးပင့်ရလှာ၊ ဤအခါကား၊ ဟေမာချမ်းဆောင်း၊ ကြွလှဲ့ပြောင်းသား၊ တပေါင်းနွေလ၊ ဂိမန္တဟု၊ သာလှပျော်မှု၊ သည်ရတု၌၊ ညွန့်နုဆဲဆဲ၊ မီးလျှံခဲသို့၊ ရဲရဲပြောင်ပြောင်၊ တောကုန်အောင်လည်း၊ ပွင့်ရောင်သည်ချည်း၊ ဖြစ်ပေါ်မည်၏”**ဟု ဖွဲ့ဆိုထားပါသည်။

> **မြင့်မြတ်တော်မူသော အရှင်ဘုရား၏ ရွှေဖဝါးတော်ဖြင့် ကြွရောက်တော်မူမည်ဆိုပါက ရှေးဦးစွာ ရောဟနီမြစ်ကို ရောက်ပါမည်။ ထိုမြစ်ကို ကူးပြီးပါက အရှင်ဘုရား ချစ်မြတ်နိုးတော်မူသော မိမိရပ်ဌာနေများ ဖြစ်ကြသည့် ကပ္ပိလနှင့် ကောလိယသို့ ရောက်ရှိတော်မူပါမည်။ ထိုအခါ အရှင်ဘုရား၏ သာကီဝင် အမျိုးအနွယ်တို့သည် ပျော်ရွှင်နှစ်သက်ကြပါမည်။ ရှိခိုးဦးခိုက်ကြပါမည်။ ကျွတ်ထိုက်သူအပေါင်းကို အထင်ကရချမ်းသာရာအရပ်သို့ ပို့ဆောင်ပေးတော်မူပါဘုရား။ သေခြင်းကင်းပြီး ငြိမ်းချမ်းသော အမြိုက်နိဗ္ဗာန်ရောက်ကြောင်း အကျင့်လမ်းစဉ်တရားကို ဆွေတော်မျိုးတော်သာကီဝင်အပေါင်း ရထိုက်ချိန်တန်ပြီ ဖြစ်ပါကြောင်း ရိုသေစွာလျှောက်ထားအပ်ပါသည်ဘုရားဟု အောက်ပါအတိုင်း ဂါထာခြောက်ဆယ်ပျို့တွင် စာဆိုရှင်အုန်းညိုက ဖွဲ့ဆိုထား**

**အေးမြသောအရသာကို ခံစားရ**

တောလမ်းတစ်လျှောက်၌ နှစ်သက်မြတ်နိုးစရာများချည်း ဖြစ်ပါတော့သည်။ မျှော်လေရာ၊ ကြည့်လေရာတို့မှာ ဆောင်းနှောင်းပုံရိပ်က စိတ်ကို ကြည်နူးစေပါတော့သည်။ သာယာသိမ်မွေ့၊ ညင်သာသော မြောက်လေအကြွင်းအကျန်လေးများကလည်း တိုက်ခတ်နေဆဲမို့ အေးမြသောအရသာကို ခံစားရမည် ဖြစ်ပါသည်။ ချမ်းအေးမကုန်၊ ပူရှိန်မပြင်း၊ စပ်ကူးမပ်ကူးခါနွေဦးမှာဖြင့် တိမ်မည်းညိုရိပ်နှင့် အသံများကို ထက်ကောင်းကင်မှာ မတွေ့ရ။ မြူမှုန်များရောယှက်၍ ပျံ့လွင့်နေသော မင်းလွင်အခိုးများကိုသာ တွေ့မြင်လို့နေရမှာ ဖြစ်ပါသည်။ ဤကား နွေအဦး၏ သဘာဝအဖြစ်ပုံရိပ်များပင် ဖြစ်ပါတော့သည်ဘုရားဟု လျှောက်ထားသည့်အဖွဲ့မှာ **“မျှော်မှုပျော်မှု၊ မျှော်ကြည့်ရှု၍၊ ရတုကောင်းစွာ၊ ဤအခါကား၊ သာသည်ညင်းညင်း၊ မြောက်လေကြွင်းနှင့်၊ ချမ်းခြင်းမကုန်၊ ပူဟုန်မသည်း၊ ပျံ့ပျံ့ဖြည်းသား၊ တိမ်မည်းမဆိုင်း၊ မြည်အိုင်ရိုက်ကျူး၊ မင်းလွင်မြူးသား၊ နွေဦးသနစ်၊ အခါဖြစ်၍”** ဟု ဖွဲ့ဆိုထားပေသည်။

တောလမ်းခရီးတစ်လျှောက်၌ ရှုချင်စဖွယ် ပန်းပင်များကိုလည်း တွေ့ရပါမည်။ ထိုပန်းပင်များ၌ နုနုဖတ်ဖတ် အသစ်ထွက်ပေါ်လာမည့် အညွန့်လေးများကိုလည်း တွေ့ရပါမည်။ ရာသီဥတုကလည်း သာယာပါသည်။ နွေကာလသို့ရောက်ရှိလို့လာပါပြီ။ ဤဆောင်းအကုန် နွေအဦးခရီးလမ်း၌ ပထမဦးစွာ ရှုမြင်ရမည်မှာ သစ်ခက်ချင်းယှက်နေသော သစ်ပင်များ ဖြစ်ပါသည်။ ထိုသစ်ပင်များ၏ ပင်စည်များသည် ဖြောင့်တန်းနေပါသည်။ သစ်ခက်သစ်လက်တို့မှာလည်း ကူးလူးယှက်သန်းနေကြပါသည်။ ထို့ကြောင့် အရိပ်ရလျက်ရှိပါသည်ဘုရား။ ထိုအပင်များမှ အင်္ဂုံအဖူးတို့သည် စီစီရီရီ စိုစိုပြည်ပြည် ရှိနေပါသည်။

တချို့အပင်များတွင် အပွင့်များပင် ပွင့်နေကြပါပြီ။ အပွင့်၊ အသီး၊ အကင်းကလေးများပင် ထွက်ပြူလို့နေကြပါသည်။ အသံများလည်း တိတ်ဆိတ်လျက်ရှိနေပါသည်ဟု **“ပေါ်လုပေါ်လု၊ ညွန့်သစ်နုနှင့်၊ ရတုသာထွေ ၊ နွေကားရောက်ပြီး၊ ဆောင်းအမြီးဟု၊ ခရီးလမ်းအလျဉ်၊ ခက်ချင်းယှက်သား၊ ပင်စည်ဖြူးဖြူး၊ ရိပ်စက်ကူး၍၊ ငုံဖူးစီစို၊ တချို့ကားပွင့်၊ ကင်းနှင့်မည်း”**ဟု ဖွဲ့လေသည်။

ခုအချမ်းပေ့ါသွားပါပြီ။ အလွန်လည်း မပူသေးပါ။ လေထဲမှာ အမှုန်များရစ်ဆိုင်းနေသော်လည်း ပြေပလောက်အောင် မရှိသေးပါ။ ထို့ကြောင့် နူးညံ့သိမ်မွေ့တဲ့ တောလမ်းခရီးရဲ့ အလှကို မဖျက်ဆီးနိုင်ပါ။ လေပြင်းများလည်း မတိုက်ခတ်သေးပါ။ အလွန်အမင်း မိုးမခြိမ်း၊ မိုးမအုံ့၊ မိုးမစွေသေးပါ။ ရေလည်းမကြီးပါဘုရားဟု **“ဤကာလကား၊ ချမ်းမြမသန်း၊ ပြင်းထန်မပူ၊ လွင်မြူမထောင်း၊ ညွန်ပျောင်းမချင်း၊ လေပြင်းမလာ၊ သည်းစွာထစ်ကြိုး၊ အုံ့မိုးမစွေ၊ ရေလည်းမကြီး”**ဟု ဖွဲ့သည်။

**တညီတညွတ်တည်း တိုင်ပင်ပူဇော်ကြ**

မြတ်စွာဘုရား ကြွချီတော်မူမည့် လမ်းခရီး၌ ဘုရားကြွလာသည်ကို ဖူးလိုသော တိရစ္ဆာန်တို့သည် တစ်ကောင်နှင့်တစ်ကောင် ရန်မမူကြဘဲ သင့်မြတ်ချစ်ခင်နေကြပါမည်။ ငါတို့သည် နောက်ဘဝက မှားသောအကျင့်ကို ကျင့်ကြံမိခဲ့ကြသဖြင့် ဤဘဝ၌ တိရစ္ဆာန် လာဖြစ်နေကြရသည်။ ယခု ဘုရားကြွလာပါက ဆုယူမည်။ နောင်ဘဝအတွက် ကောင်းကျိုးချမ်းသာကို ရှာဖွေကြကုန်အံ့။ ဤသို့လျှင် တညီတညွတ်တည်း တိုင်ပင်ပူဇော်ကြပုံကို ကွက်ကွက်ကွင်းကွင်းပေါ်အောင် ဖွဲ့နွဲ့ထားသည်။ **“တောမျောက်တောယုန်၊ မြုံးခုံဒရယ်၊ ဦးကျယ်ပွေးဖွတ်၊ တွင်းပဒတ်နှင့်၊ ချေဆတ်မည်ပြောက်၊ ချိုသင့်ရောက်သား၊ ထီးဆောက်မင်ဘား၊ သမင်ကြားလည်း၊ ဘုရားဟူသည်၊ဤလူ့ပြည်တွင်၊ ရောင်ခြည်တစ်ထောင်၊ ပြောင်ပြောင်ထွန်းပ၊ နေလမတူ၊ မြတ်စွာဟူ၏၊ အယူမှားစွာ၊ တို့တကာလည်း၊ မိစ္ဆာဇီဝ၊ ရှေးကကျင့်မှား၊ ပါယ်လေးပါးဘုံ၊ ဖြစ်ရတုံနှင့်၊ လုံ့ခြုံစုနှင်၊ တရားမင်းဝယ်၊ သီတင်းမြတ်ငွေ့၊ နည်းများတွေ့မူ၊ စုတေ့စုံဆန်၊ ကောင်းပါပြန်အံ့။”**

ယသောဓရာ ဗိမ္ဗာဒေဝီနှင့် မွေးသဖခင် သုဒ္ဓေါဒနမင်းကြီးတို့က မလျှော့တမ်း ဆိုမည်တသ မေးမြန်းနေကြပါသည်ဘုရား။ မိထွေးတော် ဂေါတမီ၊ ဘဒ္ဒကလျာဏီ၊ ညီတော် မင်းနန်မကျန် ဇာတိဗိမာန်ထဲမှာ ဆွေတော်မျိုးတော်အပေါင်းတို့ဟာ အရင်က အရှင်ဘုရားနှင့် အတူ နေခဲ့ထိုင်ခဲ့ကြတာတွေကို လွမ်းနေရတာဟာလည်း လွမ်းမပြေအောင် ဖြစ်နေရပါတော့သည်။ လွမ်းရသည်များမှာ ဆင့်ကဲဆင့်ကဲဖြင့် အရှင်ဘုရားအား လွမ်းပြီးရင်း လွမ်းနေရပါတော့သည်ဘုရားဟု ကာဠုဒါယီမထေရ်က မြတ်စွာဘုရားအား လျှောက်ထားပုံကို ဤသို့ဖွဲ့ဆိုထားသည်– **“မျောက်သားတော်နှင့်၊ သုဒ္ဓေါမွေးဖ၊ ရှုတတင်းမေး၊ မိထွေးဂေါတမီ၊ ကလျာဏီတို့၊ ညီကားမင်းနန်၊ မကျန်လုံးခြုံ၊ ဇာတိဘုံဝယ်၊ အပုံမျိုးပေါင်း၊ ဆွေရှစ်သောင်းတို့၊ လွမ်းဟောင်းမပြေ၊ လွမ်းထွေကဲဆင့်”**။

စာမျက်နှာ ၂၁ သို့ ❂




## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- ❖ နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော် လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော် လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာခတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချရန်။
- ❖ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း စသည့်နည်းလမ်းများအား ရေတွင်ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးရန်။
- ❖ ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။
- ❖ ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။
- ❖ အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်း မပြုရန်။
- ❖ ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသော အခြေအနေရှိရပါမည်)။
- ❖ ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။
- ❖ အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးရန်။
- ❖ မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများ ရနိုင်သမျှသိုလှောင်ထားရန်။
- ❖ ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ❖ ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန**

## စက်ရေတွင်းပျက်၍ သောက်သုံးရေအခက်ကြုံတွေ့နေသည့် ကျေးရွာနေပြည်သူများအား သောက်သုံးရေများ သွားရောက်လှူဒါန်း

**ညောင်ဦး မတ် ၂၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ထီးပုကျေးရွာအုပ်စု မှန်တောကျေးရွာတွင် စက်ရေတွင်းချို့ယွင်းပျက်စီးနေသဖြင့် ဒေသခံကျေးလက်နေပြည်သူများ သောက်သုံးရေအခက်အခဲများ ကြုံတွေ့နေရကြောင်း သိရ၍ ယမန်နေ့ နံနက် ၉ နာရီခွဲက ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာနေ ဦးဝင်းမင်းထွန်း ဦးဆောင်သော ပရဟိတရေလှူအဖွဲ့က ရေသယ်ယာဉ်တစ်စီးဖြင့် သောက်သုံးရေများ သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ် မှန်တောကျေးရွာသည် အိမ်ခြေ ၁၀၀ ကျော်ခန့်ရှိပြီး လူဦးရေ ၅၀၀ ကျော် နေထိုင်လျက်ရှိသည့် ကျေးရွာတစ်ရွာဖြစ်ကာ ဒေသခံပြည်သူများအနေဖြင့် သောက်သုံးရေအတွက် ကျေးရွာရှိ အဝီစိစက်ရေတွင်းကိုသာ မှီခိုအားထားပြု၍ သောက်သုံးနေရပြီး ယခုလို စက်ရေတွင်းချို့ယွင်းပျက်စီးသွားသည့်အချိန်တွင် အနီးဝန်းကျင် ကျေးရွာများသို့ သွားရောက်၍ သောက်သုံးရေဝယ်ယူသုံးစွဲနေရသဖြင့် ကျေးရွာနေပြည်သူများက ပွင့်လင်းရာသီကာလ သောက်သုံးရေပြတ်လပ်မှုမဖြစ်စေရေး လာရောက်လှူဒါန်းပေးရန် အကူအညီတောင်းခံမှုကြောင့် ယမန်နေ့ နံနက်ပိုင်းတွင် ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာမှ ဦးဝင်းမင်းထွန်း ဦးဆောင်သော ပရဟိတရေလှူအဖွဲ့က သောက်သုံးရေအလှူရှင် ရန်ကုန်မြို့နေ ဦးသိန်းတန်မိသားစုက လှူဒါန်းသည့် ရေဂါလန် ၁၆၀၀ အား အလှူရှင်မိသားစုကိုယ်စား သွားရောက်၍ ကျေးရွာရှိ အိမ်ခြေ၊ လူဦးရေအလိုက် သောက်သုံးရေဖူလုံစေရေး စနစ်တကျ ခွဲဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ရပ်ဝေးရပ်နီးမှ စေတနာရှင်ပြည်သူများအနေဖြင့် ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ ပွင့်လင်းရာသီကာလ သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရေးအတွက် သောက်သုံးရေများ ကုသိုလ်ပြု ပါဝင်လှူဒါန်းလိုပါက ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ ပရဟိတရေလှူအဖွဲ့မှ ဦးဝင်းမင်းထွန်း ဖုန်း ၀၉- ၄၂၀၃၈၀၇၇၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

❂ စာမျက်နှာ ၂၀ မှ

မြင့်မြတ်တော်မူသော အရှင်ဘုရား၏ ရွှေဖဝါးတော်ဖြင့် ကြွရောက်တော်မူမည်ဆိုပါက ရှေးဦးစွာ ရောဟနီမြစ်ကို ရောက်ပါမည်။ ထိုမြစ်ကို ကူးပြီးပါက အရှင်ဘုရား ချစ်မြတ်နိုးတော်မူသော မိမိရပ်ဌာနေများဖြစ်ကြသည့် ကပ္ပိလနှင့် ကောလိယသို့ ရောက်ရှိတော်မူပါမည်။ ထိုအခါ အရှင်ဘုရား၏ သာကီဝင်အမျိုးအနွယ်တို့သည် ပျော်ရွှင်နှစ်သက်ကြပါမည်။ ရှိခိုးဦးခိုက်ကြပါမည်။ ကျွတ်ထိုက်သူအပေါင်းကို အထင်ကရချမ်းသာရာအရပ်သို့ ပို့ဆောင်ပေးတော်မူပါဘုရား။ သေခြင်းကင်းပြီး ငြိမ်းချမ်းသော အမြိုက်နိဗ္ဗာန် ရောက်ကြောင်း အကျင့်လမ်းစဉ်တရားကို ဆွေတော်မျိုးတော်သာကီဝင်အပေါင်း ရထိုက်ချိန်တန်ပြီဖြစ်ပါကြောင်း ရှိသေစွာ လျှောက်ထားအပ်ပါသည်ဘုရားဟု အောက်ပါအတိုင်း ဂါထာခြောက်ဆယ်ပျို့တွင် စာဆိုရှင်အုန်းညိုက ဖွဲ့ဆိုထားလေသည်။

**“ရွှေစက်ချီ၍၊ ရောဟနီမြစ်၊ ကူးတုံလစ်က၊ ရှင်ချစ်ဌာန၊ ကပ္ပိလနှင့်၊ ကောလိယတွင်၊ သာကီဝင်တို့၊ ပျော်အင်နှစ်ခြိုက်၊ ရှိပန်းစိုက်အံ့၊ ကပ္ပိလနှင့် ကောလိယတွင်၊ ချမ်းသာရပ်ထင်၊ ပို့စေချင်သည်၊ မဂ္ဂင်အမြိုက်၊ တန်ပြီတည်း။”**

စာဆိုရှင်အုန်းညိုသည် ဂါထာခြောက်ဆယ်ပျို့ ရေးဖွဲ့လက်စွမ်းပြရာ၌ အလွမ်းသဘောတွင် ချစ်ခင်နှစ်သက်ခြင်း သင်္ဂါရရသ၊ စိတ်ငြိမ်အေးချမ်းခြင်း သန္တရသ၊ အံ့ဩခြင်း အဗ္ဘုတရသတို့ အကျုံးဝင်နေကြောင်းကိုလည်းကောင်း၊ သနားခြင်း ကရုဏာရသတို့ အကျုံးဝင်နေကြောင်းကိုလည်းကောင်း ရရှိသည်။

သာယာသော တပေါင်းလခါသမယ၌ ကပိလဝတ်ပြည်သို့ မြတ်စွာဘုရား ကြွမြန်းမည့် လမ်းတစ်လျှောက်ဝန်းကျင်ကို နှစ်သက်မြတ်နိုးစဖွယ်ဖြစ်အောင် ကာဠုဒါယီမထေရ်က လျှောက်တင်သည့်ပုံစံ ပျို့အဖြစ် စီကုံးနှုန်းဖွဲ့ထားသည်။ ထို့အပြင် ကပိလဝတ်ပြည်တွင် ရှိနေကြသော ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီး၊ ယသောဓရာ၊ သားတော် ရာဟုလာနှင့် သာကီဝင်နွယ်ဖွား ဆွေတော်မျိုးတော်တို့ကို သက်သက်သောအလွမ်း၊ သက်သက်သောအဆွေးဖြစ်အောင် စီကုံးနှုန်းဖွဲ့၍ ဘုရားအား လျှောက်တင်ရာ၌လည်း သင်္ဂါရရသ ဖြစ်ရပေသည်။ လမ်းတစ်လျှောက်ဝန်းကျင်တွင် နှစ်သက်စရာအပြည့်၊ ချစ်စရာအပုံ၊ မြတ်နိုးစရာအတိ၊ တကယ်စင်စစ် မုချရှိနေပုံလည်းရသည်ဟု ယူဆစရာရှိသည်။ ရသစာပေစာဆိုရှင်အုန်းညိုသည် ရာသီဥတုနှင့် တောလမ်းခရီးကို မြင်သောကြောင့် စိတ်လှုပ်ရှားမှု တစ်ခုခုဖြင့် မြင်သော ထိုမြင်ကွင်းကို အဓိကထား၍ ဖွဲ့ဆိုခြင်းဖြစ်သည်။

**နိမိတ်ကြီးလေးပါး**

နိဂုံးစကားကိုဆိုရလျှင် နိမိတ်ကြီးလေးပါးကို မြင်တွေ့ကာ နန်းစည်းစိမ်ကို စွန့်လွှတ်၍သံယောဇဉ်ဖြတ်ပြီး တောထွက်တရားကျင့်သည်။ ဘုရားပွင့်တော်မူကြောင်းကို ကပိလဝတ်ပြည်မှ ဖခမည်းတော်သုဒ္ဓေါဒနမင်းကြီးက သိသောအခါ မြတ်စွာဘုရားအား ပင့်စေသည်။ ထိုသို့ပင့်ရာတွင် အလွန်သာယာလှပသော ဆောင်းအကုန်နွေအကူးရာသီထူးသည့် တပေါင်းလချိန်ခါနှင့် ကြုံကြိုက်နေသောကြောင့် စာဆိုရှင်အုန်းညိုသည် တပေါင်းလ၏ တောလမ်းခရီးသာယာပုံတို့ကို ဂါထာခြောက်ဆယ်ပျို့၌ လက်စွမ်းပြထားခြင်း ဖြစ်သည်။

မြန်မာစာပေလောက၌ ဂါထာခြောက်ဆယ်ပျို့သည် စာတစ်ဆူပေတစ်ဖွဲ့၊ ထင်ရှားကျော်ကြား စာပေသမား လူကြိုက်များသော တပေါင်းလဘွဲ့ပျို့တစ်ဆူဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပေသည်။ ။

## ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီက စည်ပင်သာယာရေးအဖွဲ့များသို့ အမှိုက်သိမ်းယာဉ် ၃၄ စီး လွှဲပြောင်းပေးအပ်

**ပုသိမ် မတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီက တိုင်းဒေသကြီးအတွင်းရှိမြို့နယ်စည်ပင်သာယာရေးအဖွဲ့များသို့ အမှိုက်သိမ်းဟိုက်ဒရောလစ် သုံးဘီးယာဉ်များ လွှဲပြောင်းပေးအပ်ပွဲကို မတ် ၁၉ ရက် နံနက် ၁၀ နာရီက ပုသိမ်မြို့တော်ခန်းမ၌ ကျင်းပသည်။

ဧရာဝတီတိုင်းဒေသကြီး ကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်က ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိသည့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် စည်ပင်သာယာရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြရာ စွန့်ပစ်အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် အမှိုက်သိမ်းဟိုက်ဒရောလစ်သုံးဘီးယာဉ် ၃၄ စီးကို လွှဲပြောင်းပေးအပ်ခြင်းဖြစ်ကြောင်း၊ စည်ပင်သာယာရေးအဖွဲ့၏ ပုံရိပ်သည် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ၏ ပုံရိပ်ဖြစ်ကြောင်း၊ အချိန်မတိုင်ခင် ပျက်စီးယိုယွင်းမှုမရှိအောင် ယာဉ်များ၏ ပြင်ဆင်ထိန်းသိမ်းမှုအပိုင်းကိုလည်း မျက်ခြည်မပြတ်ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ သို့မှသာ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ကြမည်ဟုယုံကြည်ကြောင်း၊ မိမိတို့တာဝန်ယူရသည့် မြို့များကို သန့်ရှင်းသာယာစေရေး၊ ရေစီးရေလာကောင်းမွန်စေရေး၊ လမ်းတံတားများ ကောင်းမွန်စေရေးတို့အပြင် ပြည်သူလူထုအားလုံး စိတ်လက်ချမ်းသာစွာ အပန်းဖြေနိုင်မည့် ပန်းခြံကဲ့သို့နေရာများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များက မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသို့ အမှိုက်သိမ်းဟိုက်ဒရောလစ်သုံးဘီးယာဉ်များကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ကောင်စီအဖွဲ့ဝင်များက အမှိုက်သိမ်းယာဉ်များ၏ စွမ်းရည်ပြသမှုများကို ကြည့်ရှုခဲ့ကြသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၊ တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဖုန်းလွင်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်/မြို့များမှ အမှုဆောင်အရာရှိများ တက်ရောက်ခဲ့ကြပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးစည်းကမ်းများနှင့်အညီ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်း-ပုသိမ်ခရိုင် (ပြန်/ဆက်)**
**ဓာတ်ပုံ-မောင်မောင်မြင့် (ပြန်/ဆက်)**





## နေရပ်တွင်ပြန်လည်နေထိုင်လျက်ရှိသော ပြည်သူများအား ဆန်ရိက္ခာနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**မြစ်ကြီးနား မတ် ၂၁**

ကချင်ပြည်နယ်အတွင်းရှိ IDPs စခန်းများမှ ၎င်းတို့၏ နေရပ် နန်ဆန်ယန်ကျေးရွာ၌ ပြန်လည်အခြေချနေထိုင်လျက်ရှိသော မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ် နန်ဆန်ယန်ကျေးရွာမှ ပြည်သူများအတွက် ဆန်ရိက္ခာနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို မတ် ၂၀ ရက် နံနက် ၁၀ နာရီတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး ဆမားဒူဝါ ဆင်ဝါးနော်ခန်းမ၌ ကျင်းပသည်။

ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က ပြည်နယ်အတွင်းရှိ IDPs စခန်းမှ နေရပ်စွန့်ခွာပြည်သူများအား ၎င်းတို့၏ မူလနေရပ်သို့ ပြန်လည်အခြေချနေထိုင်နိုင်ရေးသည် စစ်မှန်သည့် ငြိမ်းချမ်းရေးရရှိမှသာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်ဟု ထုတ်ပြန်ကြေညာထားပြီးဖြစ်ကြောင်း၊ ပြည်နယ်အတွင်းရှိ IDPs စခန်းနေပြည်သူများ နေရပ်သို့ ပြန်လည်အခြေချနေထိုင်နိုင်ရေးကို မိမိတို့ကောင်စီအနေဖြင့် အဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်းညှိနှိုင်းပြီး ပြည်သူများနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးကျော်လင်းအောင်၊ ဦးမျိုးဆွေ၊ ဦးတိန့်ဆောင်နှင့် ပြည်နယ်ဥပဒေချုပ်ဒေါ်နန်းလှလှအေးတို့က နန်ဆန်ယန်ကျေးရွာတွင် ပြန်လည်အခြေချနေထိုင်လျက်ရှိသော အိမ်ထောင်စု ၁၁၆ စုတို့အတွက် ဆန်အိတ် ၁၀၀၊ ဟင်းချက်ဆီဘူး ၁၀၀၊ ဆားအထုပ် ၂၀၀ နှင့် ငွေကျပ် ၁၀၀၀၀ နှုန်းစီတို့ဖြင့် စုစုပေါင်းတန်ဖိုးငွေကျပ် ၅၃၅၆၀၀၀ နှင့် အလှူရှင်ခိုင်ခန့်မြဲကုမ္ပဏီက ဆန် ၂၇ အိတ်တို့ကို အသီးသီးထောက်ပံ့ပေးအပ်ကြရာ ဒေသခံပြည်သူများက လက်ခံရယူခဲ့ကြပြီး ကျေးရွာနေပြည်သူများကိုယ်စား ဘုန်းတော်ကြီး ဖာသာဒေါက်တာ ဂေါလူယုံဝါက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အခမ်းအနားတက်ရောက်လာကြသည့် ကျေးရွာနေပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးခဲ့ကြပြီး ဒေသခံပြည်သူများနှင့်အတူ မနက်စာကို အတူတကွစားသောက်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

❖ **သဖန်းဆိပ်မှ**

"သဖန်းဆိပ်ဆည်ကနေ နွေမှာ ဧက ၇၀၀၀၀ စာကို ရေပေးဖို့ လျာထားခဲ့တာပါ။ နွေစပါးကို ဆည်ရေမပေးနိုင်တဲ့အတွက် နှမ်းနဲ့ ပဲတီစိမ်းကို ဧက ၇၀၀၀၀ ကျော် စိုက်ပျိုးသွားမှာပါ။ အခုလောလောဆည် မြို့နယ်သုံးမြို့နယ်မှာ စိုက်ပျိုးပြီးတဲ့ ဧက ၂၀၀၀၀ ကို ရေဦးမြောင်းမတော်ကနေ ရေပေးဝေနေပါပြီ။ အခုစိုက်ပြီးတဲ့ သီးနှံထဲမှာ နှမ်းသီးနှံများတယ်။ ပဲတီစိမ်းကတော့ နည်းပါသေးတယ်။ ဧကအတိအကျကိုတော့ စာရင်းကောက်နေပါတယ်" ဟု ဦးအောင်ကြည်ဝင်းက ပြောကြားသည်။

ရွှေဘိုခရိုင်အတွင်းရှိ တန့်ဆည်၊ ရေဦး၊ ဒီပဲယင်းမြို့နယ်တို့တွင် ယခုနှစ်မတ်လ ပထမပတ်မှစတင်၍ နွေစပါးအစား စိုက်ပျိုးခဲ့သည့် နှမ်းနှင့် ပဲတီစိမ်းသီးနှံများကို ရေပေးဝေခဲ့ခြင်းဖြစ်သည်။

နွေနှမ်းနှင့် ပဲတီစိမ်း ဧက ၇၀၀၀၀ ကျော် စိုက်ပျိုးနိုင်ရန်မျှော်မှန်းထားပြီး သဖန်းဆိပ်ဆည်ရေကို ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ရေပေးဝေခဲ့ခြင်းဖြစ်သည်။

ယခင်နှစ်များက စစ်ကိုင်းတိုင်းဒေသကြီး အတွင်းတွင် သဖန်းဆိပ်ဆည်ရေဖြင့် နွေစပါးဧက သုံးသိန်းကျော် စိုက်ပျိုးခဲ့သော်လည်း ယခုအခါ ဆည်ရေဖြင့် နွေစပါးစိုက်ပျိုးနိုင်ခြင်း မရှိသဖြင့် မိုးစပါး ပိုမိုစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း – လူလေး**
**ဓာတ်ပုံ – ကန့်ဘလူ(ပြန်/ဆက်)**

## ရခိုင်ပြည်နယ် မောင်တောမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ဈေးရောင်း၊ ဈေးဝယ်သူများအား နှာခေါင်းစည်းများဖြန့်ဝေ

**မောင်တော မတ် ၂၁**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် မြို့မဈေးများရှိ ဈေးရောင်း၊ ဈေးဝယ်သူများအား မတ် ၂၀ ရက် နံနက် ၇ နာရီက နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ရဲနှင့်အဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်အေးသိန်းနှင့်အဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များ၊ မြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြို့မဈေးကြီး၊ မြို့မ သားငါးဈေးနှင့် ကညင်တန်းဈေးအတွင်းရှိ ဈေးရောင်း၊ ဈေးဝယ်သူများအား နှာခေါင်းစည်း ဖြန့်ဝေပေးခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များ သိရှိလိုက်နာ ဆောင်ရွက်ရမည့်အချက်များကို Handspeaker ဖြင့် နှိုးဆော်ခဲ့ကြပြီး နှာခေါင်းစည်း ၂၅၀၀ ခန့်အား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## မီးဘေးသင့်ပြည်သူများအတွက် ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ထောက်ပံ့ပစ္စည်းများပေးအပ်

**မြောက်ဦး မတ် ၂၁**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် တိန်ညိုကျေးရွာရှိ တိုက်ပွဲရှောင်စခန်းမှ မီးဘေးသင့် အိမ်ထောင်စု ၆၆၃ စုအတွက် ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီတို့ပူးပေါင်း၍ ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက တိန်ညိုကျေးရွာသစ် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

တိန်ညိုတိုက်ပွဲရှောင်စခန်းမှ မီးဘေးသင့်ခံရသော အိမ်ထောင်စု ၆၆၃ စုအတွက် ထောက်ပံ့ပစ္စည်းများဖြစ်သော မိုးကာစ၊ စောင်၊ ဆေးစိမ်ခြင်ထောင်၊ အမျိုးသားဝတ်ပုဆိုး၊ အမျိုးသမီးဝတ်လုံချည်၊ ကျောင်းသားဝတ်အင်္ကျီ၊ ဘောင်းဘီ၊ ကျောင်းသူဝတ်အင်္ကျီ၊ စကတ်၊ နိုင်လွန်ကြိုး၊ တူ၊ မီးဖိုချောင်သုံးပစ္စည်း ၁၄ မျိုးပါဝင်သော Family Kit ၆၆၃ ဘူး၊ တစ်ကိုယ်ရေသုံးပစ္စည်းများဖြစ်သော မျက်နှာသုတ်ပဝါ၊ သွားတိုက်တံ၊ သွားတိုက်ဆေး စသောပစ္စည်းကိုးမျိုးပါဝင်သည့် Hygiene Kit ၆၆၃ ဘူး၊ ခြင်ထောင် ၆၆၃ လုံးနှင့်Dignity Kit ၆၆၃ ခုတို့အား ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

အဆိုပါထောက်ပံ့ပစ္စည်းများပေးအပ်ရာသို့ ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးထွန်းရွှေ၊ ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးမြင့်ထွေး၊ စစ်တွေခရိုင်တပ်ဖွဲ့မှူး၊ မြောက်ဦးမြို့ ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဦးရွှေသန်း၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်းသိန်းလှိုင်၊ မြို့နယ်တပ်ဖွဲ့မှူး ဦးမြင့်အေးဦးဆောင်သော ကြက်ခြေနီတပ်ဖွဲ့ဝင် ၂၄ ဦး၊ ကျောက်တော်မြို့နယ်တပ်ဖွဲ့မှူး ဦးဗိုလ်အောင်သိန်း ဦးဆောင်သော တပ်ဖွဲ့ဝင်များနှင့် မီးဘေးသင့်ပြည်သူများတက်ရောက်ခဲ့ကြသည်။

**`ခင်မောင်ထွန်း (ပြန်/ဆက်)**

# ဆရာတော်များ၊ သီလရှင်များ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေး




**စစ်ကိုင်း**

စစ်ကိုင်းတောင်ရိုးနှင့်မြို့မကျောင်းတိုက်များရှိ ထေရ်ကြီးဝါကြီး ဆရာတော်သံဃာတော်များ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုဝင်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးစတင်ထိုးနှံပေးမှုကို မတ် ၂၀ ရက် နံနက်ပိုင်းက သက်မှတ်နေရာများတွင် ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကာကွယ်ဆေးများထိုးနှံပေးရာတွင် စစ်ကိုင်းတောင်ရိုးနှင့်မြို့မကျောင်းတိုက်များရှိ ဆရာတော်၊ သံဃာတော်များ၊ သီလရှင် ဆရာကြီး၊ ဆရာလေး အပါး ၂၀၀၀ တို့အား သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အာယုဒါနဆေးရုံကြီးနှင့် လေးကျွန်းမြေအုဋ္ဌကျောင်းတိုက်တွင်လည်းကောင်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများအား စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌လည်းကောင်း ကာကွယ်ဆေးများ စတင်ထိုးနှံပေးခဲ့ကြသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည့် နေရာအသီးသီးသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးခဲ့ကြပြီး လိုအပ်သည်များကို စီမံဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ဇော်မြင့်နိုင်**
**(ခရိုင် ပြန်/ဆက်)**

**ကျောက်ပန်းတောင်း**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့တွင် ရဟန်းသံဃာများနှင့် ဌာနဆိုင်ရာများအား ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို မတ် ၂၀ ရက် နံနက် ၉ နာရီက မြို့နယ်လုံးဆိုင်ရာ သာသနာ့ဗိမာန်တော်ကြီးတွင် ဒုတိယရက်အဖြစ် ဆက်လက်ထိုးနှံပေးသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းမပြုမီ ကိုယ်အပူချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်ခြင်းနှင့် ကျန်းမာရေးမှတ်တမ်းရယူခြင်းများကို စနစ်တကျဆောင်ရွက်ပေးခဲ့ပြီး သံဃာတော် ၉၁ ပါး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်း ၂၃၃ ဦး စုစုပေါင်း ၃၂၄ ဦးအား ထိုးနှံပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းကို မြို့နယ်ပြည်သူ့ဆေးရုံတွင် ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့် မိတ္ထီလာတပ်နယ်မှ ပါရဂူဗိုလ်ကြီးမျိုးမြင့်သိန်းဦးဆောင်၍ ကျန်းမာရေးဝန်ထမ်း ၃၅ ဦးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ စုစုပေါင်း ၅၀ ဖြင့် အဖွဲ့သုံးဖွဲ့ခွဲ၍ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **နေအောင်(ပြန်/ဆက်)**





**သရက်ချောင်း**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့ ပြည်သူ့ဆေးရုံ၌ မတ် ၂၀ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို တတိယနေ့ ဆက်လက်ထိုးနှံပေးသည်။

သူနာပြုဆရာ၊ ဆရာမများက ရဟန်းသံဃာတော်များ၊ အသက် ၆၅ နှစ်အထက် အသက်ကြီးဘိုးဘွားများနှင့် ဒေသခံပြည်သူများအား ဆေးထိုးခြင်းမပြုလုပ်မီ ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်များတိုင်းတာပေးခြင်း၊ အမည်စာရင်းကောက်ယူခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ဆေးထိုးမည့်နေရာသို့ အလှည့်ကျဝင်ရောက်စေကာ သက်ဆိုင်ရာ သူနာပြုဆရာမများက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးပေးခဲ့ပြီး ဆေးထိုးပြီးသူများကို မိနစ် ၃၀ ခန့် အနားယူစေခဲ့သည်။

ထိုသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည့်နေရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမိုးထွေးဦးနှင့် အဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးလာရောက်ထိုးနှံကြသည့် ရဟန်းသံဃာတော်များ၊ သက်ကြီးဘိုးဘွားများနှင့် ဒေသခံပြည်သူများအား အားပေးစကား ပြောကြားခဲ့သည်။

ပထမအကြိမ် တတိယနေ့ ဆေးထိုးပေးရာတွင် ရဟန်းသံဃာတော်ခြောက်ပါး၊ အသက် ၆၅ နှစ်အထက် သက်ကြီးဘိုးဘွား ၄၈ ဦးနှင့် ဒေသခံပြည်သူ ၄၈၇ ဦး စုစုပေါင်း ၅၄၁ ဦး လာရောက်ထိုးနှံခဲ့ကြောင်း၊ ဒုတိယအကြိမ်ကို ဧပြီ ၁၇ ရက်တွင် ပြန်လည်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးမှတ်တမ်းစာရွက်တွင် တစ်ခါတည်း ရေးသားပေးခဲ့ကြောင်း မြို့နယ်ကုသရေးစီးဌာနမှ သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**

## ရေလုံလောက်စွာသုံးစွဲနိုင်ရေး စက်ရေတွင်းတူးဖော်ခြင်းနှင့် ရေလှောင်ကန်တည်ဆောက်

**စစ်ကိုင်း မတ် ၂၁**

စစ်ကိုင်းမြို့ ဗိုလ်ချုပ်အောင်ဆန်းပန်းခြံနှင့် ရွှေမင်းဝံပန်းခြံတို့တွင် ရေလုံလောက်စွာသုံးစွဲနိုင်ရေးအတွက် စက်ရေတွင်းတူးဖော်ခြင်းနှင့် ရေလှောင်ကန်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့ စည်ပင်သာယာရေးကော်မတီမှ သိရသည်။

လက်ရှိတွင် ရွှေမင်းဝံပန်းခြံအတွင်းမှ စက်ရေတွင်းတစ်တွင်းတည်းဖြင့် အဆိုပါ ပန်းခြံနှစ်ခုအတွက် ရေသုံးစွဲနေရသောကြောင့် ရေလုံလောက်မှု ကောင်းစွာမရရှိသဖြင့် ယခုအခါတွင် ရွှေမင်းဝံပန်းခြံအတွင်း၌ စက်ရေတွင်းတစ်တွင်း တူးဖော်ပြီး ဗိုလ်ချုပ်အောင်ဆန်းပန်းခြံအတွင်း၌ ရေဂါလန် ၁၂၀၀၀ ဆံ့ ရေလှောင်ကန်တစ်ကန်တည်ဆောက်သွားမည်ဖြစ်ပြီး လက်ရှိတွင် ရွှေမင်းဝံပန်းခြံအတွင်း၌ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်က ပြောကြားသည်။

''ရွှေမင်းဝံပန်းခြံနဲ့ ဗိုလ်ချုပ်အောင်ဆန်းပန်းခြံက ရေလုံလောက်စွာရရှိရေးအတွက် ရွှေမင်းဝံပန်းခြံမှာက မြေအောက်ရေ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း လုပ်ဆောင်နေပါပြီ။ ပြီးတော့ ဗိုလ်ချုပ်ပန်းခြံမှာက ရေလှောင်ကန်တည်ဆောက်ပါမယ်။ ပထမ ရွှေမင်းဝံပန်းခြံအတွင်းက ရေတွင်းက ရေလုံလောက်စွာမရတဲ့အတွက် ထပ်တိုးချဲ့ပြီး တစ်တွင်းထပ်တူးတာပေါ့။ စုစုပေါင်း နှစ်တွင်းဖြစ်သွားမှာပေါ့။ လက်ရှိက ရွှေမင်းဝံပန်းခြံကနေ ဗိုလ်ချုပ်ပန်းခြံကို ပိုက်သွယ်တန်းပြီး ရေပေးတော့ မနိုင်တာပေါ့ ။ နွေရာသီမှာ ရေလုံလောက်စွာရရှိရေးအတွက် ထပ်တူးပြီး ဗိုလ်ချုပ်ပန်းခြံမှာ ကန်တည်ပြီးတော့ သာယာလှပရေးအတွက် သစ်ပင်ပန်းပင်တွေ ရေဖျန်းမှာပေါ့'' ဟု ၎င်းက ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသောကြောင့် ဗိုလ်ချုပ်အောင်ဆန်းပန်းခြံနှင့် ရွှေမင်းဝံပန်းခြံအတွင်းတို့၌ အများပြည်သူ ဝင်ရောက်အပန်းဖြေအနားယူခြင်းကို ခေတ္တယာယီပိတ်ထားသော်လည်း ပန်းခြံသာယာလှပရေးလုပ်ငန်းများကို စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးကော်မတီဝန်ထမ်းများက စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

**ခိုင်ဇေယျ**

## မိုင်းဖြတ်၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးပြုလုပ်

**မိုင်းဖြတ် မတ် ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားခြင်းကြောင့် အခြေခံပညာကျောင်းများကို ယာယီပိတ်ထားခဲ့ရာမှ ကျောင်းများ ပြန်လည်ဖွင့်လှစ်ခွင့်ရရှိပါက ကျောင်း၏ဥပဓိရုပ်များ ကောင်းမွန်စေရေးအတွက် ယမန်နေ့ နံနက် ၇ နာရီခွဲက နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက အမကကျောင်းများ၌ စုပေါင်းသန့်ရှင်းရေး ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ကျောင်းပတ်ဝန်းကျင် သာယာလှပစေရေး၊ ကျောင်းဥပဓိရုပ်များ ကောင်းမွန်စေရေးအတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်ရာသို့ မိုင်းဖြတ်တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီးအောင်ကိုစိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီအောင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မျိုးတို့က လာရောက်ကြည့်ရှု အားပေးခဲ့သည်။

တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင် စုစုပေါင်း ၁၄၀ တို့က အဖွဲ့များခွဲ၍ အမက (ပါပူး)၊ အမက ဝမ်မိုင်နှင့် အမက (ဝမ်ပုံ) ကျောင်းများ၌ ကျောင်းဥပဓိရုပ်ကောင်းမွန်စေရေးအတွက် ကျောင်းဝင်းအတွင်းရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ကျောင်းဝင်းအတွင်း အပြင် သန့်ရှင်းရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရွှေကို(မိုင်းဖြတ်)**

■



## ကျောက်ဆည်မြို့၌ ကြက်ဟင်းခါး တစ်ပိုင်တစ်နိုင်စိုက်ပျိုးရောင်းချသူများ အဆင်ပြေ



**ကျောက်ဆည် မတ် ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်သည် ဆည်မြောင်းချောင်းကန်ပေါများပြီး တောင်သူအများစုသည် ဆည်ရေသောက်စနစ်ဖြင့် ဆန်စပါးကို အဓိကထားစိုက်ပျိုးကြသော်လည်း မြစ်ဘေး၊ ချောင်းဘေးရှိ ကျွန်းမြေနှင့် သဲနုန်းမြေများတွင် ဘူး၊ ဖရုံ၊ သခွား၊ ကြက်သွန်၊ ခဝဲ၊ ကြက်ဟင်းခါး၊ နံနံ၊ ဆလတ်၊ မုန်ညင်း စသည့်မီးဖိုချောင်သုံးအသီးအနှံများ စိုက်ပျိုးကြကြောင်း သိရပြီး ကြက်ဟင်းခါးတစ်ပိုင်တစ်နိုင် စိုက်ပျိုးရောင်းချသူများကြောင့် မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

အပင်သက်တမ်းရက် ၃၀ ခန့်တွင် အပွင့်များစတင်ပွင့်လာပြီး ၄၅ ရက်သားတွင် အသီးများ စတင်ခူးဆွတ်ရောင်းချရကြောင်း သိရသည်။

ကြက်ဟင်းခါးသီးများ ခူးဆွတ်ရောင်းချရာတွင် လေးရက်တစ်ခါ ခူးဆွတ်ရောင်းချရကြောင်း၊ လက်လီရောင်းချပါက တစ်ပိဿာငွေကျပ် ၁၀၀၀ ရောင်းချရပြီး အဝယ်ဒိုင်သို့သွင်းပါက တစ်ပိဿာငွေကျပ် ၈၀၀ ရောင်းချရကြောင်း ကြက်ဟင်းခါးစိုက်ပျိုးရောင်းချသည့် ရန်ပုံနှစ်ကျေးရွာမှ တောင်သူဦးဝင်းခိုင်က ပြောကြားသည်။

ကြက်ဟင်းခါးစိုက်ပျိုးရာတွင် အသုံးပြုသည့် တိုင်နှင့် ဝါးများသည် တစ်ကြိမ်ဝယ်ထားပါက လေးနှစ် အထိအသုံးပြုရသောကြောင့် မိသားစုတစ်ပိုင်တစ်နိုင်စိုက်ပျိုးနိုင်ပါက အရင်းအနှီးအနေဖြင့် မျိုးစေ့ထုပ်ကုန်ကျငွေသာ စိုက်ထုတ်သုံးစွဲရပြီး ဝယ်ယူသူများကြိုက်နှစ်သက်သည့် မီးဖိုချောင်သုံးသီးနှံတစ်မျိုးဖြစ်သောကြောင့် ကုန်ကျစရိတ်နည်းပါးပြီး အမြတ်ငွေများသောကြောင့် တောင်သူများအနေဖြင့် စိုက်ပျိုးသင့်သည့် သီးနှံတစ်မျိုးဖြစ်ကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**

## ပြည်ပနှင့် ရန်ကုန်ဝယ်လက်များမရှိခြင်းကြောင့် ပဲမျိုးစုံဈေးကျ

**မုံရွာ မတ် ၂၁**

နိုင်ငံခြားနှင့် ရန်ကုန်ဝယ်လက်များ မရှိခြင်းကြောင့် ဖေဖော်ဝါရီပထမပတ်မှစကာ ပဲမျိုးစုံဈေးကျဆင်းလာကြောင်း မုံရွာကုန်စည်ဒိုင်တာဝန်ရှိသူထံမှ သိရသည်။

"ပဲမျိုးစုံဈေးအခြေအနေက နိုင်ငံခြားဝယ်လက်လည်းမရှိဘူး၊ ရန်ကုန်ကလည်း မဝယ်ဘူး၊ ငွေကြေးစီးဆင်းမှုကလည်း ခက်နေတယ်။ အဲဒီတော့ ဈေးမတက်နိုင်သေးဘူး။ ပဲနီဆိုရင် ပေါ်ခါစက တစ်တင်းကို ငွေကျပ် ၂၇၀၀၀ ပါ။ အခု ၂၀၀၀၀ ပဲရှိတယ်။ မြေထောက်ပဲဆိုရင် တစ်တင်းကို ငွေကျပ် ၃၁၀၀၀ ရှိရာက အခုဆိုရင် ငွေကျပ် ၂၈၀၀၀ ပဲရှိတာ။ ပဲရင်းဝါဆိုရင် တစ်တင်းကို ငွေကျပ် ၂၃၀၀၀ လောက်ရှိတာ အခု ၁၉၀၀၀ လောက်ပဲ ရှိတော့တာ။ ပဲစင်းငုံဆို ၂၆၅၀၀ ရှိရာက ၂၄၂၀၀ လောက်ပဲရှိတော့တာ။ ပဲဈေးတွေကျဆင်းသွားတာ။ ပဲဈေးတွေက ၂၀၀၀ နဲ့ ၃၀၀၀ ကြား ဈေးကျတာ။ ဝယ်လက်မရှိတော့ ဈေးကျတဲ့သဘောပါ" ဟု ၎င်းက ပြောကြားသည်။

မုံရွာကုန်စည်ဒိုင်အတွင်း ဖေဖော်ဝါရီပထမပတ်မှစ၍ ရောင်းဝယ်မှု မလုပ်တော့ဘဲ ဖုန်းဖြင့်သာချိတ်၍ ကြိုက်ရောင်း ကြိုက်ဝယ် အရောင်းအဝယ်ပြုလုပ်နေခြင်းဖြစ်သည်။

"ပဲထွက်နှုန်းက ဒီနှစ်တစ်ဝက်လောက်လျော့တယ်။ ပဲထွက်အားလျော့တော့ လက်ရှိဖြစ်ပေါ်နေတဲ့အချိန်နဲ့ဆိုတော့ ဈေးကမတက်နိုင်ဘူး။ မနှစ်က တောင်သူတစ်ယောက်ဆိုရင် တင်း ၅၀၀ ရတယ်ဆိုရင် ဒီနှစ်တင်း ၂၀၀ ကျော်ပဲရတယ်။ မိုးမကောင်းတာရယ်၊ ရာသီဥတုမကောင်းတာကြောင့် အထွက်နှုန်းလျော့သွားတာပါ။ မနှစ်ကတောင်သူတွေ ဧက ၂၀ ကျော်လောက်စိုက်ရင် မြေထောက်ပဲတင်း ၃၀၀ လောက်ရတယ်။ ဒီနှစ်က တင်း ၁၄၀ လောက်ပဲ ရတာပေါ့ဗျာ။ ထက်ဝက်လောက်လျော့သွားတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

လက်ရှိပဲဈေးကွက်အနေဖြင့် တစ်တင်းလျှင် ငွေကျပ် ၂၀၀၀ နှင့် ၃၀၀၀ ကြား လျော့ကျသွားခြင်းနှင့်အတူ ပဲအထွက်နှုန်းလျော့နည်းနေကြောင်း သိရသည်။

**လူလေး**

## ခရမ်းချဉ်သီးဈေးနှုန်း တစ်ပိဿာ ကျပ် ၃၀၀ ထိ ဈေးတက်



**ပခုက္ကူ မတ် ၂၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူဈေးကွက်သို့ ကျွန်းချောင်းဒေသထွက် ခရမ်းချဉ်သီးများ စတင်ဝင်ရောက်လာချိန် တစ်ပိဿာကျပ် ၃၀၀ ထိ ဈေးတက်လာခဲ့ကြောင်း ပခုက္ကူမြို့ မြနီလာကုန်စိမ်းပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်လှိုင်ထံမှ သိရသည်။

ပခုက္ကူမြို့နယ် ကျွန်းချောင်းဒေသကျေးရွာများမှ ထွက်ရှိလာသည့် ခရမ်းချဉ်သီးများ တစ်ရက်ပိဿာချိန် ၅၀၀၀၀ ခန့်ဝင်ရောက်လျက်ရှိကာ ခရမ်းချဉ်သီးဈေးနှုန်းမှာ လည်း တစ်ပိဿာကျပ် ၂၀၀ ဖြင့် နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီလတို့တွင်ရောင်းချခဲ့ရာ မတ်လတတိယပတ်တွင် ခရမ်းချဉ်သီးဈေးနှုန်း တစ်ပိဿာကျပ် ၅၀၀ ထိဈေးတက်လာခဲ့ကြောင်း သိရသည်။

ခရမ်းချဉ်သီးစိုက်ပျိုးခြင်းကို ရေရရှိသည့် မည်သည့်နေရာမဆို စိုက်ပျိုးနိုင်ကာ ပျိုးထောင်ချိန် တစ်စေ့တစ်အိတ်နှုန်းဖြင့် စတင်ပျိုးထောင်ရပြီး ပျိုးသက် ၁၈ ရက်ရှိလျှင် စိုက်မည့်စိုက်ခင်းသို့ ရွှေ့ပြောင်းစိုက်ပျိုးရကြောင်း၊ မြောင်းဘောင်စနစ်ဖြင့် ရေသွင်းမြောင်းပါ တစ်ပါတည်းပြုလုပ်စိုက်ပျိုးကြကြောင်း သိရသည်။

စိုက်ခင်းရွှေ့စိုက်ပြီး ရက် ၂၀ ခန့်ကြာလျှင် ခရမ်းချဉ်ပင်များမှ ခွ(ဂွ) ပွင့် စတင်ဖူးပွင့်လာကြောင်း၊ ဆက်လက်၍ အဖူးအပွင့်များ လှိုင်လှိုင်ပွင့်လာကာ အသီးများ စတင်သီးလာပြီး ၇၊ ၈ ရက်တွင် ခွသီးများ စတင်ဆွတ်ခူးရပြီး နောက်ထပ် နေရာစုံမှသီးလာသည့် ခရမ်းချဉ်သီးများ နှစ်ရက်တစ်ခါ၊ သုံးရက်တစ်ခါ ဆွတ်ခူးရောင်းချရကြောင်း ကျွန်းချောင်းဒေသ ရေပြာကျေးရွာ ခရမ်းချဉ်စိုက်တောင်သူ ဦးတင်လှိုင်က ပြောကြားသည်။

ခရမ်းချဉ်သီးတစ်ပိဿာကျပ် ၃၀၀ အထိဈေးတက်လာခြင်းသည် တောင်သူများ မျှော်လင့်သည့် ဈေးနှုန်းဖြစ်ကြောင်း၊ ခရမ်းချဉ်ပေါ်ချိန် အခြားဒေသများပါ ဆုံကျနေပါက ဈေးနှုန်း ကျဆင်းတတ်ကြောင်း၊ စောပေါ်ခြင်း၊ နောက်ကျပေါ်ခြင်းများက ခရမ်းချဉ်သီးဈေးနှုန်းရရှိရန် အခွင့်အရေးတစ်ရပ်ဖြစ်ကာ ကျေးလက်တောင်သူများ ဈေးနှုန်းရရှိမည့်အချိန် ကြိုတင်တွက်ဆစိုက်ပျိုးမှုများလာကြောင်း၊ ခရမ်းချဉ်သီးဈေး ကျပ် ၂၀၀ မှ ကျပ် ၅၀၀ ထိ ဈေးတက်လာခဲ့သည်။ **ကိုထိန်(KPD)**

## မြိတ်မြို့နယ်၌ ဆီထွက်နေကြာပင်များ စမ်းသပ်စိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်း

**မြိတ် မတ် ၂၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ ဆီထွက်သီးနှံတစ်မျိုးဖြစ်သည့်နေကြာပင်များကို စမ်းသပ်စိုက်ပျိုးလျက်ရှိရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှလက်ထောက်ဦးစီးမှူး ဦးအေးလွင်ထံမှ သိရသည်။

ကျွဲကူးကျေးရွာရှိ မြိတ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏စိုက်ပျိုးရေးအသိပညာပေး စင်တာအနီးရှိ ဌာနပိုင်လယ်ယာမြေပေါ်တွင် နေကြာသုံးဧကခန့်ကို စမ်းသပ်စိုက်ပျိုးခဲ့ရာတွင် မြိတ်ဒေသဘက်ရှိ မြေယာတို့နှင့် ကိုက်ညီမှုရှိပြီး အပင်ကြီးထွားမှု အောင်မြင်လျက်ရှိကြောင်း သိရသည်။

ယင်းဆီထွက်နေကြာပင်များကို စိုက်ပျိုးမည်ဆိုပါက လယ်ယာမြေများအတွင်း အစိုဓာတ်ရှိသည့် နိုဝင်ဘာလနှင့် ဒီဇင်ဘာလပိုင်းတို့တွင် စတင်စိုက်ပျိုးရန် ရာသီအကောင်းဆုံး အချိန်ဖြစ်ကာ အစိုဓာတ်ရရှိနေသည့်အတွက် ရေလောင်းပေးရန်မလိုကြောင်း၊ နေကြာစတင်စိုက်ပျိုးသည့်အချိန်မှ နှစ်လကျော်တွင် ပန်းများပွင့်ပြီး နေကြာပန်းပွင့်များ ရင့်မှည့်ခြောက်သွားသည့်အချိန်တွင် အစေ့များ ထုတ်ယူနေလှန်း ကြိတ်ခွဲ၍ နေကြာဆီများထုတ်ယူရရှိနိုင်ကြောင်း သိရသည်။

မြိတ်ဒေသရှိ မြေယာများတွင် စိုက်ပျိုးရန်သင့်တော်သည့် ဆီထွက်နေကြာများကို တောင်သူများနှင့် ဥယျာဉ်ခြံစိုက်ပျိုးရေးသမားများအနေဖြင့် စီးပွားဖြစ်တစ်ပိုင်တစ်နိုင် စိုက်ပျိုးနိုင်ရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပထမဦးစွာ စမ်းသပ်စိုက်ပျိုးခဲ့ရာတွင် အောင်မြင်လျက်ရှိသဖြင့် ဆီထွက်နေကြာများကို ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နေသူများအနေဖြင့် စိုက်ပျိုးလုပ်ကိုင်ပါက အောင်မြင်နိုင်ကြောင်း သိရသည်။

**မြင့်ဦး (မြိတ်)**



## ဂန္ဓမာပန်း စိုက်ပျိုးခြင်းဖြင့် နေ့စဉ် ဝင်ငွေရရှိ

**မိုင်းယောင်း မတ် ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်သည် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဥယျာဉ်ခြံစိုက်ပျိုးခြင်းကို လုပ်ကိုင်ကြသည်။ မြို့နယ်အတွင်းရှိ တောင်သူအချို့များသည် ဂန္ဓမာပန်းစိုက်ပျိုးခြင်းကို တစ်ပိုင်တစ်နိုင်အဆင့်မှ စီးပွားဖြစ် စိုက်ပျိုးကြသည်။

ဂန္ဓမာပန်းပျိုးပင်များကို ပြင်ဦးလွင်မှ ယူကြောင်း၊ စိုက်ပျိုးရာတွင် အကျယ် လေးပေ၊ အလျားပေ ၃၀ ရှိဘောင်တစ်ဘောင်တွင် အပင် ၁၀၀၀ ခန့် စိုက်ပျိုးနိုင်ကြောင်း၊ နေ့စဉ်ရေချိုးရေအေးအေးနှင့် တစ်နေ့တစ်ကြိမ် မှန်မှန်လောင်းရကြောင်း ဂန္ဓမာပန်းစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

ဂန္ဓမာပန်းကို နှစ်စဉ် ဩဂုတ်လတွင် ပုံမှန်စိုက်ပျိုးသော်လည်း ယခုအခါ တောင်သူများမှာ ၁၂ ရာသီ ကာလပတ်လုံး စိုက်ပျိုးလာကြသည်။ စိုက်ပြီး သုံးလခွဲခန့်တွင် ပန်းများကို ခူးဆွတ်ရောင်းချနိုင်ကြောင်း၊ တချို့ အောင်မြင်ဖြစ်ထွန်းသည့် စိုက်ခင်းများမှာ နှစ်ရက်ခြား၊ သုံးရက်ခြား ခူးဆွတ်ရောင်းချကြောင်း သိရသည်။

ဧကများများ စိုက်ပျိုးနိုင်ပါက ပန်းစိုက်တောင်သူများ ပို၍အဆင်ပြေသည့်အပြင် မီးဖိုချောင် အသုံးစရိတ်များအတွက်ပါ ကာမိစေနိုင်ပြီး နေ့စဉ် ပုံမှန်ဝင်ငွေ ရရှိနိုင်ကြောင်း ဂန္ဓမာပန်း စိုက်ပျိုးရောင်းချသူ အမျိုးသမီးတစ်ဦး၏ ပြောပြချက်အရ သိရသည်။

**စိုင်းအောင်ဇော်လင်း**

## သုံးခွမြို့နယ်၌ သံဃာတော်များ၊ အသက် ၆၅ နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေး



**သုံးခွ မတ် ၂၁**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်၌ သံဃာတော်များ၊ အသက် ၆၅ နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်ပြည်သူများအား ကိုဗစ်- ၁၉ ကာကွယ်ဆေး ထိုးနှံခြင်းကို မတ် ၁၉ ရက် နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် ထိုးနှံပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဝင်းသန်း ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးလာရောက်ထိုးနှံကြသည့် သံဃာတော်များ၊ အသက် ၆၅ နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများကို ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းပေးခြင်းများ ဆောင်ရွက်ပေးပြီး ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေး စနစ်တကျ ထိုးနှံပေးကာ ဆေးထိုးနှံသူများကို မိနစ် ၃၀ ခန့် အနားယူစေ၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပထမအကြိမ် ကာကွယ်ဆေး စတင်ထိုးနှံပေးခြင်းကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ထိုးနှံပေးလျက်ရှိပြီး ကာကွယ်ဆေးထိုးနှံရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မျိုးနိုင်နှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သုံးခွမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိအသက် ၁၈ နှစ် ပြည့်ပြီးသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းကို မတ် ၁၇ ရက်မှ ၃၀ ရက်အထိ ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**စည်သူလင်း**
**(ပြန်/ဆက်)**

## တာချီလိတ်မြို့၌ ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဧပြီ ၈ ရက်တွင် ထပ်မံထိုးနှံပေးသွားမည်



**တာချီလိတ် မတ် ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးကို မတ် ၁၁ ရက်မှစ၍ ၁၉ ရက်အထိ ထိုးနှံပေးခဲ့ရာတွင် တာချီလိတ်ခရိုင်အတွင်း ပြည်သူစုစုပေါင်း ၉၆၃၉ ဦး လာရောက်ထိုးနှံခဲ့ကြကြောင်း သိရသည်။

လူတစ်ဦးလျှင် ကာကွယ်ဆေးကို နှစ်ကြိမ်ထိုးနှံရမည်ဖြစ်ရာ ရက်သတ္တပတ်လေးပတ်ကြာမြင့်ချိန် ဧပြီ ၈ ရက်တွင် ဒုတိယအကြိမ် ဆက်လက်ထိုးနှံပေးသွားမည်ဟု သိရသည်။

ဧပြီ ၈ ရက်တွင် ဒုတိယအကြိမ် ထိုးနှံပေးစဉ်အတွင်း တစ်ကြိမ်မျှမထိုးရသေးသည့်သူများကို ထိုးနှံပေးသွားရန် စီစဉ်ထားကြောင်း သိရသည်။

ဆက်လက်၍ ခရိုင်ပြည်သူ့ဆေးရုံကြီးကို ၂၄ နာရီဖွင့်လှစ်ထားမည်ဖြစ်ပြီး ပြည်သူများအတွက် တပ်မတော်အထူးကုဆရာဝန်ကြီးများဖြင့် ဆေးဝါးကုသမှုပေးနိုင်ရန် စီစဉ်ထားကြောင်း၊ ပြည်သူများအနေဖြင့် ရေးယခင်ကကဲ့သို့ ပြည်သူ့ဆေးရုံကြီးတွင် ကျန်းမာရေးအတွက် ဆေးဝါးကုသမှုများကို လာရောက်ခံယူနိုင်ကြောင်း၊ လိုအပ်သောခွဲစိတ်ပစ္စည်းနှင့် အခြားစက်ပစ္စည်းကိရိယာများကိုလည်း ဝယ်ယူစုဆောင်းကာ ပြင်ဆင်ထားပြီးဖြစ်ကြောင်း ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်နိုင်ထံမှ သိရသည်။

**ယာဆေး(ပြန်/ဆက်)**

## ၂၀၂၁ ခုနှစ်အတွက် အာဆီယံဆု (ASEAN Prize 2021) လျှောက်ထားနိုင်ကြောင်းကြေညာ

၁။ အာဆီယံအသိုက်အဝန်းတည်ဆောက်မှု ပိုမိုအားကောင်းစေရေး၊ ဒေသတွင်းပေါင်းစည်းမှု မြှင့်တင်ရေး၊ အားလုံးပါဝင်မှုနှင့် ပြည်သူလူထုအကြား အာဆီယံနှင့်ပတ်သက်သည့် အသိအမြင်ဗဟုသုတ မြှင့်တင်ရေးတွင် စံနမူနာအဖြစ် စွမ်းစွမ်းတမံဆောင်ရွက်ပေးကြသော လူပုဂ္ဂိုလ်/အဖွဲ့အစည်းများ၏ အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ဂုဏ်သိက္ခာကြီးမားသည့် ဒေသဆိုင်ရာဆုတစ်ခုဖြစ်သော ၂၀၂၁ ခုနှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန်အတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်။

၂။ အဆိုပြုလျှောက်ထားသူများအနေဖြင့် သက်ဆိုင်ရာအာဆီယံဥက္ကဋ္ဌမှ သတ်မှတ်ထားသည့် ဆောင်ပုဒ်နှင့်အညီ အောက်ဖော်ပြပါနယ်ပယ်များတွင် တစ်ဖက်တစ်လမ်းမှ အားဖြည့်ဆောင်ရွက်နေသူများဖြစ်ရပါမည် -

(က) အာဆီယံ အဖွဲ့ဝင်နိုင်ငံများအကြား စွမ်းစွမ်းတမံပူးပေါင်းဆောင်ရွက်မှုများ
( ခ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား စွမ်းစွမ်းတမံပူးပေါင်းဆောင်ရွက်မှုများ
(ဂ ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ
(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ
(င) အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးအတွက် အထောက်အကူဖြစ်စေသည့် အခြားစွမ်းစွမ်းတမံ ဆောင်ရွက်ချက်များ

၃။ လက်ရှိ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများ အပါအဝင် ထင်ရှားသည့် အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသည့် အကဲဖြတ်ဒိုင်အဖွဲ့က ဆုရရှိသူကိုရွေးချယ်၍ အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀,၀၀၀ ကို ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ ဘန်ဒါဆရီဘီဂါဝန်မြို့၌ ကျင်းပမည့် (၃၄) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ပါသည်။

၄။ အဆိုပါဆုအားလျှောက်ထားသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အာဆီယံအခြေစိုက်အဖွဲ့အစည်း ဖြစ်ရမည်ဖြစ်ပြီး ပြည်သူဗဟိုပြုအာဆီယံအသိုက်အဝန်း တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူဖြစ်ကြောင်း အထောက်အထားတင်ပြနိုင်သူဖြစ်ရပါမည်။

၅။ ၂၀၂၁ ခုနှစ် အာဆီယံဆုအတွက် အဆိုပြုလျှောက်လွှာများကို ယခုကြေညာသည့်အချိန်မှစ၍ ဧပြီလ ၂၃ ရက်နေ့အထိ လက်ခံသွားမည်ဖြစ်ပြီး ပြည့်စုံစွာဖြည့်စွက်ထားသည့် လျှောက်လွှာများကို အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၉)၊ နေပြည်တော် (သို့မဟုတ်) dgasean@gmail.com သို့ သတ်မှတ်ရက်ထက်နောက်မကျစေဘဲ ပေးပို့လျှောက်ထားနိုင်ပါသည်။

၆။ လျှောက်ထားမည့် လူပုဂ္ဂိုလ် အဖွဲ့အစည်းများသည် အာဆီယံအသိုက်အဝန်းတည်ဆောက်ရေးနှင့် အာဆီယံဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို စာမျက်နှာ (၃) မျက်နှာမှ (၅)မျက်နှာအကြား အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ်ရေးသားဖော်ပြရမည်ဖြစ်ပါသည်။ လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https://asean.org/asean-prize-/ တွင် ရယူနိုင်ပါသည်။

၇။ ၂၀၁၈ ခုနှစ်တွင် အာဆီယံဆုစတင်ချီးမြှင့်ခဲ့သည့်အချိန်မှစ၍ ဖိလစ်ပိုင်၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့မှ ဆုများကိုအသီးသီးဆွတ်ခူးရရှိခဲ့ပါသည်။ မြန်မာနိုင်ငံသားများ (သို့မဟုတ်) မြန်မာနိုင်ငံအခြေစိုက်အဖွဲ့အစည်းများအနေဖြင့်လည်း အာဆီယံအသိုက်အဝန်းတည်ဆောက်ရေးလုပ်ငန်းများတွင် မိမိတို့၏ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ချက်များကို ဖော်ထုတ်ပြသနိုင်ရန်အတွက် အခွင့်အရေးကို အမိအရယူကြဖို့ တိုက်တွန်းအပ်ပါကြောင်းနှင့် အသေးစိတ်ကို ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များတွင် အသုံးပြုသည့် လက်လုပ်သေနတ်များ လက်ဝယ်ကိုင်ဆောင်ထားရှိသူများအား ဖမ်းဆီးရမိ



**နေပြည်တော် မတ် ၂၁**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် CDM လှုပ်ရှားမှုကို အခြေခံ၍ ဆူပူအကြမ်းဖက်မှုကို လိုလားသောအဖွဲ့အစည်းများနှင့် လူအုပ်စုအချို့သည် နည်းမျိုးစုံ အသုံးပြုပြီး သွေးထိုးလှုံ့ဆော်မှုများအား ဆောင်ရွက်လာသောကြောင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဖွဲ့များခွဲ၍ လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မတ္တရာမြို့နယ် စကျင်ကျေးရွာအတွင်း လက်လုပ်သေနတ်များထားရှိသည်ဟု သတင်းရရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေစဉ် ဆူပူအကြမ်းဖက်သူ ၁၀၀ ခန့်က ကျေးရွာအတွင်း အဝင်မခံဘဲ တားဆီး၍ နှောင့်ယှက်လျက်ရှိသဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လူစုခွဲခဲ့ခြင်းများ ဆောင်ရွက်ခဲ့ရာ ဆူပူအကြမ်းဖက်သူများထဲမှ အမျိုးသား ၂၄ ဦး၊ အမျိုးသမီးတစ်ဦးတို့ကို ဖမ်းဆီးရမိခဲ့ပြီး လက်လုပ်သေနတ်နှစ်လက်အား သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ်(၈၄)လမ်း၊ လမ်း(၄၀)နှင့် (၄၁)လမ်းကြားရှိအောင်ကြီးဆီဇာဗီနိုင်းဆိုင်အား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်တာဝန်ရှိသူများက ရှာဖွေရာ တရားမဝင်ပုံနှိပ်ထုတ်ဝေမှုများနှင့်သက်ဆိုင်ရာ ဗီနိုင်းစက်များ၊ နိုင်ငံတော်အကြည်ညိုပျက်စေသည့် စာရွက်စာတမ်းများအပြင် ဆူပူဆန္ဒပြမှုများတွင် အထောက်အကူပြုဗီနိုင်းဆိုင်းဘုတ်များ ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

၎င်းအပြင် စဉ့်ကူးမြို့နယ် ရွာသစ်ကြီးကျေးရွာအတွင်းသို့ သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေခဲ့ရာ ကျော်မျိုးသန့်(ဘ)ဦးတိုးညွှန့်ကို ဂက်စ်ဘူး၊ ကော်ပိုက်အပြာဖြင့် ပြုလုပ်ကာ ဖန်ဂေါ်လီထည့်ပစ်ရသည့် လက်လုပ်သေနတ်တစ်လက်နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ထို့အတူ ကျောက်ဆည်မြို့ တောင်နံ့သာရွာတွင် လက်လုပ်သေနတ်များ ပြုလုပ်ရောင်းချနေသည်ဟု သတင်းရရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေရာ ကြည်သာဦး(ဘ)ဦးညိုလှကို နေအိမ်တွင် လက်လုပ်သေနတ်ပြုလုပ်သည့် ဆက်စပ်ပစ္စည်းများ တွေ့ရှိရပြီး စစ်ဆေးမေးမြန်းခဲ့ရာ အဆိုပါကျေးရွာနေ တင်မြင့်ဆွေ(ဘ)ဦးထွန်းရွှေနှင့် တိုင်းကျော်(ဘ)ဦးခင်မောင်တို့အား လက်လုပ်သေနတ် တစ်လက်စီရောင်းချထားကြောင်း သိရှိရပြီး အဆိုပါကျေးရွာနေ ဇော်မင်းနောင်(ဘ)ဦးစိန်သောင်း၏ အလုပ်ရုံတွင် လက်လုပ်သေနတ်နှင့် လက်လုပ်မိုင်းများပြုလုပ်ရန်အတွက် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းထားကြောင်း သိရှိရသဖြင့် ထပ်မံသွားရောက် ရှာဖွေရာ လက်လုပ်သေနတ် နှစ်လက်နှင့်အတူ ဆက်စပ်ပစ္စည်းများ ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ထို့အတူ စဉ့်ကိုင်မြို့နယ် ဘဲလင်းအုပ်စု ဉာဏ်ကွေ့ကျေးရွာနေ မြင့်ဇော်ထွန်း (ဘ)ဦးမောင်မြင့်နှင့် ရန်နောင်(ဘ)ဦးရန်အောင်အေးတို့သည် အရက်ဆိုင်တွင် အရက်သောက်စကားများရန်ဖြစ်၍ မြင့်ဇော်ထွန်းမှ ရန်နောင်အား လက်လုပ်သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးထိန်းသိမ်းကာ လက်လုပ်သေနတ်အား သိမ်းဆည်းရမိခဲ့ပြီး ဒဏ်ရာရရှိသူအား နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေခဲ့သည်။

၎င်းအပြင် ရမည်းသင်းမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လှည့်ကင်းများ ဆောင်ရွက်နေစဉ် အောင်မင်္ဂလာရပ်ကွက်၊ အောင်ပြည့်အောင် ဘုန်းတော်ကြီးကျောင်းအနီး သရက်ပင်အောက်တွင် ဂက်စ်ဘူး၊ ကော်ပိုက်အပြာဖြင့် ပြုလုပ်ကာ ဖန်ဂေါ်လီထည့်ပစ်ရသည့် လက်လုပ်သေနတ် တစ်လက် ကိုင်ဆောင်ထားသူတစ်ဦး တွေ့ရှိသဖြင့် လက်လုပ်သေနတ်နှင့်အတူ ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရန်ပြုတိုက်ခိုက်ခဲ့သူများနှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများ လက်ဝယ်ထားရှိသူများကို ဥပဒေအရ ပြင်းထန်စွာ အရေးယူနိုင်ရေး သက်ဆိုင်ရာ ရဲစခန်းများ၌ အမှုဖွင့်လှစ်ဆောင်ရွက်ထားရှိကြောင်းနှင့် ထွက်ပြေးတိမ်းရှောင်လျက်ရှိသူများကို အချိန်တိုအတွင်း ဖမ်းဆီးရမိရေး တာဝန်သိပြည်သူများနှင့် ပူးပေါင်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နှင့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ မြင်းခြံမြို့တို့၌ ဆူပူအကြမ်းဖက်သူ လူစုလူဝေးအား ဖြိုခွဲထိန်းသိမ်း



**နေပြည်တော် မတ် ၂၁**

ဆူပူအကြမ်းဖက်သူများက အများပြည်သူအသုံးပြုလျက်ရှိသောလမ်းမကြီးများ၊ လမ်းသွယ်များအား အတားအဆီးများဖြင့် ပိတ်ဆို့တားဆီးခြင်းများ ပြုလုပ်လျက်ရှိသောကြောင့် သွားလာမှုများတွင် အခက်ခဲများဖြစ်ပေါ်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အတားအဆီးများ ရှင်းလင်းဖယ်ရှားရေးနှင့် လမ်းများ ပြန်လည်အသုံးပြုနိုင်ရေးတို့အတွက် လူအင်အား၊ ယာဉ်/ ယန္တရားအင်အားတို့ဖြင့် နေ့စဉ် ဆောင်ရွက်လျက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိစဉ် မတ် ၂၁ ရက် နံနက် ၁၀ နာရီခန့်တွင် မုံရွာမြို့ နန္ဒဝန်ရပ်ကွက် ဗိုလ်တေဇလမ်းနှင့် မေတ္တာလမ်းဆုံတွင် ဆူပူအကြမ်းဖက်သူ အင်အား ၂၅၀ ခန့်က လမ်းမကြီးအား အတားအဆီးများဖြင့် ပိတ်ဆို့၍ အများပြည်သူသွားလာရေးကိုနှောင့်ယှက်လျက်ရှိကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က အခြေအနေအား ထိန်းသိမ်းဖြေလျှော့ရန် သွားရောက် ဆောင်ရွက်ပေးသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆူပူအကြမ်းဖက်သူများ အတားအဆီးများမပြုလုပ်ရေးနှင့် လူစုခွဲပေးရေး၊ ဥပဒေနှင့်အညီ ညှိနှိုင်းဖြေလျှော့ခဲ့သော်လည်း ဆူပူအကြမ်းဖက်သူများက လိုက်နာမှုမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များကို အသက်အန္တရာယ်ထိခိုက်စေနိုင်သည်အထိ ဂက်(စ်)သေနတ်၊ လေးခွ၊ ဂျင်ကလိ၊ မိုန်း၊ ဓာတ်ဆီပုလင်း၊ မီးရှူးမီးပန်း၊ ပြောက်အိုးများဖြင့် အကြမ်းဖက်ရန်ပြုတိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်း နှိမ်နင်းရေးလက်နက်များဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရသည်။

ဆူပူအကြမ်းဖက်သူများကို လူစုခွဲခဲ့ရာတွင် လူအုပ်စုအတွင်းမှ အမျိုးသားတစ်ဦးမှာ ထိခိုက်ဒဏ်ရာများရရှိကာ သေဆုံးခဲ့ကြောင်းနှင့် ရဲလုပ်ငန်းများနှင့်အညီ သေမှုသေခင်း ရေးဖွင့်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

မတ် ၂၁ ရက် မွန်းလွဲ ၁ နာရီ ၂၅ မိနစ်ခန့်တွင် ချမ်းမြသာစည်မြို့နယ် (၁၀၆)လမ်း၊ (၅၂)လမ်းနှင့် ၅၃ လမ်းကြား၌ ဆူပူအကြမ်းဖက်သူ လူစုလူဝေး ၁၅၀ ခန့်သည် အတားအဆီးများဖြင့် လမ်းပိတ်ဆို့ခြင်း၊ အော်ဟစ်ဆူပူဆဲဆိုခြင်းများပြုလုပ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂျင်ကလိ၊ လေးခွ၊ မီးကွင်းများ၊ လက်လုပ်သေနတ်များဖြင့် အရက်မူးရူးခြင်း၊ စိတ်ကြွရူးသွပ်ဆေးပြားများ သုံးစွဲထားခြင်း စသည့်ပုံသဏ္ဍာန်များဖြင့် အသိဉာဏ် ဆင်ခြင်တုံတရားကင်းမဲ့စွာ အကြမ်းဖက်ပစ်ခတ်ခြင်းများ ပြုလုပ်၍ ရန်ပြုတိုက်ခိုက်ကြသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဆူပူအကြမ်းဖက်သူ လူစုလူဝေးအား ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်နက်များအား လုယူရန်အထိ ကြံရွယ်ဆောင်ရွက်လာသဖြင့် အဓိကရုဏ်းနှိမ်နင်းရေးလက်နက်ဖြင့် ပစ်ခတ်လူစုခွဲခဲ့ရာ ဆူပူအကြမ်းဖက်သူများအနက်မှ အမျိုးသားတစ်ဦး ဒဏ်ရာရသေဆုံးခဲ့ကြောင်း သိရှိရသည်။ အဆိုပါသေဆုံးမှုအတွက် ရဲလုပ်ငန်းစဉ်များနှင့်အညီ သေမှုသေခင်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး အောင်ပင်လယ်ရပ်ကွက်၊ ထွန်းတုံးရပ်ကွက်နှင့် အောင်မြေသာစံမြို့နယ် ပြည်ကြီးမျက်ရှင်ရပ်ကွက်များနှင့် မြင်းခြံမြို့နယ်အတွင်းရှိ ရပ်ကွက်များ၌ ယနေ့ နံနက်ပိုင်းတွင် အများပြည်သူသွားလာရေး အဆင်ပြေစေရန် လမ်းများပေါ်ရှိ အတားအဆီးများကို လူအင်အား၊ ယာဉ်/ယန္တရားအင်အားတို့ဖြင့် ရှင်းလင်းမှုများ ဆောင်ရွက်ပေးစဉ် ဆူပူအကြမ်းဖက်သူများက မီးပုလင်းများ ပစ်ပေါက်ခြင်း၊ တုတ်၊ ဓား၊ ဂျင်ကလိ၊ လေးခွများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အနည်းဆုံးအင်အား၊ အနိမ့်ဆုံးအဆင့်ဖြင့် ဖြေလျှော့ရှင်းလင်းခဲ့ပြီး အကြမ်းဖက်မှုတွင် ပါဝင်ပတ်သက်သူ အမျိုးသား ၃၀ အား ခေတ္တထိန်းသိမ်းခဲ့ပြီး လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှု ရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်

**နေပြည်တော် မတ် ၂၁**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှ စတင်၍ လုံခြုံရေးအား ပြည့်ဝစွာဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ပြည့်ဝစွာ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မင်္ဂလာဒုံမြို့နယ် ကြံခင်းစုရပ်ကွက် သိဒ္ဓိလမ်းနှင့် သစ္စာလမ်းတို့ရှိ အတားအဆီးများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းပေး၊ အတားအဆီးပြုလုပ်သူများကို ဖမ်းဆီးထိန်းသိမ်း

**နေပြည်တော် မတ် ၂၁**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အတွင်း ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လှည့်ကင်း၊ ပတ်ကင်းများ ဆောင်ရွက်ပေးလျက်ရှိစဉ် မတ် ၂၀ ရက် ည ၁၁ နာရီခွဲခန့်တွင် ကြံခင်းစုရပ်ကွက် သိဒ္ဓိလမ်းနှင့် သစ္စာလမ်းတို့၌ အတားအဆီးများ ပြုလုပ်ထားကြောင်း တွေ့ရှိရသဖြင့် အများပြည်သူများ သွားလာရေး အဆင်ပြေချောမွေ့စေရန်အတွက် အတားအဆီးများကို ဖယ်ရှားရှင်းလင်းပေးခဲ့သည်။

ထိုသို့ အများပြည်သူ သွားလာရေးခက်ခဲစေရန် အတားအဆီးများ ပြုလုပ်သူများကို စုံစမ်းဖော်ထုတ်ခဲ့ရာ ကြံခင်းစုရပ်ကွက် တေဇူလမ်း အမှတ်(၁၇)နေ ဦးသန်းဆွေ(ဘ) ဦးကျော်သန်းနှင့် ကြံခင်းစုရပ်ကွက် သိဒ္ဓိလမ်း အမှတ်(၂၆)နေ ဒေါ်ဇာပွင့်(ခ)ဇာဇာအောင် ဆိုသူ နှစ်ဦးက ဦးဆောင်ပြုလုပ်ခဲ့ကြောင်း သိရှိရသဖြင့် နေအိမ်များသို့သွားရောက်စစ်ဆေးခဲ့ရာ ဦးသန်းဆွေကို ၎င်းနေအိမ်၌ တွေ့ရှိခဲ့ရကြောင်း၊ ဒေါ်ဇာပွင့်ကို ၎င်းနေအိမ်တွင် တွေ့ရှိခြင်းမရှိဘဲ ခင်ပွန်းဖြစ်သူ ဦးဇေယျာထွေး(ဘ)ဦးသောင်းထွေးကို တွေ့ရှိခဲ့ရပြီး နေအိမ်အတွင်း၌ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဓာတ်ဆီပုလင်း သုံးလုံး၊ သံဒိုင်း သုံးခု၊ ဓာတ်ငွေ့ကာ မျက်မှန် သုံးလက်၊ အလှူငွေကောက်ခံမှုများ ရေးမှတ်ထားသည့် စာအုပ် ငါးအုပ်တို့ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ အများပြည်သူ အသုံးပြုလျက်ရှိသော လမ်းများပေါ်တွင် အတားအဆီးများ ဆောင်ရွက်ခဲ့သူနှင့် ဆူပူအကြမ်းဖက်မှုတွင်အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသူတို့အား ဥပဒေအရအရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းသို့ လွှဲပြောင်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ဦးဇေယျာထွေး



ဦးသန်းဆွေ

# ကျောက်ပန်းတောင်းမြို့အတွင်း လှည့်ကင်းဆောင်ရွက်ပေးလျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်လူတစ်စုက ရန်ပြုတိုက်ခိုက်

**နေပြည်တော် မတ် ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ မြို့မဈေးအနီးပတ်ဝန်းကျင်၌ မတ် ၂၀ ရက် ညပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လှည့်ကင်းဆောင်ရွက်ပေးလျက်ရှိစဉ် အကြမ်းဖက်လူတစ်စုက ရန်ပြုတိုက်ခိုက်ခဲ့ခြင်းကြောင့် စစ်သည်တစ်ဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။

ကျောက်ပန်းတောင်းမြို့နယ်သည် ပုဒ်မ-၁၄၄ ထုတ်ပြန်ထားပြီး ည ၈ နာရီ မှ နံနက် ၄ နာရီအတွင်း ညမထွက်ရအမိန့် ထုတ်ပြန်ထားသည့် မြို့နယ်တစ်ခုဖြစ်သည်နှင့်အညီ ပြည်သူများလုံခြုံအေးချမ်းစွာဖြင့် အနားယူနိုင်ရေးနှင့် ရပ်ရွာတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပျက် လှည့်ကင်းများဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ မတ် ၂၀ ရက် ည ၁၀ နာရီခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်ပန်းတောင်းမြို့ မြို့မဈေးအနီးပတ်ဝန်းကျင် လုံခြုံရေးအတွက် လှည့်ကင်းဆောင်ရွက်ပေးစဉ် မြို့နယ်စည်ပင်ရုံးအနီးဈေးလမ်း၌ လူတစ်ဦးနှင့် ဆိုင်ကယ်တစ်စီးတွေ့ရှိရသဖြင့် ခေါ်ယူစစ်ဆေးနေစဉ် လမ်း၏ဆန့်ကျင်ဘက်အရပ်မှ လူနှစ်ဦးပါ ဆိုင်ကယ်တစ်စီး အရှိန်ပြင်းစွာမောင်းနှင်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦးက တားဆီးခဲ့ရာရပ်တန့်မှုမရှိသည့်အပြင် တားဆီးသည့် စစ်သည်၏မျက်နှာအား တုံးသော လက်နက်ဖြင့် ရန်ပြုတိုက်ခိုက်ထွက်ပြေးသွားခဲ့ကြောင်း၊ ယင်းသို့ ရန်ပြုတိုက်ခိုက်ခဲ့ခြင်းကြောင့် စစ်သည်တွင် ဦးခေါင်း၊ ဝဲဘက်မျက်လုံးနှင့်မျက်ခုံးတို့တွင် ပေါက်ပြဲဒဏ်ရာများ၊ နားနှစ်ဖက်သွေးထွက်ဒဏ်ရာများရရှိကာ ဆေးရုံသို့အချိန်မီပို့ဆောင်သော်လည်း ရရှိဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်အား ရိုက်နှက်ထွက်ပြေးသွားသော ဆိုင်ကယ်အား ဖမ်းဆီးရမိရေး မြို့ဝင်/ထွက် လုံခြုံရေးဂိတ်များကို စစ်ဆေးဆောင်ရွက်စဉ် ကျောက်ပန်းတောင်းမြို့ ပြည်တော်သာရပ်ကွက် ကျောက်ပန်းတောင်း-ပုပ္ပားသွားကားလမ်း နဝရတ်ဘုန်းကြီးကျောင်းရှေ့၌ အရှိန်ပြင်းစွာ စီးနင်းလာသော ဆိုင်ကယ်တစ်စီးကိုတွေ့ရှိရာ တားဆီးသော်လည်း ရန်တန့်မှုမရှိဘဲ မောင်းနှင်ထွက်ပြေးခဲ့သဖြင့် အဓိကရုဏ်းလက်နက်ဖြင့် ခြောက်လှန့်ပစ်ခတ်ဖမ်းဆီးခဲ့ရာ စိစစ်ဆဲအမျိုးသားတစ်ဦးအား ဒဏ်ရာဖြင့် ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။ ဒဏ်ရာရသူ အမျိုးသားအား ကျောက်ပန်းတောင်းမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကာ လိုအပ်သည့် ဆေးဝါးကုသမှုများပြုလုပ်ပေးခဲ့သော်လည်း သေဆုံးသွားခဲ့ကြောင်းနှင့် သေဆုံးမှုနှင့်ပတ်သက်၍ သေမှုသေခင်းဖွင့်လှစ်စစ်ဆေးလျက်ရှိသည့်အပြင် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးမှုနှင့်ပတ်သက်၍ ဆက်စပ်တရားခံများ ဖော်ထုတ်ဖမ်းဆီးနိုင်ရေး သက်ဆိုင်ရာနယ်မြေရဲစခန်းတို့က ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ရန်ကုန်တိုင်းဒေသကြီးအတွင်း လမ်းမများပေါ်တွင် ပိတ်ဆို့ထားသည့် အတားအဆီးများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်း



**နေပြည်တော် မတ် ၂၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လမ်းမများပေါ်တွင် ဆူပူအကြမ်းဖက်ဆန္ဒပြ လူစုလူဝေးများက ပိတ်ဆို့ထားရှိသည့် အတားအဆီးများအား လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းသာယာရေးကို လိုလားကြသည့် ပြည်သူလူထုများ၏ တောင်းဆိုမှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများနှင့်ပူးပေါင်း၍ အတားအဆီးများအား ဖယ်ရှားရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်နှင့် အခြားမြို့နယ်များအတွင်းရှိ အများပြည်သူ၏ လမ်းပန်းဆက်သွယ် သွားလာမှုများကို ထိခိုက်စေရန်၊ မီးဘေးအန္တရာယ်ကာကွယ်ရေးဆောင်ရွက်မည့် မီးသတ်တပ်ဖွဲ့ယာဉ်များ သွားလာ၍မရစေရန်၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လုံခြုံရေးဆောင်ရွက်မှုများကို အနှောင့်အယှက်ဖြစ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် လမ်းမများပေါ်၌ တာယာကွင်းများ၊ သဲအိတ်များ၊ သစ်ကိုင်းများ၊ အုတ်ခဲကျိုးများ၊ သံချောင်းများ စသည့်ပစ္စည်းမျိုးစုံကို အသုံးပြုကာ လမ်းပိတ်ဆို့ထားရှိမှုများအား လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းသာယာရေးကို လိုလားကြသည့် ပြည်သူလူထုများ၏ တောင်းဆိုမှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ မိမိသဘောဆန္ဒဖြင့် ပူးပေါင်းပါဝင်လာကြသည့် ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ လမ်းမများပေါ်၌ ပိတ်ဆို့ထားသည့် အတားအဆီးများအား ယာဉ်/ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းခြင်းများ ဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး သန်းလှိုင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တောင်ဥက္ကလာပမြို့နယ်အတွင်း ဆူပူအကြမ်းဖက်မှုလုပ်ဆောင်ရာတွင် အသုံးပြုသည့် ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၁**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် ဇာဂလမ်း၌ ဆူပူအကြမ်းဖက်မှုများ ဆောင်ရွက်ရာတွင်အသုံးပြုသည့် ပစ္စည်းများ စုဆောင်းထားရှိကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေရာ ဇာဂလမ်း အမှတ်(၈၆၁)ရှိ လရောင်စံ(ဆိုင်-၂)၊ စာရေးကိရိယာဆိုင်အတွင်းမှ အရောင်းဝန်ထမ်း ဒေါ်နှင်းနန္ဒာ အသက် ၂၁ နှစ်နှင့်အတူ သတ္တု/ကော်တို့ဖြင့် ပြုလုပ်ထားသည့်လေးခွအလက် ၄၀၊ ဖန်ဂေါ်လီ အလုံး ၅၀၊ ကျောက်ဒိုး အလုံး ၃၀၊ မီးပုလင်း ၈၀၊ ဓာတ်ဆီ နှစ်ဂါလန် ပုံးတစ်ပုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ဆိုင်ပိုင်ရှင်ဖြစ်သူ ဒေါ်ညီညီထွေးမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

အလားတူ အဆိုပါလမ်းရှိ အမှတ်(၈၅၉/က)နေအိမ် အမှတ်(၈၉၆)နေအိမ်နှင့် ဇာဂ(၁၉)လမ်း၊ အမှတ်(၈၁၀)နေအိမ်တို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေရာ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဓားများ၊ ဗွီနိုင်းစများ၊ ဖျောက်အိုးစသည့်ပစ္စည်းများအား စစ်ဆေးတွေ့ရှိခဲ့ကြောင်းနှင့် အကြမ်းဖက်မှုများတွင် အသုံးပြုမည့်ပစ္စည်းများ လက်ဝယ်ထားရှိမှုအပေါ် လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်


ပါးစပ်နှင့်နှာခေါင်းစည်း (Mask)ကို
စနစ်တကျလုံခြုံစွာတပ်ဆင်ပါ
ချောင်းဆိုးခြင်းဖြင့် ရောဂါပိုးပါနိုင်သောအစက်အမှုန်ကြီးများ (Large Spray Droplets) သည် တစ်စက္ကန့်လျှင် (၃၃) ပေနှုန်းအရှိန်ဖြင့် အကွာအဝေး (၆) ပေခွဲကျော်အထိ ရောက်ရှိနိုင်ပါသည်။
နှာချေခြင်းဖြင့် ရောဂါပိုးပါနိုင်သောအစက်အမှုန်ကြီးများ (Large Spray Droplets) သည် တစ်စက္ကန့်လျှင် (၁၈၄) ပေနှုန်းအရှိန်ဖြင့် အကွာအဝေး (၁၉) ပေခွဲကျော်အထိ ရောက်ရှိနိုင်ပါသည်။
ရောဂါပိုးပါဝင်သောအစက်အမှုန်များထွက်ရှိခြင်း(သို့မဟုတ်) ဝင်ရောက်ခြင်း မရှိစေရန်
ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျ လုံခြုံစွာတပ်ဆင်ပါ။


နေ့စဉ်ဘဝမှာ ခပ်ခွာခွာနေပါ . . .
COVID-19 ကူးစက်ပျံ့နှံ့မှုကို ကာကွယ်ဖို့
လူအများနဲ့ထိတွေ့မှုကို ထက်နိုင်သမျှ လျှော့ချဖို့က အဓိက အကျဆုံးဖြစ်ပါတယ်။
(၅) ရက် ကြာသောအခါ . . .
ရက် (၃၀) ကြာပြီးနောက် . . .
ကူးစက်ခြင်း
၄၀၆
ကိုယ်ကာကွယ်ရန်အချက်များ
အိမ်မှာ
၂မီတာ (၆ပေ) အကွာ
ရှောင်ကြဉ်ပါ။
လူစုလူဝေး
ရှောင်ကြဉ်ပါ။
အားကစားလုပ်ပါ။
အိပ်ပါ။
စားပါ။
နှာခေါင်းစည်း
လျှော့ချပါ။
ကိုယ် ချင်း ခွာ နေ ပေး ဝပ်ပုံ နှလုံးသားချင်းနီးကာရယ် COVID-19 ကာကွယ်မယ်


ကိုရိုနာဗိုင်းရပ်စ်ရောဂါ(COVID-19) ကူးစက်မှုမှ ကာကွယ်ရန်
မပျက်မကွက်လုပ်ဆောင်ရမည့်အချက်များ
၆ပေ
အပြင်ထွက်တိုင်းပါးစပ်နှင့်
နှာခေါင်းစည်း (mask)ကို
စနစ်တကျ မပျက်မကွက်
တပ်ဆင်ပါ။
Facility


ကိုရိုနာဗိုင်းရပ်စ်ရောဂါ
(COVID-19)
ကာကွယ်ရေး
စနစ်တကျ လက်ဆေးပေး
ဖဝါး၊ ဖမိုး၊ လက်ခေါက်ချိုး၊ လက်ကြား၊ လက်မ၊ မကျန်စေရ
ကုတ်ချစ်ပါလကွယ် လက်ကောက်ဝတ်မှာ အဆုံးသတ်ပါ။
၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၁၀ ၁၁
အနည်းဆုံးစက္ကန့် (၂၀) ကြာအောင်ဆေးပါ။

# စတုဂတ်အသင်းကို လေးဂိုးပြတ်ဖြင့် ဘိုင်ယန်မြူးနစ်အသင်း အနိုင်ရ ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး လီဝန်ဒိုစကီး ဟက်ထရစ်ဂိုးသွင်းယူ

ဘိုင်ယန်မြူးနစ် အသင်းနဲ့ စတုဂတ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် ၂၆ မှာ ဘိုင်ယန်မြူးနစ်အသင်းက စတုဂတ်အသင်းကို လေးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပြီး အမှတ်ပေးဇယား ထိပ်ဆုံးမှာ ရမှတ် ၆၁ မှတ်နဲ့ ဆက်လက်ဦးဆောင်နိုင်ခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးများကို ပွဲကစားချိန် ၁၇ မိနစ်၊ ၂၃ မိနစ်နဲ့ ၃၉ မိနစ်တို့မှာ တိုက်စစ်မှူး လီဝန်ဒိုစကီးက ဟက်ထရစ်သွင်းယူပေးခဲ့ပြီး ပွဲကစားချိန် ၂၂ မိနစ်မှာ ဂျီနာဘရီက တစ်ဂိုးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းဟာ ပွဲကစားချိန် ၁၂ မိနစ်မှာ အယ်လ်ဖွန်ဆိုဒေးဗီးလ် တိုက်ရိုက်အနီကတ်နဲ့ ထုတ်ပယ်ခံခဲ့ရတဲ့ အချိန်ကတည်းက တစ်ယောက်လျော့ အနေအထားနဲ့ ကစားခဲ့ရတာဖြစ်ပေမယ့် လေးဂိုးပြတ်နဲ့ အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးသုံးဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ ပိုလန်တိုက်စစ်မှူး လီဝန်ဒိုစကီးဟာ အခုနှစ်ဘောလုံးရာသီမှာ ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ သွင်းဂိုးစုစုပေါင်း ၄၂ ဂိုးအထိ ရှိလာခဲ့ပြီဖြစ်ပါတယ်။



ဘိုင်ယန်မြူးနစ်အသင်းဟာ စတုဂတ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ဘွန်ဒက်လီဂါ အမှတ်ပေး ဇယား အဆင့် ၂ နေရာက လိုက်ပ်ဇစ်အသင်းကို ရမှတ်လေးမှတ်အထိဖြတ်ကာ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ဦးဆောင်ခွင့်ရရှိခဲ့ပါတယ်။

မတ် ၂၀ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အခြားသော ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ်တွေမှာတော့ ဖရန့်ဖက်အသင်းက ယူနီယံဘာလင်အသင်းကို ငါးဂိုး-နှစ်ဂိုး၊ ဝုလ်ဗက်အသင်းက ဝါဒါဘရီမင်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ မိုချန်ဂလာဘတ်ချ်အသင်းက ရှော်လ်ကေးအသင်းကို သုံးဂိုး-ဂိုးမရှိနဲ့ အသီးသီးအနိုင်ရရှိခဲ့ပြီး ကိုလုံအသင်းနဲ့ ဒေါ့မွန်အသင်းတို့ ပွဲစဉ်မှာတော့ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**



# မန်ယူအသင်းက နောက်ခံလူ လုခ်ရှောကို စာချုပ်သစ်ချုပ်ဆိုမည်

မန်ယူအသင်းဟာ နောက်တန်းကစားသမား လုခ်ရှောကို စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုဖို့ ပြင်ဆင်လျက်ရှိတယ်လို့ သိရပါတယ်။

အင်္ဂလန်နောက်တန်းကစားသမား လုခ်ရှောဟာ ပြီးခဲ့တဲ့ သီတင်းပတ်တွေအတွင်းက မန်ယူအသင်းနဲ့အတူ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့တာကြောင့် အင်္ဂလန်နိုင်ငံ လက်ရွေးစင်အသင်းက ဆန်မာရီနိုအသင်း၊ အယ်လ်ဘေးနီးယားအသင်း၊ ပိုလန်အသင်းတို့နဲ့ ယှဉ်ပြိုင်ကစားမယ့် ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲ ပွဲစဉ်တွေမှာ အသင်းနဲ့အတူ ပါဝင်လာဖို့ ခေါ်ယူခံခဲ့ရတာ ဖြစ်ပါတယ်။

နောက်တန်းကစားသမား လုခ်ရှောဟာ ၂၀၁၄ ခုနှစ် နွေရာသီ အပြောင်းအရွှေ့ကာလအတွင်းက ဆောက်သမ်တန်အသင်းကနေ မန်ယူအသင်းဆီကို ပြောင်းရွှေ့ကြေးပေါင် ၃၄ သန်းနဲ့ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး မန်ယူအသင်းနည်းပြ ဆိုးရှားကလည်း နောက်ခံလူ လုခ်ရှောကို စာချုပ်သစ်ချုပ်ဆိုသွားမယ်လို့ ဆိုပါတယ်။

**○ အဲဗာတန်မှ**

ထိပ်ဆုံးမှာ ဦးဆောင်နိုင်ခဲ့တာကြောင့် အခုနှစ်ဘောလုံးရာသီမှာ ပြည်တွင်းဖလားသုံးလုံးစလုံးကို မျှော်မှန်းနိုင်တဲ့အသင်းလည်း ဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ လာမယ့်ပရီမီယာလိဂ်ပွဲစဉ်အဖြစ် ဧပြီ ၃ ရက်မှာ လက်စတာစီးတီးအသင်းရဲ့ အိမ်ကွင်းကို သွားရောက်ကစားရမှာဖြစ်ပြီး အဲဗာတန်အသင်းကတော့ ဧပြီ ၅ ရက်မှာ ခရစ္စတယ်ပဲလေ့အသင်းကို အိမ်ကွင်းမှာ ဧည့်ခံကစားရမှာဖြစ်ပါတယ်။

# အင်တာမီလန်နဲ့ ချယ်လ်ဆီးတို့က မန်စီးတီးတိုက်စစ်မှူး အဂူရိုကို ခေါ်ယူရန် ပစ်မှတ်ထားနေ



အင်တာမီလန် အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ဟာ ယခုနှစ်နွေရာသီ အပြောင်းအရွှေ့ဈေးကွက်အတွင်းမှာ မန်စီးတီးအသင်းမှ အာဂျင်တီးနားတိုက်စစ်မှူး အဂူရိုကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။

မန်စီးတီးအသင်းရဲ့ ထိပ်တန်းဂိုးသွင်းရှင်ဖြစ်တဲ့ တိုက်စစ်မှူး အဂူရိုဟာ လက်ရှိစာချုပ်သက်တမ်းကုန်ဆုံးဖို့ နီးစပ်နေပြီဖြစ်တာမို့ ဆယ်စုနှစ်တစ်ခုကြာဖြတ်သန်းခဲ့ပြီးဖြစ်တဲ့ မန်စီးတီးအသင်းကနေ ထွက်ခွာဖို့ ရှိနေတယ်လို့ သိရပါတယ်။

အင်တာမီလန် အသင်းဟာ လက်ရှိမှာ တိုက်စစ်မှူး လူကာကူနဲ့ မာတီနက်ဇ်တို့ရဲ့ စွမ်းဆောင်ရည်နဲ့အတူ အီတလီစီးရီးအေ အမှတ်ပေးဇယား ထိပ်ဆုံးမှာ ရပ်တည်နိုင်ခဲ့တာ ဖြစ်ပေမယ့် တိုက်စစ်မှူး အဂူရိုကို ခေါ်ယူအားဖြည့်ဖို့ စီစဉ်နေတာ ဖြစ်ပါတယ်။

တိုက်စစ်မှူး အဂူရိုဟာ အခုနှစ်ဘောလုံးရာသီမှာ ဒဏ်ရာပြဿနာ ရရှိခြင်း၊ ဖျားနာခြင်းတို့ကြောင့် ပုံမှန်ပွဲထွက်ကစားခွင့် ရရှိဖို့ ရုန်းကန်နေရတာဖြစ်ပြီး ပြိုင်ပွဲအရပ်ရပ်မှာ ပွဲစဉ်ငါးပွဲသာ ပွဲထွက်ကစားခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူး အဂူရိုကို အင်တာမီလန်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့အပြင် ဘာစီလိုနာအသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ကလည်း ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။ ချယ်လ်ဆီးအသင်းကတော့ တိုက်စစ်မှူး အဂူရို အက်သလက်တီကို မက်ဒရစ်အသင်းမှာ ရှိနေစဉ်ကတည်းက ခေါ်ယူဖို့ စိတ်ဝင်စားနေတာ ဖြစ်ပါတယ်။



# ချယ်လ်ဆီးအသင်း အက်ဖ်အေဖလားဆီမီးဖိုင်နယ် တက်လှမ်း

ချယ်လ်ဆီးအသင်းနဲ့ ရှက်ဖီးလ်ယူနိုက်တက်အသင်းတို့ ယနေ့ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်ဖ်အေဖလားကွာတားဖိုင်နယ်အဆင့်ပွဲစဉ်မှာ ချယ်လ်ဆီးအသင်းက ရှက်ဖီးလ်ယူနိုက်တက်အသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိပြီး အက်ဖ်အေဖလားဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းနိုင်ခဲ့ပါတယ်။

ချယ်လ်ဆီးအသင်းဟာ ပွဲကစားချိန် ၂၄ မိနစ်မှာ ရှက်ဖီးလ်ယူနိုက်တက်အသင်းကစားသမား နော်ဝုဒ်ရဲ့ ကိုယ့်ဂိုးကိုယ် ပြန်သွင်းမိသလို ဖြစ်ခဲ့တဲ့သွင်းဂိုးကနေ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး ပွဲကစားချိန် မိနစ် ၉၀ မှာ ဇီယက်ချ်ရဲ့ သွင်းဂိုးထပ်မံရရှိခဲ့တာကြောင့် နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ အက်ဖ်အေဖလားကို ရှစ်ကြိမ်အထိ ရယူဆွတ်ခူးထားနိုင်ခဲ့တဲ့အသင်းဖြစ်ပြီး ပရီမီယာလိဂ်ပြိုင်ပွဲမှာလည်း အမှတ်ပေးဇယား အဆင့် ၄ နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းဟာ အက်ဖ်အေဖလားကွာတားဖိုင်နယ်အဆင့်မှာ ရှက်ဖီးလ်ယူနိုက်တက်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် နည်းပြတူချယ်လက်ထက်မှာ ပရီမီယာလိဂ်ပွဲစဉ် ၁၃ ပွဲအပါအဝင် ပြိုင်ပွဲအရပ်ရပ်မှာ ၁၄ ပွဲအထိ ရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့တာ ဖြစ်ပါတယ်။

ရှက်ဖီးလ်ယူနိုက်တက် အသင်းကတော့ ပရီမီယာလိဂ်ပြိုင်ပွဲမှာ ရလဒ်ပိုင်းဆိုးရွားခဲ့တာကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယားမှာ တန်းဆင်းဇုန်အတွင်းသို့ ရောက်ရှိနေတာဖြစ်တဲ့အပြင် အခုအက်ဖ်အေဖလားပြိုင်ပွဲမှာလည်း ချယ်လ်ဆီးအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပြိုင်ပွဲကနေ ထွက်ခဲ့ရပြီဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ ဧပြီ ၃ ရက်မှာ ပရီမီယာလိဂ်ပွဲစဉ်အဖြစ် ဝက်စ်ဘရွန်းအသင်းကို အိမ်ကွင်းစတမ်းဖို့ဒ်ဘရစ်ချ်မှာ ဧည့်ခံကစားရမှာဖြစ်ပြီး ရှက်ဖီးလ်ယူနိုက်တက်အသင်းကတော့ ဧပြီ ၃ ရက်မှာ ပရီမီယာလိဂ်ပွဲစဉ်အဖြစ် လိဒ်ယူနိုက်တက်အသင်းရဲ့ အိမ်ကွင်းသို့ သွားရောက်ကစားရမှာ ဖြစ်ပါတယ်။

# COVID–19 ကာကွယ်ဆေးနှင့်ပတ်သက်သော မေးခွန်းနှင့် အဖြေများ(အပိုင်း–၂)

(၁) **မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မည်ကဲ့သို့စတင်ထိုးနှံပေးမှာလဲ**

- ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဦးစားပေးလူအုပ်စုအလိုက် ထိုးနှံပေးသွားပါမည်။ ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဧပြီ/တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ပထမအသုတ်အနေနဲ့ စတင်ထိုးနှံပေးမည်ဖြစ်ပြီး၊ ကျန်လူအုပ်စုများကိုလည်း ကာကွယ်ဆေးရရှိမှုအပေါ် မူတည်၍ ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါသည်။

(၂) **ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ စသည့် နာတာရှည်ရောဂါ အခံရှိသောသူများနှင့် ယင်းရောဂါများအတွက် သက်ဆိုင်ရာဆေးဝါးများသောက်သုံးနေရသောသူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးလို့ရပါသလား**

- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရန်လိုအပ်ပါသည်။ ဤကဲ့သို့ရောဂါအခံရှိနေသောသူများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရလျှင် အသက်အန္တရာယ်စိုးရိမ်ရလောက်ကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးသင့်သောသူများ ဖြစ်ပါသည်။

(၃) **ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်သူတွေမထိုးနှံသင့်ဘူးလဲ**

- ကိုဗစ်-၁၉ ရောဂါ အတည်ပြုခြင်းခံထားရသူလူနာများ၊ သံသယလူနာများနှင့် ရောဂါလက္ခဏာ သက်သာပျောက်ကင်းသွားပြီး (၁၄)ရက် မကျော်သေးသောသူများ၊
  ကိုဗစ်-၁၉ သံသယလက္ခဏာ (ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း... စသည်တို့) ရှိသောသူများ၊
- နို့တိုက်မိခင်နှင့် ကိုယ်ဝန်ဆောင်များနှင့်
- အသက် (၁၈)နှစ်အောက် လူနာများကိုတို့ ကိုဗစ်-၁၉ ကာကွယ်ဆေး မထိုးနှံသင့်ပါ။
  (ကိုယ်အင်္ဂါအစားထိုး (organ transplant) ခွဲစိတ်ကုသမှုခံယူထားသူများ၊ ခုခံအားကျရောဂါရှိနေသူများနှင့် ခုခံအားကျဆင်းစေသည့်ဆေးဝါးတစ်ခုခုသုံးစွဲနေရသူများ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းခံယူရန် သင့်/မသင့်ကို သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ကြိုတင်၍ တိုင်ပင်ပါ။)

(၄) **ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်နှကြိမ် ထိုးနှံရမှာပါသလဲ**

ကိုဗစ်-၁၉ကာကွယ်ဆေးအမျိုးအစားအပေါ်တွင်မူတည်ပါသည်။
မြန်မာနိုင်ငံတွင် ထိုးနှံမည့် COVISHIELD ကာကွယ်ဆေးကို(၂)ကြိမ် ထိုးနှံရမှာဖြစ်ပါသည်။ ယေဘုယျအားဖြင့် ပထမအကြိမ် ထိုးနှံပြီးနောက် ရက်သတ္တပတ် (၄)ပတ်ခြားပြီး ဒုတိယအကြိမ် ထပ်မံ ထိုးနှံရမှာဖြစ်ပါသည်။

(၅) **ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမတစ်ကြိမ်မှာ ကာကွယ်ဆေးတစ်မျိုးထိုးထားပြီး ဒုတိယတစ်ကြိမ်မှာ အခြားဆေးအမျိုးအစားကို ထိုးနှံလို့ရနိုင်ပါသလား**

ယခုအချိန်အထိလေ့လာတွေ့ရှိချက်များအရ - အခြားဆေးအမျိုးအစားကိုထိုးနှံ၍ မရပါ။ ပထမအကြိမ်တွင် ထိုးနှံထားသော ကာကွယ်ဆေးအမျိုးအစားနှင့်တူညီသော ကာကွယ်ဆေးကို ဒုတိယအကြိမ်ထပ်မံထိုးနှံမှသာ ထိရောက်လုံလောက်သောကိုယ်ခံစွမ်းအား ရရှိမည် ဖြစ်ပါသည်။

(၆) **မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ယာယီခွင့်ပြုထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးတွေက ဘာတွေပါသလဲ**

မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး (၁)မျိုးဖြစ်သည့် COVISHIELD/ Astrazeneca ကာကွယ်ဆေးကို ယာယီအနေဖြင့် ခွင့်ပြုထားပါသည်။ ဤကာကွယ်ဆေးကို အသက် (၁၈)နှစ်နှင့်အထက် လူကြီးများအတွက်သာ အသုံးပြုခွင့်ပြုပေးထားပါသည်။

(နောက်ထပ်ခွင့်ပြုချက်ရရှိသော ကာကွယ်ဆေးများကိုလည်း ဆက်လက်ဖော်ပြပေးသွားပါမည်။)

(၇) **COVISHIELD ကာကွယ်ဆေးထိုးနှံပြီးလျှင် မည်ကဲ့သို့သော သာမန်လက္ခဏာများ ပြတတ်ပါသလဲ**

(က) **COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးထက်ပို၍ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- ဆေးထိုးသည့်နေရာတွင် နာခြင်း၊ နီခြင်း၊ ယားခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊
- ပင်ပန်းနွမ်းနယ်ခြင်း၊ မအီမသာဖြစ်ခြင်း၊

(ခ) **COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- ဆေးထိုးသည့်နေရာတွင် အကျိတ်ပေါ်ဖြစ်ခြင်း၊
- ဖျားခြင်း၊
- အန်ခြင်း၊
- ရာသီတုပ်ကွေးရောဂါကဲ့သို့ သာမန်လက္ခဏာများ (ဖျားခြင်း၊ အာသီးရောင်ခြင်း၊ နှာစေး/ချောင်းဆိုးခြင်း၊ ချမ်းတုန်ခြင်း...စသည်) တို့ ပြတတ်ပါသည်။

(ဂ) **COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- မူးဝေခြင်း၊
- ယားယံခြင်း၊
- ချွေးထွက်လွန်ခြင်း၊
- အစားအသောက်ပျက်ခြင်း၊ ဗိုက်အောင့်ခြင်း၊
- ပြန်ရည်ကျိတ်များကြီးခြင်း တို့ဖြစ်နိုင်ပါသည်။

**ကာကွယ်ဆေးနှင့် ဓာတ်မတည့်မှု ရှိ/မရှိနှင့် ပြင်းထန်သည့်ဘေးထွက်ဆိုးကျိုးများ ရှိ/မရှိ သေချာစေရန် ဆေးထိုးပြီးပါက စောင့်ဆိုင်းသည့် နေရာတွင် "မိနစ်(၃၀)ခန့်" စောင့်ဆိုင်းရန် အရေးကြီးပါသည်။**
**ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ကာကွယ်ဆေးထိုးနှံခြင်းမှတ်တမ်း (ကာကွယ်ဆေးထိုးကတ်)ကို မပျောက်မပျက်စေရန် ဂရုတစိုက်သိမ်းဆည်းထား၍ နောက်တစ်ကြိမ်ကာကွယ်ဆေးထိုးနှံမှု ခံယူရန် လာရောက်သည့်အခါတွင် မပျက်မကွက်ယူဆောင်လာရန်လိုအပ်ပါသည်။**

**မှတ်ချက်။** ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် နည်းပညာအသစ်ဖြင့် အချိန်တိုအတွင်း ထုတ်လုပ်ထားသော ကာကွယ်ဆေးအသစ်များဖြစ်၍ ယခုအချိန်၌သိရှိထားသော သတင်းအချက်အလက်များသည် ပြောင်းလဲမှုများရှိလာနိုင်ပါသည်။ သတင်းအချက်အလက်အသစ်များ ထပ်မံ သိရှိရပါက ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

Reference: Serum Institute of India (SII). Fact sheet for vaccine recipient approved for restricted use in emergency situation of ChAdOx1 nCoV- 19 Coronavirus Vaccine (Recombinant), COVISHIELD, in prevention of (covid-19) disease in individuals 18 years of age and older. (Revised: 01 January 2021).
Available at: https://www.seruminstitute.com/product_covishield.php

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# (၂၆) ကြိမ်မြောက် အောင်ဘာလေ ထီဖွင့်ပွဲကို ၁-၄-၂၀၂၂ ရက်နေ့အစား ၁-၅-၂၀၂၂ ရက်နေ့သို့ ပြောင်းလဲဖွင့်လှစ်သွားမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**
**ကြေညာချက်အမှတ် ( ၆ / ၂၀၂၂ )**
နေပြည်တော် ၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်
( ၂၀၂၂ ခုနှစ်၊ မတ်လ ၂၂ ရက် )

၁။ (၂၆)ကြိမ်မြောက် အောင်ဘာလေထီလက်မှတ်များကို ပုံမှန်အတိုင်း ၂၀၂၂ ခုနှစ်၊ မတ်လ(၁)ရက်နေ့မှ စတင်ရောင်းချသွားပြီး ထီဖွင့်ပွဲကို ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ၂၄ - ၂ - ၂၀၂၂ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် အသိပေးကြေညာခဲ့ပါသည်။

၂။ သို့ရာတွင် ထီကံစမ်းသူပြည်သူများ၊ ထီလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ၏ အခက်အခဲများကို အဆင်ပြေစေရန်ရည်ရွယ်၍ (၂၆)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲကို ထီလက်မှတ်များတွင် ဖော်ပြထားသော ၁-၄-၂၀၂၂ ရက်နေ့အစား ၁-၅-၂၀၂၂ ရက်နေ့သို့ ပြောင်းလဲဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

# သဖန်းဆိပ်ဆည်ရေဖြင့် ရွှေဘိုခရိုင် သုံးမြို့နယ်ရှိ စိုက်ပျိုးပြီး နွေသီးနှံဧက ၂၀၀၀၀ ကျော် ရေပေးဝေ

ရွှေဘို မတ် ၂၁

**စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်သုံးခုတွင် စိုက်ပျိုးပြီး နွေသီးနှံဧက ၂၀၀၀၀ ကျော်ကို သဖန်းဆိပ်ဆည်ရေဖြင့် ရေပေးဝေလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ကြည်ဝင်းထံမှ သိရသည်။**

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❖



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၃/၂၀၂၂)ကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မတ် ၂၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ(၃/၂၀၂၂)ကို မတ် ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ယင်းသတင်းစာရှင်းလင်းပွဲ ပြုလုပ်မှုကို မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ MITV နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(LIVE)ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ကြေးမုံ ယနေ့ ဖတ်စရာ

ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူဦးရေ ၂ ဒသမ ၇ သန်းကျော်ရှိ

စာမျက်နှာ » ၁၁

အမြန်ဆုံး အမှန်ပြင်နိုင်ဖို့ ပြည်သူအချင်းချင်း ထိန်းကြစို့

စာမျက်နှာ » ၁၅

# အဲဗာတန်ကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တဲ့ မန်စီးတီးအသင်း အက်ဖ်အေဖလားဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်း

အဲဗာတန်အသင်းနဲ့ မန်စီးတီးအသင်းတို့ မတ် ၂၀ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်ဖ်အေဖလားကွာတားဖိုင်နယ်အဆင့်ပွဲစဉ်မှာ မန်စီးတီးအသင်းက အဲဗာတန်အသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် အက်ဖ်အေဖလားဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းနိုင်ခဲ့ပြီဖြစ်ပါတယ်။

အဲဗာတန်အသင်းနဲ့ မန်စီးတီးအသင်းတို့ရဲ့ အက်ဖ်အေဖလားကွာတားဖိုင်နယ်မှာ မန်စီးတီးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲကစားချိန် ၈၄ မိနစ်မှာ ဂန်ဒိုဂန်က တစ်ဂိုးနဲ့ ပွဲကစားချိန်မိနစ် ၉၀ မှာ ကီဗင်ဒီဘရိုင်းက တစ်ဂိုးတို့ အသီးသီးသွင်းယူပေးခဲ့ပြီး မန်စီးတီးကစားသမား ဂန်ဒိုဂန်ဟာ အခုနှစ်ဘောလုံးရာသီမှာ ပြိုင်ပွဲအရပ်ရပ် သွင်းဂိုးစုစုပေါင်း ၁၆ ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီဖြစ်ပါတယ်။

မန်စီးတီးအသင်းအနေနဲ့ အခုပွဲစဉ်မှာ အနိုင်ရရှိခဲ့တာကြောင့် ပြိုင်ပွဲအရပ်ရပ် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ် ၂၆ ပွဲမှာ ၂၅ ပွဲအထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့တဲ့မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့တာ ဖြစ်ပါတယ်။ အဲဗာတန်အသင်းကတော့ မန်စီးတီးအသင်းနဲ့ ထိပ်တိုက်တွေ့ဆုံခဲ့တဲ့ ပြိုင်ပွဲအရပ်ရပ်နောက်ဆုံး ခုနစ်ပွဲမှာ ခုနစ်ပွဲစလုံးရှုံးနိမ့်ခဲ့တဲ့ မှတ်တမ်းဆိုးတစ်ရပ်ရရှိခဲ့တာ ဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ အက်ဖ်အေဖလားပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်အဆင့် တက်လှမ်းနိုင်ခဲ့တဲ့အပြင် ကာရာဘောင်ဖလားပြိုင်ပွဲမှာလည်း နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒါ့အပြင် မန်စီးတီးအသင်းဟာ ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ အမှတ်ပေးဇယားမှာ ဒုတိယနေရာက မန်ယူအသင်းကို ၁၄ မှတ်အထိ ဖြတ်ကာ

**စာမျက်နှာ ၂၉ ကော်လံ ၁ သို့ ❍**

